မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၁၄)

Established in 1914

Myanma Alinn Daily

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်

၂၀၁၂ ခုနှစ်၊ မေ ၇ ရက်၊ အင်္ဂါနေ့။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၆-၅-၂၀၁၂

ကျိုက္ခမီမြို့	၃ ဒသမ ၆၂ လက်မ
ပင်လောင်းမြို့	၂ ဒသမ ၆၄ လက်မ
မုဒုံမြို့	၂ ဒသမ ၁၇ လက်မ
ဘော်လခဲမြို့	၁ ဒသမ ၅၀ လက်မ

တိမ် အသင့်အတင့်

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

အနာဂတ်မှာငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်တဲ့ လူ့အဖွဲ့အစည်းပေါ်ပေါက်လာရေး ရှေးရှုလုပ်ဆောင်

ရခိုင်ပြည်နယ် ပဋိပက္ခများ စုံစမ်းစစ်ဆေးရေးကော်မရှင်အစီရင်ခံစာနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြောကြားသည့်မိန့်ခွန်း

(၆-၅-၂၀၁၂)

ယနေ့ မြန်မာနိုင်ငံနဲ့ မြန်မာ့လူ့အဖွဲ့အစည်းအတွက် ကျွန်တော်တို့ အစိုးရအနေနဲ့ ကြိုးပမ်းဆောင်ရွက်နေတဲ့ အသွင်ကူးပြောင်းရေး ဖြစ်စဉ်များဟာ လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာခဲ့တဲ့ လက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့မယ့် ငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်၊ စစ်အုပ်ချုပ်ရေးစနစ်မှ ဒီမိုကရေစီစနစ် အခြေပြုအုပ်ချုပ်ရေးစနစ်သို့ ကူးပြောင်းမှုဖြစ်စဉ်နဲ့ ဗဟိုချုပ်ကိုင်သော စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးရှင်သန်တဲ့ ခေတ်မီ အမျိုးသားစီးပွားပုံစံချတည်ဆောက်မှုဖြစ်စဉ်တွေကို ဖော်ဆောင်လျက်ရှိတဲ့ သုံးပွင့်ဆိုင်အပြိုင် အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူလူထု တစ်ရပ်လုံးအနေနဲ့ အခုလို ကြီးမားတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေနဲ့ ပြည့်နှက်နေတဲ့ အပြောင်းအလဲတွေကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ကြမယ်ဆိုရင် နိုင်ငံသားတစ်ဦးချင်းစီရဲ့ မျှော်လင့်ချက်များ ရှင်သန်နိုင်တဲ့ ပွင့်လင်းလွတ်လပ်တဲ့

လူမှုရေးသဟဇာတဖြစ်မှု တည်ဆောက်ရေးနဲ့ ရခိုင်ပြည်နယ် လူမှုစီးပွားဘ၀ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရေရှည်အစီအမံများနဲ့ ဟန်ချက်ညီညီ အကောင်အထည်ဖော်သွားမှာ ဖြစ်။

စာမျက်နှာ ၃ ကော်လံ ၁

ပင်းချောင်းတံတားသစ် မကြာမီဖွင့်လှစ်နိုင်တော့မည်

သွားလာရေးအဆင်ပြေပြီး ကုန်စည်စီးဆင်းမှုကို လွယ်ကူမြန်ဆန်စေမည့် ရန်ကုန်-ပြည်-မန္တလေးကားလမ်းပေါ်ရှိ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့အတွက် ပင်းချောင်း တံတားသစ်ကြီး။

ရေနံချောင်း မေ ၆

ရေနံချောင်းမြို့အနီး ပင်းချောင်းကိုဖြတ်သန်း၍ ယခင် ဘေလီတံတားဟောင်းနှင့်ယှဉ်၍ ကွန်ကရစ်တံတားသစ်တစ်စင်းကို ဆောက်လုပ်လျက်ရှိရာ ယခုအခါ ပြီးစီးသွားပြီဖြစ်၍ မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးတွင် ချောင်းများ မြောက်မြားစွာရှိသည့်အနက် ယင်းချောင်း၊ ဒေါင်းနေချောင်းနှင့် ပင်းချောင်းတို့မှာ အကျယ်ဆုံးနှင့် အကြီးဆုံးချောင်းကြီးသုံးချောင်းဖြစ်သည်။ မိုးတွင်းကာလတွင် ထိုချောင်းကြီးများထဲတွင် ချောင်းရေကျပါက ခရီးသည်ကားများ၊ ကုန်ကားများ၊ ကိုယ်ပိုင်ကားများမှာ ချောင်းရေကျသည်အထိ နှစ်ည၊ သုံးညစောင့်အိပ်ကြရသည်။ ထို့အပြင် အတင့်ရဲ၍ ကားများချောင်းရေထဲဖြတ်မောင်းပါက ချောင်းသဲနစ်၍ လူအင်အား၊ နွားလှည်းများဖြင့် ဆွဲယူရသည်အထိ ဒုက္ခရောက်ကြသည်။ တစ်ခါတစ်ရံ ချောင်းရေဖြင့် ကားများ ရေထဲမျောပါပြီး လူ့အသက်ပါ ဆုံးရှုံးခဲ့ကြရသည်။ ထိုချောင်းကြီးသုံးချောင်း၏ ချောင်းရေဒဏ်ကို နှစ်ပေါင်းများစွာ ခံစားခဲ့ကြရသည်။ ချောင်းရေကြောင့် ကားသမားများ ဒုက္ခရောက်ကြသည်။ ခရီးသည်များ စားရေးသောက်ရေး ဆင်းရဲဒုက္ခရောက်ခဲ့ကြသည်။ ထိုချောင်းကြီးများ၏ ဘေးဒုက္ခဆိုးကြီးများကို ခေတ်မီတံတားကြီးများ ဆောက်လုပ်ကျော်လွှားနိုင်ခဲ့သဖြင့် ကားသမားများနှင့် ခရီးသွားများမှာ စိတ်ချမ်းသာခဲ့ကြရသည်။

မကွေးတိုင်းဒေသကြီးအတွင်း မကွေး-တောင်တွင်းကြီးကားလမ်းရှိ ယင်းချောင်းတံတားနှင့် မကွေး-ရေနံချောင်းကားလမ်းပေါ်ရှိ ဒေါင်းနေချောင်းတံတားတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ခေတ်မီတံတားသစ်ကြီးများဆောက်လုပ်ပေးခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ရေအကျိုး ဝိုင်းဝန်းသယ်ပိုး

လူသားအားလုံးအတွက် အရေးကြီးဆုံး၊ အလိုအပ်ဆုံးအရာသည် သန့်ရှင်းသော သောက်သုံးရေဖြစ်သည်။ လူတိုင်းသည် ရေကိုမရှိမဖြစ် သုံးစွဲနေကြရသည်။ သုံးစွဲသောရေများအနက် သောက်သုံးရေ၊ချက်ပြုတ်ရန်ရေ၊ ချိုးရန်ရေတို့သည် သန့်ရှင်းသော ရေဖြစ်ရန် လိုအပ်ပေသည်။ ကျန်းမာရေးနှင့်ညီညွတ်သော ရေဖြစ်မှသာလျှင် သုံးစွဲသူတို့အတွက် ရောဂါဘယကင်းရှင်းမည်ဖြစ်သည်။

သန့်ရှင်းသော သောက်သုံးရေမရရှိမှု၊ ရေလုံလောက်စွာ မရရှိမှုများနှင့် ဆက်နွယ်လျက်ရှိသော ရောဂါများကြောင့် ကမ္ဘာပေါ်တွင် နေ့စဉ်လူပေါင်း ၁၄၀၀၀ခန့် အသက်ဆုံးရှုံးလျက်ရှိကြသည်။ ၎င်းတို့အနက် ၁၁၀၀၀ခန့်သည် အသက်ငါးနှစ်အောက် ကလေးများဖြစ်ကြပြီး သောက်သုံးရေ မသန့်ရှင်းမှုကြောင့်ဖြစ်တတ်သော ဝမ်းရောဂါသည် ကလေးငယ်များ သေဆုံးမှုတွင် အဓိကကျသည့် ပြဿနာဖြစ်သည်ဟု သိရှိရသည်။

သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ယခုကဲ့သို့ ပူပြင်းသောရာသီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့်လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ရေအရင်းအမြစ်အသုံးချရေး အစီအစဉ်ဖြင့်လည်းကောင်း၊ JICA အဖွဲ့အစီအစဉ်ဖြင့်လည်းကောင်း စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိသည်။ အပူပိုင်းဒေသဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးများတွင် စက်ရေတွင်းများတူးဖော်ပေးခဲ့ရာ တွင်းတိမ် ၆၀၉၉တွင်း၊ တွင်းနက် ၄၇၈၀တွင်း တူးဖော်ပေးခဲ့သည်။ ရေရှားပါးသည့် အခြားသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင်လည်း သန့်ရှင်းသော သောက်သုံးရေရရှိရန် ဆောင်ရွက်လျက်ရှိသည်။ တိုးတက်လာသော လူဦးရေအရ ရေလိုအပ်ချက်သည်လည်း နှစ်စဉ်တိုးတက်၍ လိုအပ်လျက်ရှိရာ နိုင်ငံတော်ဘတ်ဂျက်ဖြင့် မဆောင်ရွက်နိုင်သော ရေရရှိရေးလုပ်ငန်းများကို နိုင်ငံတကာ အကူအညီ၊ ချေးငွေဖြင့်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၁-၂၀၁၂မှ ၂၀၃၀- ၂၀၃၁နှစ်အထိအမျိုးသားဘက်စုံဖွံ့ဖြိုးရေးတိုးတက်မှုစီမံကိန်းတွင် နိုင်ငံတကာအကူအညီဖြင့်ဆောင်ရွက်ရန် ရေရရှိရေး လုပ်ငန်းပေါင်း ၃၆၀၇ ခု လျာထားပြီးဖြစ်သည်။

ရေခက်ခဲသောဒေသရှိ ပြည်သူတို့သည် ရေရရှိရေးအတွက် ဝေးကွာသည့်နေရာများတွင် သွားရောက်သယ်ယူကြရသဖြင့် အချိန်နှင့်လုပ်အားများဆုံးရှုံးခဲ့သည်။ လူမှုဒုက္ခများကိုလည်း ခံစားကြရသဖြင့် ရေရှားသောဒေသရှိ ပြည်သူများအတွက် နိုင်ငံတော် အစိုးရကသာမက စေတနာရှင်အလှူရှင်များကလည်း တစ်တပ်တစ်အား ဝိုင်းဝန်းပါဝင်ကူညီပေးလျက်ရှိသည်။ အလှူရှင်များ၏ လှူဒါန်းငွေများကို အလှူရှင်များ၏ဆန္ဒအရ လှူလိုသည့်ဒေသ၊မြို့၊ ကျေးရွာများတွင် ဆောင်ရွက်ပေးလျက်ရှိသည်။

ရေသည် လူ၏အသက်ဖြစ်သောကြောင့် ရေခက်ခဲသည့်ဒေသများရှိ ပြည်သူများအား စာနာထောက်ထားပြီး ရေ၏တန်ဖိုးကိုသိရှိရန်၊ ရေဖြုန်းတီးမှုမပြုမိကြရန်နှင့် ပြည်သူများ သဒ္ဓါထက်သန်စွာနှင့် ဝိုင်းဝန်းပါဝင်ကူညီဒါနပြုကြပါက ရေခက်ခဲသည့်ဒေသမှ ပြည်သူများက ဝမ်းသာပီတိနှင့် သာဓုခေါ်နေမည်ဖြစ်ပါကြောင်း။ ။

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ။

စင်ကာပူ May 15, 18
ကမ္ဘောဒီးယား May 15, 18
ဟောင်ကောင် မကာအို၊ ကွမ်ကျိုး May 16, 19
ကမ္ဘောဒီးယား ဗီယက်နမ် May 15, 18
ဗီယက်နမ် May 15, 18
First Choice Travel & Tour
09-4210 69966, 09-517 1301, 09-730 59081

ပြည်တွင်းသတင်း

ရှမ်းပြည်နယ်ဝန်ကြီးချုပ် မူဆယ်၌ အဝေးပြေးယာဉ်ရပ်နားစခန်းဆောက်လုပ်မှု ကြည့်ရှု

မူဆယ် မေ ၆

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ လိုက်ပါလာလျက် မေ ၄ ရက် မွန်းလွဲ ၂ နာရီခွဲက တောင်ကြီးမှ မူဆယ်မြို့သို့ရောက်ရှိလာပြီး မူဆယ်မြို့ ဗဟိုစီးပွားရေးဇုန်စီမံကိန်းသို့ သွားရောက်ကြည့်ရှုသည်။

ရှင်းလင်း

အဆိုပါ ဗဟိုစီးပွားရေးဇုန်စီမံကိန်းကို နယူးစတားလိုက်ကုမ္ပဏီမှ ငွေကျပ်သန်းပေါင်း ငါးသောင်းကျော် ရင်းနှီးမြှုပ်နှံလျက် ၁၀-၁၀-၂၀၁၂ ရက်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ခြောက်လတာကာလအတွင်း မြေယာပြုပြင်ခြင်းလုပ်ငန်း ၆၀ရာခိုင်နှုန်း ပြီးစီးမှုအခြေအနေကို သက်ဆိုင်ရာကုမ္ပဏီတာဝန်ရှိသူမှ ရှင်းလင်းတင်ပြသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညနေ ၃နာရီတွင် ဟိုမွန်မြို့ကွက်သစ်၌ အဆင့်မြင့် အဝေးပြေးယာဉ်ရပ်နားစခန်းဆောက်လုပ်ခြင်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါ ခေတ်မီအဝေးပြေးယာဉ်ရပ်နားစခန်းသည် ၁၄ဧကခန့်ရှိသော ကွက်သစ်ပေါ်တွင် ၁၄-၁၁- ၂၀၁၂ ရက်မှ စတင်အကောင်အထည်ဖော်တည်ဆောက်နေခြင်းဖြစ်ပြီး မူဆယ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့နှင့် ပုဂ္ဂလိက သိန်းသန်းချိဆောက်လုပ်ရေးကုမ္ပဏီတို့ပူးပေါင်း၍ ကျပ်သိန်းပေါင်း ၁၂၅၅၈၅ ရင်းနှီးမြှုပ်နှံပြီး လုပ်ငန်း ဖော်ဆောင်လျက်ရှိရာ ခြောက်လတာကာလအတွင်း စီမံကိန်း၏ ၃၅ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အဆင့်မြင့်အိမ်ရာနှင့် အဆင့်မြင့် အဝေးပြေးယာဉ်ရပ်နားစခန်း ဆောက်လုပ်ရာတွင် လျှပ်စစ်မီး၊ ရေပေးဝေနိုင်မှုနှင့်မိလ္လာစနစ် ကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေး၊ လုံခြုံမှုစနစ်ကောင်းမွန်ရေး၊ အဆောက်အအုံများ သတ်မှတ်စံချိန်စံညွှန်း ကိုက်ညီစေရေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

အယ်လ်စိုး(Iprd)

ရပ်ကွက်ဓမ္မာရုံသစ်ကြီးလွှဲပြောင်းပေးအပ်ပွဲ ဇမ္ဗူသီရိမြို့နယ်၌ကျင်းပ

နေပြည်တော် မေ ၆

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်၌ အသစ်ဆောက်လုပ်ပြီးစီးသွားသည့် ဓမ္မာရုံကြီးတွင် ပူဇော်မည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ခြင်းနှင့် ရပ်ကွက်ဓမ္မာရုံသစ်ကြီး လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မေ ၅ ရက်နံနက်ပိုင်းက အဆိုပါဓမ္မာရုံ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးကံချွန်၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူး ဦးသန်းကျော်ထူး၊ ကော်မတီဝင် ဦးသန်းဦးနှင့် ဌာနမှူးများ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းမိသားစုများ၊ ဓမ္မာရုံထိန်းသိမ်းရေးအဖွဲ့ဝင်များ၊ မြတ်ပါရမီလူမှုကူညီရေးအသင်း ဥက္ကဋ္ဌနှင့်အသင်းဝင်များ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။ **(ယာပုံ)**

ရှေးဦးစွာ ရွှေနံ့သာရပ်ကွက် ရွှေမြိုင်စံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဗလ အမှူးပြုသော သံဃာတော်များက ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ဗုဒ္ဓါဘိသေက နေကဇာတင် ပူဇော်ကြသည်။

ထို့နောက် ရွှေမြိုင်စံကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တပညာဗလထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အသစ်ဆောက်လုပ်ပြီးစီးခဲ့သော ရပ်ကွက်ဓမ္မာရုံသစ်ကြီးနှင့် သက်ဆိုင်သော စာရွက် စာတမ်းများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးသန်းဦးက လွှဲပြောင်းပေးအပ်ရာ ဝဏ္ဏသိဒ္ဓိရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးကိုက လက်ခံယူသည်။

ယခု ဆောက်လုပ်ပြီးစီးသည့် အလျား ၇၂ ပေ၊ အနံ ပေ ၃၀ ရှိ တစ်ထပ်အဆောက်အအုံကို နေပြည်တော်စည်ပင်သာယာရေး ကော်မတီအစီအစဉ်ဖြင့် ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ ဓမ္မာရုံသစ်ကြီးတည်ဆောက်ပေးခဲ့သဖြင့် ဝဏ္ဏသိဒ္ဓိရပ်ကွက်အတွင်းရှိ ဝန်ထမ်းမိသားစုများအနေဖြင့် ဓမ္မာရုံသစ်ကြီးတွင် ဥပုသ်သီလဆောက်တည်ခြင်း၊ တရားပွဲများကျင်းပခြင်း၊ နေ့ကြီးရက်ကြီးများတွင် ဘာသာရေးအခမ်းအနားများကျင်းပခြင်း၊ အလှူဒါနပြုလုပ်ခြင်း၊ ကလေးသူငယ်များအတွက် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်ခြင်းနှင့် သာရေးနာရေးဆိုင်ရာ ကိစ္စများကို စိတ်ချမ်းမြေ့စွာ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်းနှင့် ဓမ္မာရုံသစ်ကြီးအတွက် ရပ်ကွက်နေမိသားစုများက ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ အလှူငွေနှင့် ပစ္စည်းများလှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

သနပ်ပင်မြို့လယ် ကမ်းနံဘေးက အမှိုက်ပုံကြီးများ

ထင်သာမြင်သာပြုပြင်စရာ

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့ အရှေ့မှအနောက်သို့ ဖြတ်သန်းစီးဆင်းနေသည့် ပဲခူး-စစ်တောင်းတူးမြောင်းကြီးသည် ဒေသခံပြည်သူများအတွက် အဓိက အားထားရာတူးမြောင်းကြီးဖြစ်သည်။ မိုးရာသီဆိုလျှင် ကျေးရွာ ၄၀ ကျော်မှ ပြည်သူများသည် ပဲခူး-စစ်တောင်းတူးမြောင်းမှတစ်ဆင့် မိမိလိုရာခရီးပန်းတိုင်ကို ရောက်ရှိရန် အဓိက အခြေခံရေလမ်းခရီးအစဖြစ်ပြီး ရေချိုငါးမျိုးစုံ ရှာဖွေပေးရာ နွေစပါးစိုက်ဧက ၂၈၀၀၀ ကျော် ရေရရှိရန်နှင့် နွေအခါ သုံးရေကန်များ ရေခန်းခြောက်ပါက ရေပြန်ဖြည့်ပေးရာ အဓိကကျသည့် ပဲခူး-စစ်တောင်းတူးမြောင်းဒေသအခေါ် သနပ်ပင်ချောင်းကြီးဖြစ်သည်။

ယခုအခါ တူးမြောင်းဘေးမှ လူနေအိမ်များနှင့် အချို့သော စည်ပင်သာယာဈေးဆိုင်များ၏ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများကြောင့် တံတားအောက်နားတွင် ချောင်းရေတစ်ဝက်နီးပါးနှင့် ကမ်းနားတစ်လျှောက်တွင် အမှိုက်များသည် မြင်မကောင်းအောင်ဖြစ်နေခဲ့သည်။ ယင်းအမှိုက်ပုံများကြောင့် မီးဘေးအန္တရာယ် စိုးရိမ်ရပြီး ချောင်းရေလည်း မသန့်ရှင်းတော့ပေ။ ချောင်းကြမ်းပြင် မြင့်တက်လာပြီး ချောင်းကောမှုကြောင့် ၂၀၁၂ ခုနှစ် မိုးရာသီတွင် ရက်ပေါင်းများစွာ ရေကြီးမှုကို တွေ့ကြုံခံစားခဲ့ရပြီးဖြစ်သည့်အပြင် မြို့အလယ်တွင် တည်ရှိသော ချောင်းကမ်းနံဘေးက အမှိုက်ပုံကြီးသည် မြို့၏သာယာလှပမှုကို အရုပ်ဆိုး အကျည်းတန်စေပြီး အနံ့အသက်များကလည်း ကျန်းမာရေးကို ထိခိုက်စေပါသည်။

ထို့ကြောင့် သက်ဆိုင်ရာဌာနဆိုင်ရာများကလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြပြီး ပြည်သူများကလည်း သုံးစွဲပြီး အမှိုက်များကို အသိစိတ်ဓာတ်ဖြင့် စနစ်တကျစွန့်ပစ်မှသာ ပဲခူး-စစ်တောင်းတူးမြောင်းကြီးမှာ သနပ်ပင်မြို့အတွက် ထာဝရအကျိုးပြုနိုင်မည် ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

တင်အောင်ဆန်း(သနပ်ပင်)

ယခင် စိန်ဂျိုးဇက် ၁၉၆၅ခုနှစ် အထက(၃)
ယခု အထက(၂) လှိုင်ကော်၏ အငြိမ်းစား ဆရာ ဆရာမများအား
အာစရိယပူဇော်ပွဲ

ကယားပြည်နယ်၊ လွိုင်ကော်မြို့ ယခင်စိန်ဂျိုးဇက် ၁၉၆၅ခုနှစ် အထက(၃)၊ ယခု အထက(၂)လွိုင်ကော်၏ အသက်(၆၀)ပြည့်ပြီး အငြိမ်းစားဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူများ(အားလုံး)၏ အာစရိယပူဇော်ပွဲကို ၂၀၁၃ခုနှစ် မေ ၁၉ ရက် နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ပါသဖြင့် နေရာဒေသအသီးသီးတွင် ရောက်ရှိနေကြသော ကျောင်းသား ကျောင်းသူများအားလုံး သိရှိတက်ရောက်ပေးနိုင်ရန်နှင့် အလှူငွေများကိုလည်း ဆက်လက်လှူဒါန်းပေးနိုင်ပါကြောင်း အသိပေးဖိတ်ကြားအပ်ပါသည်။

အလှူငွေလှူဒါန်းရန်ဘဏ်စာရင်းအမှတ်-ကမ္ဘောဇဘဏ်(လွိုင်ကော်) ၀၃၇၁၁၂၀၀၀၀၈၂၅
အသေးစိတ်စုံစမ်းရန် ဖုန်း-၀၉-၅၆၀၀၅၀၅

ပြည်တွင်းသတင်း

※ ရှေ့ဖုံးမှ

လူ့အဖွဲ့အစည်းတစ်ရပ်ကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ဒီလိုလုပတဲ့ အနာဂတ်ကို ပိုင်ဆိုင်နိုင်မယ်ဆိုရင် အခွင့်အလမ်းများရရှိထားပေမယ့် တစ်ချိန်တည်းမှာပဲ အမှားမခံနိုင်တဲ့ အခြေအနေ၊ အချိန်အခါမျိုးလည်းဖြစ်တဲ့အတွက် စိတ်ခံစားမှုများကို ရှေ့တန်းတင်တဲ့၊ လွဲမှားတဲ့၊ အယူသီးအစွန်းရောက်တဲ့ လုပ်ရပ်တွေကြောင့် ဆုံးရှုံးမှုတွေနဲ့ အန္တရာယ်တွေကို ကြုံတွေ့နိုင်ပါတယ်။ ဒါတွေကို ရှောင်လွှဲနိုင်ဖို့ ကျွန်တော်တို့တစ်ဦးချင်းစီမှာ တာဝန်ရှိကြောင်းကိုလည်း အလေးအနက် ပြောကြားလိုပါတယ်။

၂၀၁၂ ခုနှစ်အတွင်းမှာ ရခိုင်ပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခတွေရဲ့ အကြောင်းအရင်းများကို စနစ်တကျ ရှာဖွေဖော်ထုတ်ဖို့နဲ့ အလားတူ ပဋိပက္ခများ ထပ်မံမဖြစ်ပွားစေဖို့ဆိုတဲ့ ရည်ရွယ်ချက်များနဲ့ ရခိုင်ပြည်နယ်ပဋိပက္ခများ စုံစမ်းရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ယင်းကော်မရှင်ရဲ့ အစီရင်ခံစာကို ၂၀၁၃ ခုနှစ် ဧပြီလ ၂၉ ရက်နေ့မှာ တရားဝင်ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ဒီအစီရင်ခံစာကို အသေအချာ လေ့လာဖတ်ရှုကြည့်တဲ့အခါမှာ ဘက်ပေါင်းစုံကနေ စနစ်တကျ အသေးစိတ်လေ့လာသုံးသပ်ပြထားတာကို တွေ့ရတဲ့အတွက် လက်တွေ့ကျပြီး ပြည့်စုံကောင်းမွန်တဲ့ အစီရင်ခံစာတစ်ခုဖြစ်တယ်ဆိုတာကို တွေ့ရှိရမှာဖြစ်သလို နိုင်ငံတော်အတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များရဲ့ စေတနာထားကြိုးပမ်းဆောင်ရွက်မှုများကိုလည်း အသိအမှတ်ပြုကြရမှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်ပဋိပက္ခများနဲ့ပတ်သက်ပြီး ကျွန်တော်တို့အစိုးရရဲ့ ရပ်တည်ချက်ဟာ လက်ရှိအခြေအနေကို လက်တွေ့ကျတဲ့နည်းလမ်းများနဲ့ ကိုင်တွယ်ဖြေရှင်းပြီး အနာဂတ်မှာ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာရေးကို ရှေးရှုတဲ့ ဦးတည်ချက်များနဲ့ လုပ်ဆောင်သွားမှာဖြစ်တဲ့အကြောင်း ပြောကြားလိုပါတယ်။ ဒီနေရာမှာ သမိုင်းသင်ခန်းစာများကို ပစ်ပယ်မှာမဟုတ်ပေမယ့် ကျွန်တော်တို့လူ့အဖွဲ့အစည်းရဲ့ သမိုင်းကြောင်းဆိုးမွေများထဲက ရုန်းထခွဲထွက်ဖို့ လိုအပ်မှာဖြစ်ပြီး အနာဂတ်ကိုရှေးရှုတဲ့ အဖြေရှာဖွေမှုတွေကို ပြုလုပ်ကြရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာ သမိုင်းကြောင်းနဲ့ချီပြီး ဒီမိုကရေစီရေချိန်နိမ့်ပါးခဲ့ခြင်းနဲ့ ပွင့်လင်းလွတ်လပ်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ကို မတည်ဆောက်နိုင်ခဲ့ခြင်းဆိုတာတွေကြောင့် လက်နက်ကိုင်ပဋိပက္ခတွေ၊ အခက်အခဲ အကျပ်အတည်းတွေ၊ အချင်းချင်းမယုံကြည်မှုတွေ၊ စီးပွားရေးနိမ့်ကျမှုတွေနဲ့ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့မှုဆိုတဲ့ ခါးသီးတဲ့ဒဏ်တွေကို ခံစားခဲ့ကြရပါတယ်။ ဒီဒဏ်ရာတွေကို ကုစားနိုင်ဖို့အတွက် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ဖော်ဆောင်နေရခြင်းဖြစ်ပါတယ်။ ဒီလိုဖော်ဆောင်တဲ့နေရာမှာ နိုင်ငံသားတိုင်း မိမိတို့ယုံကြည်ရာ ဘာသာတရားကို လွတ်လပ်စွာ ရွေးချယ်ကိုးကွယ်ပိုင်ခွင့်နဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရရှိစေဖို့ဆိုတဲ့ အချက်တွေကိုလည်း မဖြစ်မနေတစ်ပါတည်း ကြိုးပမ်းဖော်ဆောင်နေရခြင်းဖြစ်ပါတယ်။ မတူညီတဲ့ ကိုးကွယ်ယုံကြည်မှုတွေကို လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရှိဖို့အတွက် အခြေခံအနှစ်သာရဟာ ဘာသာတရားအချင်းချင်း အပြန်အလှန် လေးစားမှုပဲဖြစ်ပါတယ်။ ဒီလိုအပြန်အလှန်လေးစားမှုရှိမှသာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်မှာလည်းဖြစ်ပြီး နိုင်ငံသားတစ်ဦးချင်းစီရဲ့ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်မှုနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့အစိုးရအနေနဲ့ အစဉ်လေးစားကာကွယ်ပေးသွားမှာဖြစ်ပါတယ်။

ဒီမိုကရေစီရဲ့ အခြေခံအနှစ်သာရတစ်ခုဖြစ်တဲ့ လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုပိုင်ခွင့်နဲ့ပတ်သက်ပြီးတော့လည်း ပြောကြားလိုပါတယ်။ ဒီအခွင့်အရေးကို အလွဲသုံးပြီး အမုန်းတရားကို တိုးပွားစေတဲ့ ပြောဆိုမှုများ၊ လှုံ့ဆော်မှုများဟာ ပဋိပက္ခများကိုပိုမိုကြီးထွားစေခဲ့ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ သတိပြုရမယ့် အချက်တစ်ခုဟာ အခွင့်အရေးတစ်ခုကို လွဲမှားစွာ အသုံးချခြင်းဟာ အခြားအခွင့်အရေးများကို ဆုံးရှုံးစေတယ်ဆိုတာကို သတိပြုရမှာဖြစ်ပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာဝင်များရဲ့ ဘုရား၊ ကျောင်းကန်၊ စေတီပုထိုးများ၊ ခရစ်ယာန်ဘာသာဝင်များရဲ့ ဘုရားရှိခိုးကျောင်းများ၊ အစ္စလာမ်ဘာသာဝင်များရဲ့ ဗလီတွေနဲ့ ဟိန္ဒူဘာသာဝင်များရဲ့ ဘုရားကျောင်းများ အတူ ယှဉ်တွဲတည်ရှိနေပြီး နိုင်ငံသားများအကြားမှာလည်း သမိုင်းနဲ့ချီတဲ့ လူမှုရေးသဟဇာတရှိပြီးဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှာ ပေါ်ပေါက်ခဲ့တဲ့ ပဋိပက္ခများရဲ့ ဇာစ်မြစ်များဖြစ်တဲ့ လူဦးရေပေါက်ကွဲမှုမြင့်မားတဲ့ အိမ်နီးချင်းနိုင်ငံနဲ့ နယ်နိမိတ်ချင်းဆက်စပ်နေမှု၊ ကိုလိုနီစနစ်ရဲ့အမွေဆိုး၊ ရခိုင်တိုင်းရင်းသားများနဲ့ အစ္စလာမ်ဘာသာကိုးကွယ်တဲ့ လူ့အဖွဲ့အစည်းနှစ်ခုလုံးရဲ့ လူမှုစီးပွားအထွေထွေနိမ့်ကျမှုများ စတဲ့အချက်တွေကို လျစ်လျူရှုပြီး ရခိုင်တိုင်းရင်းသားများနဲ့ အစ္စလာမ်ဘာသာကိုးကွယ်တဲ့ လူ့အဖွဲ့အစည်းနှစ်ခုရဲ့ ပဋိပက္ခကို ဗုဒ္ဓဘာသာများနဲ့ မွတ်ဆလင်များကြားမှာ ဖြစ်ပွားနေတဲ့ ပဋိပက္ခအဖြစ် ကျဉ်းမြောင်းတဲ့ အမြင်နဲ့ လွဲမှားစွာ ပုံဖော်နေခြင်း၊ ရှုမြင်နေခြင်းဟာ ကြုံတွေ့နေရတဲ့ပြဿနာများကို ဖြေရှင်းရန် ပိုမိုခက်ခဲစေမှာဖြစ်ပါတယ်။ နောက်ဆက်တွဲအနေနဲ့ မိတ္ထီလာနဲ့ ဥက္ကံမြို့များမှာ ဖြစ်ပွားခဲ့တဲ့ပဋိပက္ခများဟာလည်း ဘာသာရေးပြဿနာများအဖြစ် မှားယွင်းစွာ ပုံဖော်ခဲ့ခြင်းရဲ့ အကျိုးဆက်များအဖြစ် ရှုမြင်နိုင်ပါတယ်။

ရခိုင်ပြည်နယ် ပဋိပက္ခများကို ဖြေရှင်းတဲ့နေရာမှာ စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ အကြံပြုချက်များအနက် အဓိကအချက်များကိုကြည့်ရင် ပထမဆုံး ဆောင်ရွက်ရမယ့်အချက်ဟာ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနဲ့ ပဋိပက္ခများ ထပ်မံမဖြစ်ပွားစေရေးအတွက် တရားဥပဒေစိုးမိုးရေးအစီအမံများ ချမှတ်ဆောင်ရွက်ရေးပဲဖြစ်ပါတယ်။ တာဝန်ရှိတဲ့ လုံခြုံရေးအဖွဲ့အစည်းများအနေနဲ့ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကိစ္စရပ်များမှာ အပြည့်အဝ ပူးပေါင်းအကောင်အထည်ဖော်နိုင်ရေးအတွက် ကျွန်တော့်အနေနဲ့ နိုင်ငံတော်သမ္မတရဲ့ လုပ်ပိုင်ခွင့်၊ အခွင့်အာဏာများ အသုံးပြုဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လုံခြုံရေးအဖွဲ့အစည်းများဟာ ပြည်သူ့ဝန်ထမ်းကျင့်ဝတ်နဲ့အညီ ဘက်လိုက်မှုမရှိဘဲ ဥပဒေအရ တိတိကျကျလိုက်နာဆောင်ရွက်စေဖို့ကိုလည်း ကျွန်တော့်အနေနဲ့ ညွှန်ကြားအမိန့်ပေးထားပြီးဖြစ်ပါတယ်။ ပဋိပက္ခများအတွင်း ဖြစ်ပွားခဲ့တဲ့ ဥပဒေချိုးဖောက်မှုများကိုလည်း ဘက်လိုက်မှုမရှိဘဲ ထိရောက်စွာ အရေးယူသွားမှာဖြစ်ပါတယ်။ ပဋိပက္ခများကြောင့် အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသူများအတွက်လည်း ကယ်ဆယ်ရေး၊ ကူညီစောင့်ရှောက်ရေးများကိုလည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အထူးသဖြင့် ဒုက္ခသည်များအတွက် မိုးမကျမီ အမိုးအကာအောက် အချိန်မီရောက်ရှိရေး၊ ကလေးသူငယ်များအာဟာရ ပြည့်ဝစေရေး၊ ပညာသင်ကြားနိုင်ရေး၊ စိတ်ပိုင်းဆိုင်ရာ နာကျင်မှုများနှင့် မလုံခြုံမှုများကို ကုစားပေးနိုင်ရေး၊ ကူးစက်ရောဂါများကို ဟန့်တားရေး၊ အသက်မွေးဝမ်းကျောင်းမှုနှင့် ဒေသစီးပွားရေး ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိရေးနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးတို့ကို အလျင်အမြန် အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လိုအပ်တဲ့ နိုင်ငံတကာ အကူအညီများကိုလည်း ရယူသွားမှာဖြစ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များမှာ ဝင်ရောက်ဆောင်ရွက်ကြမယ့် နိုင်ငံတကာအဖွဲ့အစည်းများကိုလည်း အစိုးရအနေနဲ့ လိုအပ်တဲ့ အကူအညီများပေးအပ်သွားမှာဖြစ်ပါတယ်။ ယခင်ကာလများက ရခိုင်ပြည်နယ်အတွင်းမှာ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ခေါင်းစဉ်နဲ့ ဝင်ရောက်လုပ်ကိုင်ခဲ့တဲ့ နိုင်ငံတကာအဖွဲ့အစည်းအချို့ရဲ့လုပ်နည်းကိုင်နည်းအမှားများကြောင့် ပြဿနာများ ပိုမိုရှုပ်ထွေးနက်ရှိုင်းခဲ့တာဟာလည်း ငြင်းဆို၍မရသည့် အမှန်တရားဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိအခြေအနေအရ ရခိုင်ပြည်နယ်မှာ ဝင်ရောက်ဆောင်ရွက်ကြမယ့် အဖွဲ့အစည်းများအနေနဲ့လည်း အသိုက်အဝန်းနှစ်ခုအကြား ပိုမိုရှုပ်ထွေးစေမယ့် ကိစ္စရပ်များ မဖြစ်ပေါ်ဖို့အတွက် ဒေသတွင်းမှာ ဖြစ်ပေါ်နေတဲ့ ကန့်သတ်ချက်များကို နားလည်လိုက်နာကြဖို့နဲ့ နှစ်ဖက်လူ့အသိုက်အဝန်းနှစ်ခုလုံးရဲ့ ယုံကြည်ထောက်ခံမှုကိုရယူရန် ကြိုးစားကြဖို့လည်း တိုက်တွန်းလိုပါတယ်။

ထို့အပြင် စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ အကြံပြုချက်များနဲ့အညီ ပဋိပက္ခများပိုမိုဆိုးရွားမလာရေးအတွက် တရားမဝင် ဆက်လက်ဝင်ရောက်လာသူများကို ဟန့်တားရေးနဲ့ ထိရောက်စွာအရေးယူခြင်းတို့အတွက် လိုအပ်မယ့် လုံခြုံရေးဆိုင်ရာ အစီအမံများကိုလည်း ချမှတ်သွားမှာဖြစ်ပါတယ်။ နိုင်ငံသားဖြစ်ခွင့်ရှိသူများ နိုင်ငံသားဖြစ်ရေးကိစ္စရပ်များကိုလည်း ရေတို၊ ရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လူမှုရေးသဟဇာတဖြစ်မှုတည်ဆောက်ရေးနဲ့ ရခိုင်ပြည်နယ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရေရှည်အစီအမံများနဲ့ ဟန်ချက်ညီညီ အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ ထိုသို့အစီအမံများ ချမှတ်ရာမှာ ရခိုင်ပြည်နယ်ပဋိပက္ခများ စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ အကြံပြုချက်များကို အခြေခံလုပ်ဆောင်သွားမှာဖြစ်သော်လည်း အခြားမတူညီသည့် အမြင်များနဲ့ အကြံပြုချက်များကိုလည်း အလေးထားထည့်သွင်းစဉ်းစားသွားမှာ ဖြစ်ပါတယ်။ လက်ရှိမှာ ပဋိပက္ခများချုပ်ငြိမ်းရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို အလျင်အမြန်အရေးယူဆောင်ရွက်နိုင်ဖို့ အရေးကြီးတဲ့အတွက် ၂၀၁၃ ခုနှစ် မတ်လ ၁၃ ရက်နေ့မှာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဗဟိုကော်မတီကို ဖွဲ့စည်းပေးခဲ့ပါတယ်။ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဗဟိုကော်မတီရဲ့မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ် ပဋိပက္ခများ၊ စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ လေ့လာအကြံပြုတင်ပြချက်များနဲ့ အခြားဆောင်ရွက်ရန် သင့်လျော်မယ့်လုပ်ငန်းစဉ်များကို ထိရောက်စွာ ပံ့ပိုးဆောင်ရွက်နိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနဲ့ နယ်မြေစိုးမိုးရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေး၊ ဒေသတွင်းယာယီနေရာ ချထားရေးနဲ့ ပြန်လည်ထူထောင်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဘက်စုံမဟာဗျူဟာရေးဆွဲရေးဆိုတဲ့ လုပ်ငန်းကော်မတီ(၇) ခုကိုလည်း မတ်လ ၂၉ ရက်နေ့မှာ ထပ်မံဖွဲ့စည်းပေးခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ ရခိုင်ပြည်နယ်ပဋိပက္ခကို နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးစတဲ့ ရှုထောင့်ပေါင်းစုံကနေ အစိုးရတစ်ရပ်ရဲ့ မှန်ကန်တဲ့ ဦးဆောင်မှုပေးပြီး တိကျပြတ်သားစွာ အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

ရခိုင်ပြည်နယ်ပဋိပက္ခများ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါ တွေ့ရှိချက်များကို ခြုံငုံသုံးသပ်ရာမှရရှိလာတဲ့ သင်ခန်းစာတစ်ရပ်ကတော့ ယခင်ကျင့်သုံးခဲ့တဲ့ မူဝါဒများကြောင့် ယဉ်ကျေးသော ကျွန်ုပ်တို့မြန်မာ့လူ့အဖွဲ့အစည်းအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ ကြုံတွေ့ခဲ့ရခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြောကြားလိုတာကတော့ လက်ရှိကြုံတွေ့နေသော ပြဿနာများကို ဖြေရှင်းရာမှာ တစ်ဖက်နဲ့တစ်ဖက် အပြစ်တင်ခြင်းများရပ်တန့်ပြီး လက်ရှိအခြေအနေကို လက်တွေ့ကျတဲ့နည်းလမ်းများနဲ့ ကိုင်တွယ်ဖြေရှင်းပြီး အနာဂတ်မှာငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာရေးကို ရှေးရှုတဲ့ဦးတည်ချက်များနဲ့ လုပ်ဆောင်ရန် အချိန်ကျပြီဖြစ်ကြောင်းဆိုတဲ့အချက်ပဲဖြစ်ပါတယ်။

ရခိုင်ပြည်နယ်အရေးကိစ္စကို ကိုင်တွယ်လုပ်ဆောင်ရာမှာ ကျွန်တော်တို့ အစိုးရအနေနဲ့ ရခိုင်ပြည်နယ်အတွင်းမှာ မူလကရောက်ရှိနေကြတဲ့ အစ္စလာမ်ဘာသာကိုးကွယ်သူများအား လူသားချင်းစာနာထောက်ထားတဲ့အနေနဲ့ သူတို့ရဲ့ အခြေခံရပိုင်ခွင့်များနဲ့ အခွင့်အရေးများကို လက်တွေ့အကျဆုံး နည်းလမ်းများနဲ့ အရေးယူဆောင်ရွက်ပေးသွားမှာဖြစ်သလို ရခိုင်တိုင်းရင်းသားများရဲ့ ခံစားမှုနဲ့လိုလားချက်များကိုလည်း လုံးဝလျစ်လျူရှုမှာမဟုတ်ကြောင်း အလေးအနက်ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

ပိဋကသုံးပုံပါဠိတော်မြန်မာပြန် စာမေးပွဲကျင်းပမည်

ရန်ကုန် မေ ၆

ရန်ကုန်မြို့ ဓမ္မစေတမန်အဖွဲ့က ကြီးမှူးကျင်းပသော ၂၀၁၃ ခုနှစ် ပိဋကသုံးပုံပါဠိတော်မြန်မာပြန် စာမေးပွဲကို ၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်မှ နယုန်လဆန်း ၁၄ ရက် (ဇွန် ၁၈ ရက်မှ ဇွန် ၂၂ ရက်) အထိ ငါးရက်တိုင်တိုင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်း စိန်ရတနာ ဓမ္မာစရိယစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

စာမေးပွဲ ကျင်းပစဉ်အတွင်း သတ်မှတ်ထားသော အုပ်စုအသီးသီးတွင် ပါဝင်သောပြဋ္ဌာန်းချက် ကျမ်းစဉ်များအလိုက် နေ့စဉ်မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။ ဖြေဆိုခွင့်လက်မှတ်များကို ရှိုင်းဟုပ်ကုမ္ပဏီပရဟိတ(ဓမ္မဗိမာန်) ရုံးခန်း၌ လာရောက်ထုတ်ယူနိုင်သည်။

အသေးစိတ်သိလိုပါက ဖုန်း ၀၁- ၅၃၈၂၆၆ (ဓမ္မဗိမာန်)၊ ၀၉-၄၉၂၂၀၇၂၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြသည်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး (၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကျင်းပ

နေပြည်တော် မေ ၆

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် မေ ၅ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော (၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းများ၊ ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရ မီးသတ်တပ်ဖွဲ့ဝင်များအား ဆုများချီးမြှင့်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ခရိုင်အဆင့် မီးလောင်မှုအနည်းဆုံး စွမ်းဆောင်ရည်ဆုရ တောင်ငူခရိုင်နှင့် စခန်းသာယာလှပရေးဆုရ သာယာဝတီခရိုင်တို့အား ဆုများချီးမြှင့်ပြီး မီးသတ်စွမ်းရည်ပြိုင်ပွဲ တံခွန်စိုက်ဆုရ သာယာဝတီခရိုင်အား တံခွန်စိုက်ဆုဖလား ချီးမြှင့်ကာ မီးသတ်တပ်ဖွဲ့ဝင်များ၏ သရုပ်ပြသမှုကို ကြည့်ရှုအားပေးခဲ့သည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း (၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားတွင် မီးသတ်စွမ်းရည်ပြိုင်ပွဲ၌ တံခွန်စိုက်ဆုရရှိသော သာယာဝတီ ခရိုင် အား တံခွန်စိုက် ဆုဖလား ချီးမြှင့်စဉ်။
(သတင်းစဉ်)

ပြစ်မှုဆိုင်ရာအထူးအယူခံမှုနှစ်မှုနှင့် တရားမအထူးအယူခံမှုလေးမှုစီရင်ချက်ချမှတ်

နေပြည်တော် မေ ၆

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်ပြီး ပြစ်မှုဆိုင်ရာ အထူးအယူခံမှုနှစ်မှုနှင့်တရားမအထူး အယူခံမှုလေးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့အပြင် တရားမအထွေထွေလျှောက်ထားမှုနှစ်မှုနှင့် တရားမအထူးအယူခံမှုလေးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူဆယ်မြို့၌ မြို့ပြစနစ်စီမံကိန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၆

မူဆယ်မြို့ ခေတ်မီမြို့ပတ်ကမ်းနားလမ်းနှင့် မြို့ပြစနစ် အကောင်အထည်ဖော်ရေးစီမံကိန်းနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းစီမံကိန်းလုပ်ငန်းများသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် မေ ၄ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ယနေ့တွင် လားရှိုးမြို့ ဟူးမွန်ရေလှောင်တမံနှင့် ကောက်ကွေ့ရေလှောင်တမံတို့၌ ရေသိုလှောင်ထားရှိမှု၊ နေ့စဉ်သောက်သုံးရေ ပေးဝေမှုနှင့် ရပ်ကွက်(၁) နယ်မြေ(၈)ရှိ စက်ရေတွင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် လားရှိုးမြို့အဆင့်မြင့်အဝေးပြေးယာဉ်ရပ်နားစခန်း (နားမခေါ်)၌ အဆောက်အအုံများ ဆောက်လုပ်ထားမှု၊ ရေစီးရေလာ ကောင်းမွန်ရေး ရေမြောင်းများ ဖောက်လုပ်ထားမှု၊ လမ်းများဖောက်လုပ်ထားရှိမှုနှင့် သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

အီဂျစ်ဝန်ကြီးချုပ် ယာဉ်တန်း လက်နက်ကိုင်အဖွဲ့ တိုက်ခိုက်မှုခံခဲ့ရ

ကိုင်ရို မေ ၆

လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့သည် အီဂျစ်ဝန်ကြီးချုပ် ဟီရှမ်ကွမ်ဒီလ်၏ယာဉ်တန်းအား မေ ၅ ရက်ညနေပိုင်းက တိုက်ခိုက်ခဲ့ကြောင်း အီဂျစ်ပြည်ထဲရေးဝန်ကြီးက ထုတ်ပြန်သော သတင်းထုတ်ပြန်ချက်တစ်စောင်တွင် ဖော်ပြသည်။

သေနတ်သမားများစီးနင်းလိုက်ပါလာသည့် ယာဉ်တစ်စီးသည် ဝန်ကြီးချုပ်၏ ယာဉ်တန်းအနီးသို့ ချဉ်းကပ်လာသည့်အတွက် ယာဉ်တန်းအစောင့်အရှောက်အဖြစ် လိုက်ပါသော လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းယာဉ်အား ဟန့်တား၍ အဝေးသို့မောင်းထုတ်ရန် ကြိုးပမ်းနေစဉ် အဆိုပါ သေနတ်သမားများစီးနင်းလာသည့် ယာဉ်ပေါ် လိုက်ပါလာသူများအနက်မှ တစ်ဦးက လုံခြုံရေးယာဉ်တန်းအား စတင်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။ သို့သော် ဝန်ကြီးချုပ်မှာ ထိခိုက်မှု တစ်စုံတစ်ရာ မဖြစ်ပေါ်ခဲ့ကြောင်း သတင်း၌ ဆက်လက် ဖော်ပြသည်။ **(ရိုက်တာ)**

ဘင်္ဂလားဒေ့ရှ်အဆောက်အအုံပြိုကျမှု သေဆုံးသူ ၆၀၀ ကျော်ရှိလာ

ဒါကာ မေ ၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဆိုးရွားသည့် စက်ရုံအဆောက်အအုံပြိုကျမှုတွင် ရုပ်အလောင်းများကို အုတ်ကျိုးအုတ်ပဲ့များအောက်မှ ဆွဲထုတ်ရရှိခဲ့ပြီးနောက် သေဆုံးသူအရေအတွက် ၆၀၀ကျော်အထိ ရှိလာကြောင်း စစ်ဘက်တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

အထပ်ရှစ်ထပ်ရှိ အဆိုပါ စက်ရုံအဆောက်အအုံအတွင်း အပျက်အစီးများအောက်မှ ပြန်လည်ဆွဲထုတ်ဆောင်ရွက်ခဲ့ရာတွင် သေဆုံးသူအရေအတွက်သည် ၆၁၀ အထိ မြင့်တက်လာကြောင်း စစ်ဘက်တာဝန်ရှိသူတစ်ဦးဖြစ်သည့် အမ်ရန်ခန်က မေ ၅ ရက်တွင် ပြောကြားခဲ့သည်။ **(ဘီဘီစီ)**

မလေးရှားရွေးကောက်ပွဲ၌ အာဏာရပါတီအနိုင်ရ ဝန်ကြီးချုပ်အဖြစ် နာဂျစ်ရာဇက် တာဝန်ယူမည်

ကွာလာလမ်ပူ မေ ၆

မလေးရှားနိုင်ငံတွင် မေ ၅ ရက်က အထွေထွေရွေးကောက်ပွဲကျင်းပရာ မလေးရှားနိုင်ငံ၏ အာဏာရပါတီဖြစ်သော အမျိုးသားတပ်ဦးပါတီက အနိုင်ရရှိခဲ့ကြောင်း မေ ၆ ရက်က သတင်းထုတ်ပြန်သည်။ ထို့ကြောင့် ဘာရီဆင်ပါတီဥက္ကဋ္ဌ နာဂျစ်ရာဇက်သည် မလေးရှားဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာဆိုကာ တာဝန်ထမ်းဆောင်တော့မည် ဖြစ်သည်။ (အပေါ်ပုံ)

မလေးရှားအာဏာရပါတီသည် ယခုရွေးကောက်ပွဲ၌ အောက်လွှတ်တော်အမတ် ၂၂၂ နေရာတွင် ၁၃၃ နေရာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အာဏာရ အမျိုးသားတပ်ဦးပါတီသည် ပြီးခဲ့သည့် ၂၀၀၈ ခုနှစ် ရွေးကောက်ပွဲ၌ အောက်လွှတ်တော်အမတ်နေရာ ၁၄၀ ရရှိခဲ့မှုနှင့် နှိုင်းယှဉ်လျှင် ယခုရွေးချယ်ခံရမှု အမတ်ဦးရေမှာ အနည်းငယ် လျော့ကျခဲ့သည်။

အာဏာရပါတီအနေဖြင့် ယခုရွေးကောက်ပွဲ၌ မလေးရှားနိုင်ငံအရှေ့ပိုင်း ပြည်နယ်များဖြစ်သော ဆာဘတ်နှင့် ဆာရာဝပ်ပြည်နယ်များတွင် အပြတ်အသတ် အောင်မြင်မှုရရှိခဲ့ပြီး လွှတ်တော်အမတ်နေရာ ၄၇ နေရာအထိ ရွေးချယ်ခံခဲ့ရသည်။ မလေးရှားနိုင်ငံ ၁၂ ပြည်နယ်တွင် ကိုးပြည်နယ်၌ အမျိုးသားတပ်ဦးပါတီ အနိုင်ရခဲ့ခြင်းဖြစ်သည်။

အာဏာရပါတီအနေဖြင့် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့ပြီးနောက် မေ ၆ ရက်နံနက်က ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ ဝန်ကြီးချုပ်အဖြစ် တာဝန်ယူမည့် နာဂျစ်ရာဇက်က ယခုရွေးကောက်ပွဲ၌ ပြည်သူများ၏ နှလုံးသားဆန္ဒများကို ဖွင့်လှစ်ပြသခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ပြည်သူများ၏ လိုလားတောင့်တမှုများကို မိမိတို့တတ်စွမ်းသမျှ ဖြည့်ဆည်းပေးမည်ဟုလည်း ၎င်းက ကတိပြုပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

အစ္စရေးမြောက်ပိုင်း ဝေဟင်၌ မြို့ပြလေကြောင်းပျံသန်းခွင့် ပိတ်ပင်မည်

ဂျေရုဆလင် မေ ၆

အစ္စရေးနှင့်ဆီးရီးယားတို့ အခြေအနေတင်းမာနေချိန်တွင် အစ္စရေးမြောက်ပိုင်း၌ မြို့ပြလေကြောင်း ဖြတ်ကျော်ပျံသန်းမှုများကို ခွင့်ပြုမည်မဟုတ်ဘဲ ပိတ်ထားမည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနမှ မေ ၆ရက်က သတင်းထုတ်ပြန်သည်။

အစ္စရေးတိုက်လေယာဉ်များက ပြီးခဲ့သည့် မေ ၃ ရက်နှင့် ၅ ရက်များတွင် ဆီးရီးယားနိုင်ငံ မြို့တော်ဒမတ်စကတ်အနီး လေကြောင်းမှ တိုက်ခိုက်ခဲ့မှုဖြစ်ပွားခဲ့ပြီးနောက် ဆီးရီးယားနှင့် လက်ဘနွန်နယ်စပ်များနှင့် ထိစပ်လျက်ရှိသော အစ္စရေးမြောက်ပိုင်း ဝေဟင်တွင် မြို့ပြလေယာဉ်များ ပျံသန်းခွင့်မပြုကြောင်း အစ္စရေးတို့က သတင်းထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

အစ္စရေးလေကြောင်းလိုင်း အာကီရာသည် အစ္စရေးနိုင်ငံမြောက်ပိုင်း ဟိုင်ဖာမြို့နှင့် အစ္စရေးနိုင်ငံတောင်ပိုင်း အီလက်မြို့များသို့ ပျံသန်းပြေးဆွဲနေမှု ခရီးစဉ်များကို မေ ၅ ရက်မှစတင်ကာဖျက်သိမ်းထားလိုက်ပြီဖြစ်သည်။ အစ္စရေးတို့က ဟိုင်ဖာနှင့်ဆာဖက်မြို့ မြောက်ဘက်တွင် ဒုံးကျည်ကာကွယ်ရေးစနစ်နှစ်ခုကို ဖြန့်ချထားသည်။

အစ္စရေးတိုက်လေယာဉ်များသည် မေ ၅ ရက် အစောပိုင်းက ဟစ်ဘိုလာတို့အား လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်မှုတစ်ရပ်ပြုလုပ်ခဲ့သည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

ပြင်သစ် M51 ပဲ့ထိန်းဒုံးကျည် စမ်းသပ်ပစ်ခတ်စဉ် ပျက်စီး

ပါရီ မေ ၆

ပြင်သစ်နိုင်ငံက ပဲ့ထိန်းဒုံးကျည်တစ်စင်း စမ်းသပ်ပစ်ခတ်ရာတွင် မအောင်မြင်ခဲ့ကြောင်း၊ ယင်းဒုံးကျည်သည် နိုင်ငံအနောက်မြောက်ပိုင်း ဘရစ်တေနီကမ်းခြေမှ ပစ်ခတ်ခဲ့ပြီးနောက် ပျက်စီးသွားခဲ့ကြောင်း မေ ၆ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

M51 အမည်ရှိ အဆိုပါပဲ့ထိန်းဒုံးကျည်ကို ပြင်သစ်နိုင်ငံအနောက်မြောက်ပိုင်း အော်ဒီယံပင်လယ်အော်အတွင်း မဟာဗျူဟာမြောက် နျူကလီးယားရေငုပ်သင်္ဘောတစ်စင်းမှ မေ ၅ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲက စမ်းသပ်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဒုံးကျည်သည် မြောက်အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ပျက်ကျခဲ့ကြောင်း အရာရှိများ၏ ပြောကြားချက်အရ သိရှိရသည်။

ယင်းဒုံးကျည်စမ်းသပ်မှု မအောင်မြင်ရသည့်အကြောင်းအရင်းကို စုံစမ်းစစ်ဆေးမှုတစ်ခုပြုလုပ်ပြီး ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း အတ္တလန္တိတ်ရေတပ်စုမှ ပြောရေးဆိုခွင့်ရှိသူ ဒုတိယတပ်မှူးလီယွန်နယ်ဒါလော့က မေ ၅ ရက် ထုတ်ပြန်ချက်၌ ပြောကြားခဲ့သည်။

နျူကလီးယားရေငုပ်သင်္ဘောမှ ပစ်ခဲ့သည့် အဆိုပါ M51 ဒုံးကျည်တွင် ယင်းနေ့က ပစ်ခတ်စဉ်အတွင်း နျူကလီးယားထိပ်ဖူးတစ်ခုကို သယ်ဆောင်မသွားကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ **(ပရက်စ်တီဗွီ)**

တင်မောင်လွင်-စုစည်းသည်

ဆီးရီးယားနယ်စပ်တွင် တူရကီစစ်ရေးလေ့ကျင့်မှုပြုလုပ်

အစ္စတန်ဘူလ် မေ ၆

တူရကီစစ်တပ်သည် ၎င်း၏ အနီးပတ်ဝန်းကျင် အာရပ်နိုင်ငံအတွင်း ဝရုန်းသုန်းကားအခြေအနေဖြစ်နေစဉ် ဆီးရီးယားနယ်စပ်အနီး နိုင်ငံတောင်ပိုင်း အက်ဒနာပြည်နယ်၌ စစ်ရေးလေ့ကျင့်မှုများ စတင်ပြုလုပ်နေကြောင်း မေ ၆ရက်က ပရက်စ်တီဗွီ သတင်းတစ်ရပ်၌ ဖော်ပြသည်။

Yildirim-2013 အမည်ခေါ်သည့် ၁၀ ရက်ကြာ စစ်ရေးလေ့ကျင့်မှုကို မေ ၆ ရက်က စတင်ပြီး ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း တူရကီစစ်ဦးစီးအရာရှိက ထုတ်ပြန်ချက်တစ်ရပ်သို့ ပြောကြားခဲ့သည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုသည် ပြည်သူအဖွဲ့အစည်းများနှင့် လက်နက်ကိုင်များအကြား ညှိနှိုင်းမှုနှင့် တူရကီစစ်တပ်၏စစ်စည်းရုံးမှု နည်းစနစ်များကို စမ်းသပ်လုပ်ဆောင်မည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ၎င်းစစ်ဦးစီးအရာရှိက ဆက်လက်ပြောကြားခဲ့သည်။ **(ဝဲပုံ)**

ယင်းစစ်ရေးလေ့ကျင့်မှုတွင် သံချပ်ကာယာဉ် ၁၂ စီး၊ အရန်တပ်ဖွဲ့ဝင် ၆၀၊ ပြည်သူအဖွဲ့အစည်းများမှ လူတစ်စုနှင့် ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကုမ္ပဏီတစ်ခုမှ အဖွဲ့များ ပါဝင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(ပရက်စ်တီဗွီ)**

ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုခြင်း

၁၃၇၅ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ရက် (၅-၅-၂၀၁၃ရက်) တနင်္ဂနွေနေ့ နံနက် ၇နာရီတွင် ကမာရွတ်မြို့နယ်၊ အမှတ်(၂) ရပ်ကွက်၊ အင်းလျားရွာသစ်ကျောင်းတိုက်၌ ကျင်းပပြုလုပ်သော **ဿုန်းဝိသာခါ စံကျောင်းတော်ကြီး**အား နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဇေယျကျော်ထင် ဦးအောင်သိမ်းနှင့် ဇနီး ဒေါ်ထွေးရီနှင့် ခုနစ်ရက်သားသမီးများမှ စုပေါင်းဆောက်လုပ်လှူဒါန်း ရေစက်ချအလှူပွဲအတွက် ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာခေါ်ဆို၍ သာသနာအကျိုး၊ တိုင်းပြည်အကျိုး ဆတက်ထမ်းပိုးတိုးတက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဝမ်းတူးဝမ်းထရေးဒင်း မိသားစု

ဂုဏ်ယူဝမ်းမြောက်ကြောင်း ဆုမွန်လွှာ

နိုင်ငံတော်သမ္မတကြီး၏ ၃၀-၄-၂၀၁၃ရက်တွင် အပ်နှင်းသည့် နိုင်ငံ့စွမ်းဆောင်ရည်ဆုပေးပွဲမှ (ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင် ဂုဏ်ထူးဆောင်ဆု)ရရှိသော ပါပါဦးရွှေကြိုင်ဥက္ကဋ္ဌ(ဝါဝါဝင်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်)အား အထူးဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်းနှင့် မိသားစုနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစွာဖြင့် နိုင်ငံ့အကျိုး၊ အမျိုးဘာသာ၊ သာသနာအကျိုးအား ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

သား-ဒေါက်တာ နေဝမ်းကြိုင် (M.B.,B.S)

သမီး-နီဖြိုးကြိုင် (B.E)

အကြမ်းဖက်မှုကို တုံ့ပြန်နှိမ်နင်းမယ့် အမေရိကန်နဲ့ရုရှား

မောင်မဟာ

အကြမ်းဖက်မှုတွေ ပြန်လည်ခေါင်းထောင်လာမယ့်အရေးကြောင့် အမေရိကန်နဲ့ ရုရှားနှစ်နိုင်ငံခေါင်းဆောင်တွေ ရတက်မအေးဖြစ်နေကြရတာတော့ အမှန်ပါပဲ။ အခုရက်ပိုင်းအတွင်းမှာ ရုရှားနိုင်ငံမှာရော အမေရိကန်နိုင်ငံမှာပါ အကြမ်းဖက်တိုက်ခိုက်မှုအချို့ ဖြစ်ပွားခဲ့တာကြောင့်လည်း ဖြစ်ပါတယ်။

ဒါကြောင့် အမေရိကန်သမ္မတ အိုဘားမားနဲ့ ရုရှားသမ္မတပူတင်တို့ နှစ်ဦးဟာ နှစ်နိုင်ငံအကြား အကြမ်းဖက်မှုတုံ့ပြန်ချေမှုန်းရေးကို အတူတကွ ပူးပေါင်းဆောင်ရွက်ကြဖို့ သဘောတူညီလိုက်ကြပြီဖြစ်တယ်လို့ ရုရှားနိုင်ငံ ကရင်မလင်နန်းတော်က တရားဝင် သတင်းထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။

အထူးဖြစ်ရပ်တွေရဲ့ အခြေအနေပေါ်လိုက်ပြီး နှစ်နိုင်ငံအရေးပေါ် အမြန်ဆုံး ဆက်သွယ်ဆောင်ရွက်ဖို့လည်းသဘောတူညီခဲ့လို့ လိုအပ်ရင် သမ္မတနှစ်ဦးစလုံး တိုက်ရိုက်ဆွေးနွေးပြီး ပူးပေါင်းလုပ်ဆောင်မှုတွေ ပြုလုပ်မယ်လို့လည်း ရုရှားသမ္မတပူတင်ရဲ့ လက်ထောက်တစ်ဦးဖြစ်တဲ့ ယူရီယူဆာကော့ဗ်က မော်စကိုမြို့မှာ မေ ၂ ရက်က သတင်းထောက်တွေနဲ့ တွေ့ဆုံတဲ့အခါ ပြောကြားလိုက်ပါတယ်။

အမေရိကန်နိုင်ငံ ဘော်စတွန်မြို့မှာ ပြီးခဲ့တဲ့ ဧပြီ ၁၅ ရက်က ကျင်းပခဲ့တဲ့ မာရသွန်အပြေးပြိုင်ပွဲမှာ အကြမ်းဖက်ဗုံးဖောက်ခွဲခဲ့လို့ သုံးဦးသေဆုံးပြီး ၁၈၀ လောက် ဒဏ်ရာရခဲ့တဲ့ဖြစ်ရပ်ကြောင့် အမေရိကန်သမ္မတ အိုဘားမား ထိတ်လန့်ခဲ့ရသလို အကြမ်းဖက်တိုက်ခိုက်မှု လုပ်ရပ်တွေအပေါ် တန်ပြန်ချေမှုန်းဖို့ လိုအပ်နေပြီဆိုတာကို သဘောပေါက်လာခဲ့တာဖြစ်ပါတယ်။

အဲဒီဘော်စတွန်မြို့ မာရသွန်အပြေးပြိုင်ပွဲ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့တာနဲ့ ပတ်သက်ပြီး ရုရှားတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှု ရရှိခဲ့တာမို့ အကြမ်းဖက်သမားလူငယ်နှစ်ဦးကို အမြန်ဆုံး ဖမ်းမိနိုင်ခဲ့တာကြောင့် သမ္မတအိုဘားမားက ရုရှားတို့ကို ကျေးဇူးတင်ရှိနေခြင်းဖြစ်ပါတယ်။ ဘော်စတွန်ဗုံးခွဲမှုမှာ ရုရှားနိုင်ငံ၌ မွေးဖွားခဲ့တဲ့ ညီအစ်ကိုနှစ်ဦးဖြစ်တဲ့ တာမာလန်နဲ့ ဇိုခါဆာနော့ဗ်တို့ကို ဖော်ထုတ်နိုင်ခဲ့တာဖြစ်ပါတယ်။

အမေရိကန်သမ္မတ အိုဘားမား

ရုရှားသမ္မတ ပူတင်

ဆက်သွယ်ပြောကြားခဲ့ပါတယ်။

အခုရက်ပိုင်းအတွင်းမှာပဲ သမ္မတအိုဘားမားနဲ့ သမ္မတပူတင်တို့က တယ်လီဖုန်းနဲ့ ဆက်သွယ်ပြောကြားတဲ့အခါ အကြမ်းဖက်မှုတွေ တားဆီးကာကွယ်ရေးနဲ့ တုံ့ပြန်ချေမှုန်းရေးတွေကို အတူလက်တွဲပြီး ဆောင်ရွက်ကြဖို့ ထပ်မံဆွေးနွေး သဘောတူခဲ့ကြပါတယ်။

ဒါ့အပြင် ခေါင်းဆောင်နှစ်ဦးဟာ

အထူးဖြစ်ရပ်တွေရဲ့အခြေအနေ ပေါ်လိုက်ပြီး နှစ်နိုင်ငံအရေးပေါ် အမြန်ဆုံး ဆက်သွယ်ဆောင်ရွက်ဖို့ လည်းသဘောတူညီ

ဒီလိုပါပဲ ရုရှားနိုင်ငံ မော်စကိုမြို့ အပြင်ဘက် ဆေးရုံတစ်ရုံမှာ ပြီးခဲ့တဲ့ သီတင်းပတ်ကျော်က မီးလောင်မှု ဖြစ်ပွားခဲ့လို့ လူ၃၈ ဦးဇ်များစွာ သေဆုံးခဲ့ရမှု တစ်ရပ်အပေါ် ရုရှားသမ္မတ ပူတင်ထံကို အမေရိကန်သမ္မတ အိုဘားမားက စာနာမှုနဲ့ဝမ်းနည်းမှုဖြစ်ရကြောင်း

လာမယ့်ဇွန်လမှာ မြောက်အိုင်ယာလန်နိုင်ငံမှာ ကျင်းပမယ့် ဂျီ-၈ဆွေးနွေးပွဲမှာ သီးခြားတွေ့ဆုံပြီး အကြမ်းဖက်မှုတုံ့ပြန်ချေမှုန်းရေးကို ဆက်လက်ဆွေးနွေးဖို့ စီစဉ်ထားပါတယ်။

ဆက်လက်ပြီး ရုရှားနိုင်ငံ၌ လာမယ့် စက်တင်ဘာလမှာ ကျင်းပမယ့် အပြန်အလှန် ထိပ်သီးဆွေးနွေးပွဲမှာလည်း အကြမ်းဖက်မှုတုံ့ပြန်ချေမှုန်းရေးဆိုင်ရာ နှစ်နိုင်ငံပူးတွဲဆောင်ရွက်ရေးကို အသေးစိတ်ဆွေးနွေးကြဖို့လည်း အစီအစဉ်ရှိနေပါတယ်။

ရုရှားတို့ကလည်း လာမယ့် ၂၀၁၄ ခုနှစ်မှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် ဆိုချီအိုလံပစ် အားကစားပွဲတော်လုံခြုံရေးအတွက် စိုးရိမ်မကင်းဖြစ်နေပါတယ်။ ရုရှားနိုင်ငံ ပင်လယ်နက်ကမ်းခြေ အပန်းဖြေမြို့ဖြစ်တဲ့ ဆိုချီမှာ ၂၀၁၄ ခုနှစ် အိုလံပစ်ပွဲတော်အတွက် အကြမ်းဖက်မှု တုံ့ပြန်ချေမှုန်းရေး၊ လုံခြုံရေးတို့ကို အမေရိကန်တို့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့လည်း ခေါင်းဆောင်နှစ်ဦးက သဘောတူထားကြပြီဖြစ်ပါတယ်။

အကြမ်းဖက်မှု တုံ့ပြန်ချေမှုန်းရေးအတွက် သတင်းအချက်အလက် ရယူမှု၊ ဖလှယ်မှု၊ ပူးတွဲစစ်ဆင်ရေးဆောင်ရွက်မှုတွေအပါအဝင် အကြမ်းဖက်မှုဆိုင်ရာ လုံခြုံရေးနဲ့ကာကွယ်ရေး လုပ်ငန်းတွေကိုလည်း နှစ်နိုင်ငံပူးတွဲလုပ်ကိုင်ကြဖို့ အမေရိကန်သမ္မတ အိုဘားမားနဲ့ ရုရှားသမ္မတပူတင်တို့ ကတော့နီးနီးကပ်ကပ် ပူးတွဲဆောင်ရွက်တော့မှာဖြစ်ပါကြောင်း။ ။

အင်္ဂါဂြိုဟ်သို့ လူလိုက်ပါနိုင်ရေး စီစဉ်နေပြီ



လာမည့်နှစ် ၂၀ ခန့်တွင် အင်္ဂါဂြိုဟ်သို့ အမျိုးသားအာကာသယာဉ်မှူးတစ်ဦး သို့မဟုတ် အမျိုးသမီးအာကာသယာဉ်မှူးတစ်ဦး စေလွှတ်ရန်အတွက် နာဆာနှင့် အာကာသရေးရာပုဂ္ဂလိက ကုမ္ပဏီများမှ ကျွမ်းကျင်သူများက သဘောတူညီလိုက်ကြပြီဖြစ်သည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ မေ ၆ ရက်မှ ၈ ရက်အထိ ကျင်းပလျက်ရှိသည့် အာကာသရေးရာဆွေးနွေးပွဲ၌ နာဆာနှင့် အာကာသရေးရာ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့်အတူ လမျက်နှာပြင်ပေါ်တွင် ဒုတိယမြောက် လမ်းလျှောက်ခဲ့သည့် ဘတ်ဇ်အယ်ဒရင်တို့ ဆွေးနွေးခဲ့ကြပြီးနောက် ထိုသို့သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

အင်္ဂါဂြိုဟ်သို့ အာကာသလေ့လာရေးခရီးစဉ်များ စေလွှတ်ရေးအတွက် မကြာမီက ပြန်လည်စိတ်ဝင်စားမှုများ ရှိလာခဲ့ခြင်းဖြစ်ပြီး ငွေကြေးကုန်ကျမှုများကိုလည်း စဉ်းစားခဲ့ကြသည်။ အိတ်စ်ပလိုမားစ်နှင့် အာကာသရေးရာ ဘိုးအင်းကုမ္ပဏီတို့က စစ်တမ်းကောက်ယူခဲ့ရာတွင် အမေရိကန်ပြည်သူအများစုက အင်္ဂါဂြိုဟ်သို့ အာကာသယာဉ်မှူးများ လွှတ်တင်ရေးကို ထောက်ခံအားပေးခဲ့ကြသည်။

ပြီးခဲ့သည့် မတ်လက အမေရိကန်နိုင်ငံတစ်ဝန်းတွင် ဆန္ဒကောက်ခံရာ ပြည်သူ ၇၁ ရာခိုင်နှုန်းက လာမည့် ၂၀၃၃ ခုနှစ်၌ အင်္ဂါဂြိုဟ်သို့ လူသားများလိုက်ပါသည့် အာကာသခရီးစဉ်စေလွှတ်ရန် ဆန္ဒပြုခဲ့ကြသည်။ ထိုသို့ စေလွှတ်ရာတွင် နာဆာရန်ပုံငွေ၊ အမေရိကန်ပြည်ထောင်စုအစိုးရရန်ပုံငွေနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ရန်ပုံငွေတို့ဖြင့် စုပေါင်းထည့်ဝင် ပေါင်းစပ်ကာ အကောင်အထည်ဖော်သင့်ကြောင်းလည်း အကြံပြုခဲ့ကြသည်။

နာဆာသည် လောလောဆယ်တွင် အမေရိကန်ပြည်ထောင်စုအစိုးရဘတ်ဂျက်မှ ရန်ပုံငွေခွဲဝေမှု ၀ ဒသမ ၅ ရာခိုင်နှုန်းသာ ရရှိထားရာ ၁၉၆၀ ခုနှစ်က လမျက်နှာပြင် လေ့လာရေး အပိုလိုခရီးစဉ်အတွက် ချမှတ်ပေးခဲ့သည့် လေးရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင် များစွာနည်းနေသည်။

သို့သော် လာမည့် နှစ် ၂၀၃၅ အင်္ဂါဂြိုဟ်သို့ လူလိုက်ပါသည့် အာကာသယာဉ်စေလွှတ်ရေးစီမံကိန်းကို မေ ၆ ရက်မှစတင်လိုက်ပြီဖြစ်ကြောင်း စတန်းဖို့ဒ်တက္ကသိုလ်မှ အာကာသသုတေသနပညာရှင် ဂျီစကော့ဟတ်ဘတ်က ပြောကြားသည်။ အင်္ဂါဂြိုဟ်လေ့လာရေးအတွက် ပြီးခဲ့သည့် နှစ်နှစ်ခန့်က လွှတ်တင်ခဲ့သော ကျူရီယိုစီတီ အာကာသလေ့လာရေးယာဉ် အစီအစဉ်အတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံခန့် ကုန်ကျထားသည်။

အင်္ဂါဂြိုဟ်ပေါ်သို့ လူသားများ လိုက်ပါနိုင်ရေးအတွက် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် ရေရရှိမှုနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေများကို ဆက်လက်လေ့လာမှုများ ပြုလုပ်ရဦးမည်ဖြစ်သည်။ အင်္ဂါဂြိုဟ်နှင့် ပတ်သက်သည့် သုတေသနပြုမှု ၁၀ နှစ်နှင့် အင်္ဂါဂြိုဟ်သို့ လူလိုက်ပါရေး အစီအစဉ်အကောင်အထည်ဖော်ရေးအတွက် ၁၀ နှစ် လျာထားပြုလုပ်ရန် စီစဉ်ထားသည်။

အာကာဟိန်း – ရေးသားသည်

နိုင်ငံတကာသတင်း

အစ္စရေးတိုက်ခိုက်မှု အီဂျစ်စိုးရိမ်

ဆီးရီးယားနိုင်ငံအား အစ္စရေးက စစ်ရေးကျူးကျော်မှုသည် နိုင်ငံတကာ ဥပဒေကိုချိုးဖောက်ရာရောက်ကြောင်း အီဂျစ်နိုင်ငံကပြောကြားသည်။ အစ္စရေးတိုက်ခိုက်မှုသည် အခြေအနေကို ပိုမိုရှုပ်ထွေးလာစေနိုင်ကြောင်း၊ ယင်းအတွက် စိုးရိမ်ပူပန်မိကြောင်း၊ အီဂျစ်သမ္မတရုံးမှ မေ ၅ ရက်ကကြေညာချက် စတင်ထုတ်ပြန်ခဲ့သည်။ ထိုအတောအတွင်း အာရပ်အဖွဲ့ချုပ်က ယင်းတိုက်ခိုက်မှုကို ရှုတ်ချလိုက်ပြီး ချက်ချင်းအရေးယူဆောင်ရွက်ပေးရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ဆော်ဩတိုက်တွန်းလိုက်သည်။ အစ္စရေးတို့က ယင်းတိုက်ခိုက်မှုသည် အကြမ်းဖက်သမားများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

• •

ဆီးရီးယားကို စစ်သင်တန်းပေးရန် အသင့်ရှိနေဟု အီရန်ပြော

အီရန်နိုင်ငံအနေဖြင့် ဆီးရီးယားစစ်တပ်ကို လေ့ကျင့်သင်တန်းပေးရန် အသင့်ရှိကြောင်း အီရန်ကြည်းတပ်ဗိုလ်ချုပ် အာမက်ရေဇာပေါ်ယာဒါစတန်က ပြောကြားလိုက်သည်။ ဆီးရီးယားစစ်တပ်သည် အစ္စရေး၏နှစ်ပေါင်းများစွာ ကျူးကျော် ရန်စမှုအပေါ် အတွေ့အကြုံများရရှိထားပြီဖြစ်ကြောင်း၊ ပြည်ပအကူအညီမလိုဘဲ နိုင်ငံကိုကာကွယ်နိုင်သည့် စွမ်းရည်လည်းရှိကြောင်း ပေါ်ယာဒါစလန်က မေ ၅ ရက်တွင် သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားလိုက်သည်။ သို့သော် မူဆလင်နိုင်ငံအချင်းချင်းဖြစ်သည့်အတွက် ဆီးရီးယားအကူအညီလိုမည်ဆိုလျှင် လိုအပ်သည့်လေ့ကျင့်သင်ကြားမှုကို ကူညီပေးမည်ဖြစ်ကြောင်း အဆိုပါ အီရန်တပ်မှူးက ပြောသည်။ အစ္စရေးက ဆီးရီးယားစစ်ဘက်ဆိုင်ရာသုတေသနကိုလေကြောင်းမှ တိုက်ခိုက်ခဲ့ပြီးနောက် ပေါ်ယာဒါစတန်က အထက်ပါအတိုင်း မှတ်ချက်ချပြောကြားခဲ့သည်။

• •

အမေရိကန် မီးစိမ်းပြ၍ အစ္စရေးက ဆီးရီးယားကိုတိုက်ခဲ့သည်ဟု အီရန်ပြောကြား

အမေရိကန် မီးစိမ်းပြ၍ အစ္စရေးက ဆီးရီးယားကို တိုက်ခဲ့သည်ဟု အီရန်ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်အာမက်ဗာဟီဒီကပြောကြားသည်။ ဇီယွန်နစ်အစိုးရခေါ် အစ္စရေးက ၎င်း၏စစ်လေယာဉ်များ ဆီးရီးယားကို ပစ်မှတ်ထားတိုက်ခိုက်မည်ဖြစ်ကြောင်း ပြောကြားပြီး မကြာမီအစ္စရေးက မေ ၅ ရက်တွင် ဒမတ်စကတ်မြို့ အနောက်မြောက်ပိုင်းရှိ ဂျမ်ရာယာစစ်ဘက် သုတေသနဌာနကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်သမ္မတ ဘားရက်အိုဘားမားကလည်း အစ္စရေးအနေဖြင့် ဆီးရီးယားကို လေကြောင်းမှတိုက်ခိုက်ခြင်းသည် မှန်ကန်မှုရှိကြောင်း မေ ၄ရက်က ပြောကြားခဲ့သည်။ ဆီးရီးယားအနေဖြင့် အစ္စရေး၏ကျူးကျော်ရန်စမှုကို အလျှော့ပေးလိမ့်မည်မဟုတ်ကြောင်း၊ ဆီးရီးယားပြည်သူများကို ကာကွယ်ပေးရန် ဆီးရီးယားစစ်တပ်အနေဖြင့် တာဝန်ရှိကြောင်း ဆီးရီးယားပြန်ကြားရေးဝန်ကြီး အိုမန်အယ်လ်ဇိုဘီက ပြောကြားသည်။

မြင့်မောင်စိုး–စုစည်းသည်

လူသားမှတ်ဉာဏ်နှင့် ဝဲယာ လက်သီးဆုပ်များ

“မှတ်ဉာဏ်ကောင်းချင်ရင် သင်၏လက်သီးဆုပ်များကို တင်းတင်းဆုပ်လိုက်ပါ”။

အထက်ပါအကြံပြုစကားသည် အမေရိကန်နိုင်ငံရှိစိတ်ပညာရှင်တစ်စုတို့သုတေသနပြုခဲ့ရာမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ လက်သီးများကို တင်းတင်းဆုပ်ပေးခြင်းဖြင့် မှတ်ဉာဏ်တိုးစေနိုင်ဟု သုတေသနသစ်တစ်ရပ်က အကြံပြုထားသည်။

လက်ယာဘက်လက်သီးကို စက္ကန့်ကိုးဆယ်ကြာခပ်တင်းတင်း ဆုပ်ပေးခြင်းဖြင့် မှတ်ဉာဏ်ဖြစ်ပေါ်မှုကို ဖြည့်ဆည်းမှုပေးနိုင်ကြောင်း၊ ထို့အတူ ဝဲလက်သီးကို တင်းတင်းဆုပ်ထားခြင်းက ဉာဏ်အလွှာရှိ မှတ်သားမှု စဉ်းစားဉာဏ်ကို အားကောင်းစေနိုင်ကြောင်း နယူးဂျာစီရှိ မောင့်ကလဲယားစတိတ်တက္ကသိုလ်မှ ပညာရှင်အဖွဲ့က ဆိုသည်။

လက်တွေ့သုတေသနတွင် ကျားမ လူကြီး ၅၀ တို့ဖြင့် စမ်းသပ်ရာ၌ စာရင်းရှည်ကြီးတစ်ခုမှ စကားလုံးများကို မှတ်သားခိုင်းစေရာတွင် ၎င်းတို့လက်သီးဆုပ်ပြီး မှတ်သားချိန်တွင် ပိုမိုမှတ်မိနေသည်ကို တွေ့ရှိခဲ့ကြသည်။

ရိုးရိုးရှင်းရှင်းခန္ဓာကိုယ်လှုပ်ရှားမှုများက ဦးနှောက်လုပ်ငန်းစဉ်များကို အခိုက်အတန့်အားဖြင့် ပြောင်းလဲမှုဖြစ်ပွားစေနိုင်ခြင်းကြောင့် မှတ်ဉာဏ်တိုးတက်မှုဖြစ်ရကြောင်း သုတေသနခေါင်းဆောင် ရတ်ပရိုပါးက အကြံပြုရှင်းလင်းသည်။

လက်အပြုအမူတို့သည် စိတ်ခံစားချက်များကို ထုတ်ပြလျက်ရှိကြောင်း ယခင်သုတေသနများက ဖော်ပြထား၏။ စိတ်ဆိုးဒေါသထွက်ချိန် သို့မဟုတ် အူမြူးပီတိဖြစ်နေချိန်တွင်ယာဘက်လက်သီးကို ဆုပ်ထားတတ်ခြင်းသည် သဘာဝဖြစ်ပြီး စိတ်ဆင်းရဲဝမ်းနည်းနေချိန်များနှင့် ပူဆွေးသောကများနေရချိန်များတွင် ယာဘက်လက်သီးများ ဆုပ်ထားတတ်ခြင်းကို ဥပမာအဖြစ် ပြသသည်။

လက်ယာဘက်လက်များ တင်းတင်းဆုပ်ကိုင်ခြင်းသည် ဦးနှောက်၏ လက်ဝဲဘက်အခြမ်းကို အကျိုးသက်ရောက်မှုရှိပြီး ထို့အတူပင် လက်ဝဲဘက်လက်တို့တင်းဆုပ်ထားမှုက လက်ယာဘက်ဦးနှောက်ဘက်ခြမ်းကို အကျိုးသက်ရောက်မှုရှိစေကြောင်း သုတေသနပြု တွေ့ရှိပြီးဖြစ်သည်။

မှတ်သားနိုင်မှုတို့ကို ဦးနှောက်နှစ်ခြမ်းစလုံးက လုပ်ဆောင်ဖွယ်ရှိကြောင်း၊ အထူးအကဲဖြစ်ရသည်မှာ လက်ဝဲဘက်ဦးနှောက်ကမှတ်သားပြီး လက်ယာဘက်ခြမ်းက ပြန်ဖော်ထုတ်ခြင်းဖြစ်နိုင်ကြောင်း သုတေသနက ဆိုသည်။

ထို့အပြင် လက်သီးတင်းတင်းဆုပ်ခြင်းက နှုတ်ပြောဉာဏ်ရည်၊ ရုပ်ပုံ၊ နေရာနှင့် စကားလုံးများကို မှတ်ဉာဏ်နှင့် အခြားမှတ်ဉာဏ်ပိုင်းများ ကောင်းမွန်တိုးတက်မှုဖြစ်စေနိုင်မည်လားဆိုသည်ကို ထို့ထက်မက သုတေသနပြုရဦးမည်ဖြစ်ကြောင်း ဦးစီးခေါင်းဆောင်ဖြစ်သူ ရတ်ပရိုပါးက ပြောကြားခဲ့သည်။

မောင်သံဆင့် – ရေးသားသည်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

စိုက်ခင်းကျွန်းနှင့် သဘာဝကျွန်း ဘယ်သူကပိုကောင်းသလဲ

ဝင်းချစ်(အမျိုးသားစာပေဆုရ)

မြန်မာနိုင်ငံသည် ကျွန်းအများဆုံးပေါက်ရောက်သည့် နိုင်ငံဖြစ်သည်သာမက ကမ္ဘာပေါ်တွင်ရှိသည့် ကျွန်းသစ်များအနက် အကောင်းဆုံး ကျွန်းသစ်များထွက်ရှိသည့် နိုင်ငံလည်းဖြစ်ပါသည်။ မြန်မာကျွန်းသည် နာမည်ကျော်ကြားသည်နှင့်အမျှ ဈေးကောင်းရရှိသဖြင့် အင်္ဂလိပ်အစိုးရလက်ထက်ကပင် ကျွန်းစိုက်ခင်းများကို စတင်တည်ထောင် (Establish) ခဲ့ပါသည်။ ကျွန်းအထူးစိုက်ခင်းများကို ၁၉၉၈ ခုနှစ်မှ စတင်၍ နှစ် ၄၀ စီမံကိန်းဖြင့် နှစ်စဉ်ဧကပေါင်း ၂၀၀၀၀ တည်ထောင်လျက်ရှိပါသည်။ ထို့အပြင် ၂၀၀၅ ခုနှစ်မှစတင်၍ နိုင်ငံတော်အစိုးရက ပုဂ္ဂလိကလုပ်ငန်းရှင်များအား ကျွန်းစိုက်ခင်းများတည်ထောင်ခွင့်ပြုရာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလကုန်အထိ ၂၀၃၀၀၃ ဧက တည်ထောင်ပြီးဖြစ်ကြောင်း သိရသည်။

ဤတွင် လူအများစိတ်ဝင်စားလျက်ရှိကြသည့် မေးခွန်းတစ်ခုမှာ စိုက်ခင်းမှရသည့် ကျွန်းသစ်သည် ယခုလက်ရှိသုံးစွဲနေသည့် သဘာဝသစ်တောများမှရရှိသည့် ကျွန်းသစ်ကို မီပါမည်လားဟုဖြစ်ပါသည်။ လူတို့စိုက်သည့် ကျွန်းသည် သဘာဝအလျောက် ပေါက်သည့်ကျွန်းကို မမီနိုင်ဟု လူအများထင်မြင်ယူဆထားကြသည်။

စာရေးသူအနေဖြင့် အိန္ဒိယနိုင်ငံ ဒါရာဒွန်းရှိ သစ်တောသုတေသနဌာနနှင့် မြန်မာနိုင်ငံရေဆင်းရှိ သစ်တောသုတေသနဌာနတွင် စမ်းသပ်ခဲ့သည့် သဘာဝကျွန်းနှင့် စိုက်ခင်းကျွန်းတို့၏ ရုပဆိုင်ရာနှင့် အင်အားဆိုင်ရာ ဂုဏ်သတ္တိများမှ ရေချိန်သိပ်သည်းဆ (Specific Gravity) ပေါ်တွင် အခြေခံလျက် ဆွေးနွေးတင်ပြလိုပါသည်။ ဝတ္ထုတစ်ခု၏ ရေချိန်သိပ်သည်းဆဆိုသည်မှာ ယင်းဝတ္ထုသိပ်သည်းခြင်းကို ၄ဒီဂရီစင်တီဂရိတ်တွင်ရှိသော ရေ၏သိပ်သည်းခြင်းဖြင့် နှိုင်းယှဉ်ထားခြင်း ဖြစ်ပါသည်။ သစ်သား၏ ရေချိန်သိပ်သည်းဆကို နိုင်ငံတကာစံအဖြစ်သတ်မှတ်ရာတွင် သစ်သားအခြောက်၏ အလေးချိန် (Oven Dry Weight) နှင့် သစ်သားအစို၏ ထုထည် (Green Volume) တို့အပေါ်တွင် အခြေခံပါသည်။ ယင်းကို ရေချိန်သိပ်သည်းဆအစို (Green Specific Gravity သို့မဟုတ် Basic Specific Gravity) ဟု သတ်မှတ်ပါသည်။

အိန္ဒိယနိုင်ငံဒေသအသီးသီးတွင် ပေါက်ရောက်သည့် သဘာဝကျွန်းနှင့် စိုက်ခင်းကျွန်းတို့၏ ရေချိန်သိပ်သည်းဆအစိုများကို ဇယားတွင် ဖော်ပြထားပါသည်။ ယင်းဇယားတွင် ဖော်ပြထားချက်အရ စိုက်ခင်းကျွန်း၏ ရေချိန်သိပ်သည်းဆသည် ၀ ဒသမ ၅၂၀ မှ ၀ ဒသမ ၆၂၇ အထိရှိပြီး သဘာဝကျွန်း၏ ရေချိန်သိပ်သည်းဆသည်လည်း ၀ ဒသမ ၅၂၀ မှ ၀ ဒသမ ၆၅၃ အထိရှိသဖြင့် သိသာစွာမကွာခြားကြောင်း တွေ့မြင်နိုင်ပါသည်။ တစ်နည်းအားဖြင့် စိုက်ခင်းကျွန်းသည် သဘာဝကျွန်းနှင့် အလေးအပေါ့တူညီပါသည်။ ထို့အပြင် ရေဆင်းသစ်တောသုတေသနဌာနမှ သုတေသနပြုမှုများအရ သက်တမ်း ၁၄ နှစ်၊ နှစ် ၂၀၊ ၂၅ နှစ်နှင့် နှစ် ၃၀ သက်တမ်းအသီးသီးရှိသော စိုက်ခင်းကျွန်းများ၏ ရေချိန်သိပ်သည်းဆ အစိုသည် ၀ ဒသမ ၅၁၈ မှ ၀ ဒသမ ၅၉၁ ရှိပြီး ပျမ်းမျှ ၀ ဒသမ ၅၅၉ ရှိပါသည်။ ယခင် စမ်းသပ်ချက်များအရ သဘာဝကျွန်း၏ ရေချိန်သိပ်သည်းဆအစိုသည် ၀ ဒသမ ၅၉၀ ရှိသဖြင့် ကွာခြားမှုမရှိလှပါ။

သစ်မျိုးတစ်မျိုး၏ ကျုံ့မှုကြွမှုနှင့် အင်အားဆိုင်ရာ ဂုဏ်သတ္တိများသည် ယင်းသစ်မျိုး၏ ရေချိန်သိပ်သည်းဆဖြင့် ဆက်နွှယ်မှုရှိပါသည်။ ရေချိန်သိပ်သည်းဆများသောသစ်မျိုးတွင် သစ်သားဆဲလ်နံရံ (Cell Wall) များထူပြီး သစ်အမျှင်ပါဝင်မှုများပြားသဖြင့် ကျုံ့မှုကြွမှုများသကဲ့သို့ အင်အားလည်း ပိုကောင်းပါသည်။

ထို့ကြောင့် စိုက်ခင်းကျွန်း၏ ရေချိန်သိပ်သည်းဆသည် သဘာဝကျွန်း၏ ရေချိန်သိပ်သည်းဆနှင့် ကွာခြားမှုမရှိသဖြင့် စိုက်ခင်းကျွန်း၏ ကျုံ့မှုကြွမှုနှင့် အင်အားတို့သည် သဘာဝကျွန်းကိုမီကြောင်း ကောက်ချက်ချနိုင်ပါသည်။

သစ်မျိုးတစ်မျိုးကို အသုံးပြုရာတွင် သွင်ပြင်လက္ခဏာ ရုပ်ဆင်းအင်္ဂါ (Feature) နှင့် အရောင် (Colour) တို့သည်လည်း အဓိကအရေးပါသည့် အချက်ဖြစ်ပါသည်။ ထို့ကြောင့် သဘာဝကျွန်းနှင့် စိုက်ခင်းကျွန်းဘယ်သူကပိုလှသလဲဆိုသည့် မေးခွန်းပေါ်လာပါသည်။ စာရေးသူအနေဖြင့် လုံးပတ်ကြီးသည့် သဘာဝကျွန်းပင်မှရသည့် ကျွန်းသစ်ခွဲသားပင်ဖြစ်သော်လည်း အရောင်ဖျော့ပြီး လုံးပတ်ငယ်သည့် စိုက်ခင်းကျွန်းပင်မှရသည့်ကျွန်းသစ်ခွဲသားသည် အရောင်ရင့်ပြီး အနက်စင်းများပါသည်ကိုလည်း တွေ့မြင်ဖူးပါသည်။ ကျွန်းပင်၏ ပင်ကိုမျိုးရိုးဗီဇနှင့် ယင်းပေါက်ရောက်သည့် ဒေသပတ်ဝန်းကျင်၏မြေ၊ ရာသီဥတုစသည့် အချက်များပေါ်တွင် အဓိကမူတည်ပါသည်။

ထို့ကြောင့် မျိုးရိုးဗီဇကောင်းပြီး ကျွန်းဖြစ်ထွန်းသည့် သဘာဝပတ်ဝန်းကျင်တွင် စိုက်ပျိုးသည့် စိုက်ခင်းကျွန်းသည် သဘာဝကျွန်းကဲ့သို့ပင် လှပနိုင်ကြောင်း ကောက်ချက်ချလျှင် မှားမည်မဟုတ်ပါ။

ဤတွင် သက်တမ်းငယ်သည့် သစ်ပင်များမှရရှိသည့် သစ်လုံးများ၏ အဓိကအားနည်းချက်များကို ထည့်သွင်း၍ စဉ်းစားရန်လိုအပ်ပါသည်။ အရွယ်သေးသည့် သစ်လုံးများတွင် ပါဝင်သည့် သက်နုသစ်သား (Juvenile Wood) ပါဝင်မှုနှုန်းသည် အရွယ်ကြီးသည့် သစ်လုံးများတွင်ပါဝင်သည့် သက်နုသစ်သား ပါဝင်မှုနှုန်းထက်များပါသည်။ ထို့အပြင် သက်နုသစ်သား၏ သိပ်သည်းခြင်း၊ ရေချိန်သိပ်သည်းဆနှင့် အင်အားဆိုင်ရာ ဂုဏ်သတ္တိများသည် သက်ရင့်သစ်သား (Mature Wood) ကို မမီပါ။ ထို့အပြင် သက်နုသစ်သားသည် အခြောက်ခံရာတွင်လည်း လိမ်ကောက်လွယ်ပါသည်။ ထို့ကြောင့် သဘာဝကျွန်းဖြစ်စေ၊ စိုက်ခင်းကျွန်းဖြစ်စေ သက်တမ်းငယ်လျှင် သစ်လုံးအရွယ်ငယ်သဖြင့် သက်နုသစ်သားပါဝင်မှုနှုန်း များပြားခြင်းကြောင့် ယင်း၏ဂုဏ်သတ္တိကို တိုးတက်ကောင်းမွန်လာအောင် မျိုးရိုးဗီဇအင်ဂျင်နီယာနည်းပညာ (Genetic Engineering) ဖြင့် ပြုပြင်ရန် သုတေသနပြုနေကြပြီဖြစ်ပါသည်။

အချုပ်ဆိုရလျှင် စိုက်ခင်းကျွန်းသည် သဘာဝကျွန်းနှင့် သက်တမ်းတူပြီး သစ်လုံးအရွယ်ချင်းလည်း မကွာခြားပါက ယင်း၏ဂုဏ်သတ္တိသည် သဘာဝကျွန်း၏ ဂုဏ်သတ္တိကိုမီနိုင်ပါသည်။ အဓိက အရေးအကြီးဆုံးအချက်မှာ မျိုးကောင်းမျိုးသန့် ကျွန်းစေ့များကို သေချာရွေးချယ်ပြီး သိပ္ပံနည်းကျ ပျိုးထောင်ကာ ကျွန်းဖြစ်ထွန်းသည့် နေရာ (Site) ၌သာ ကျွန်းစိုက်ခင်းများကို တည်ထောင်ရန်ဖြစ်ပါသည်။

စိုက်ခင်းကျွန်းနှင့် သဘာဝကျွန်း၏ ရေချိန်သိပ်သည်းဆ နှိုင်းယှဉ်ချက်

စဉ်	ဒေသ	ရေချိန်သိပ်သည်းဆ အစို	
		သဘာဝကျွန်း	စိုက်ခင်းကျွန်း
၁	ကာရာလာ(Kerala)	0.555	0.533
၂	အန်ဒါမန်(Andaman)	0.587	-
၃	ဩရစ္စ(Orissa)	-	0.609
၄	Iamataka	0.532	0.627
၅	ပူရီအလယ်ပိုင်း၊ဩရစ္စ	-	0.580
၆	Dandeli, Karanataka	-	0.568
၇	ဒါရာဒွန်း၊အူတာပရာတေ့ရှ်	-	0.570
၈	ဂိုရက်ပါ(Gorakhpur.U.P)	-	0.578
၉	ဟာဒဝါ(Hardwar,U.P)	-	0.572
၁၀	Hwoshangahad,M.P	-	0.572
၁၁	Kurseong, W.B	0.593	-
၁၂	Liloach, Kerala	0.614	-
၁၃	မာလာဘာ(Malaber,Kerala)	0.614	-
၁၄	နီလမ်ဘာ(Nilambur,kerala)	0.621	0.564
၁၅	N.Kenera,Karnataka	0.566 (girdled)	0.553
၁၆	Soeni,M.P.	0.653	0.520
၁၇	S.Chanda(Maharashtra)	0.526	-
၁၈	S.Coimbatore. T.N.	0.637	-
၁၉	ပူရီတောင်ပိုင်း(S.Puri,Orissaa)	-	0.535
၂၀	W.Thana,Maharashtra	0.577	-
	ပျမ်းမျှ	0.575	0.568

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် အမှတ်(၃)ရပ်ကွက် လှိုင်မြို့နယ်တွင် ဒုတိယအကြိမ် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၉ရက်က ကျင်းပရာ ငွေလှုရတနာ အဘိဓမ္မာသင်တန်းမှ သင်တန်းမှူး သဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဒေါ်ခင်သန္တာဦး (လူမှုထူးချွန်)က ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသိန်းဦး ထံသို့ စာရေးကိရိယာများ ပေးအပ်လှူဒါန်းစဉ်။

(မီးမီးလှိုင်)

အသစ်စိုက်ပျိုးထားသည့် သစ်ပင်များကြောင့် ကမ်းနားလမ်းတစ်လျှောက် နေပူရှိန်သက်သာလာတော့မည်

ရန်ကုန် မေ ၆

ရန်ကုန်ကမ်းနားလမ်းမသစ်နှင့် လမ်းဟောင်းကြားတွင် ယခုအခါ သစ်ပင်များစိုက်ပျိုးနေကြောင်း၊ နေအပူရှိန်ပြင်းထန်နေသောကာလတွင် စိုက်ပျိုးခြင်းဖြစ်၍ ပတ်လည်တိုင်စိုက်ခြင်း၊ အစိမ်းရောင်ဆန်ခါပါးများဖြင့်ကာရံခြင်း၊ နေ့စဉ်ရေလောင်းခြင်းများ မြင်တွေ့ရကြောင်း ကမ်းနားလမ်းနေ ပြည်သူများက ဆိုသည်။

ယခုစိုက်ပျိုးသော အပင်များမှာ ပျမ်းမျှ ငါးပေဝန်းကျင်အမြင့်ရှိကြောင်း၊ ကမ်းနားလမ်းမသစ်ဘေးလမ်းဟောင်းအကြားတွင် အစိမ်းရောင်ပတ်လည်ခြံများ မြင်တွေ့နေရသည်ဟု သိရသည်။ ယင်းအပင်များ ရှင်သန်၍ နှစ်ကြာလာလျှင် ကမ်းနားလမ်းသစ်တစ်လျှောက် အပူရှိန်မြင့်မားမှုကို ခံစားနေရခြင်းမှ သက်သာလာနိုင်သည်ဟု လမ်းသွားလမ်းလာများက ဆိုသည်။

ဘုန်းကြီးလမ်းထိပ်မှ လမ်းမတော်အထိ လမ်းမသစ်ဘေးတွင် ၈ လက်မအကျယ်ရှိ သံပြားတန်းနှစ်တန်းဆင့်ထားသော အကာအရံများ စိုက်ထူပြီးစီးပြီး လမ်းမတော်မှလသာဘက်သို့လည်းကောင်း၊ ဗိုလ်တထောင်ဘက်ခြမ်းတွင်လည်းကောင်း ယင်းသံပြားတန်းနှစ်ဆင့်ကာရံမှု လုပ်ဆောင်နေကြောင်း တွေ့ရသည်။

အဆိုပါ ကမ်းနားလမ်းမပေါ်တွင် ကုန်တင်ယာဉ်ကြီးများ အပြိုင်အဆိုင်မိုင်နှုန်းမြင့်မောင်းနှင်မှုများ ရှိနေဆဲဖြစ်ကြောင်း၊ ဗိုလ်တထောင်ရှိ လမ်းအသုံးပြုခ ကောက်ခံသည့်စခန်းကို သစ်လုံးတင်ယာဉ်ဝင်တိုက်ထားသည့်သတင်း၊ ဓာတ်ပုံ၊ ယခုအပတ်ထုတ်နေ့စဉ်သတင်းစာများက ဖော်ပြထားရာ စည်းကမ်းရှိစွာမောင်းနှင်ရေးကြီးကြပ်ပေးရန် လိုအပ်လာသည်ဟု ခရီးသည်များက ပြောကြားသည်။

ခင်ဆိုင်

ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အလှူငွေများ လှူဒါန်းနိုင်ပါရန် နှိုးဆော်ခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံအတွင်း ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ စက်ရေတွင်းတစ်တွင်းလျှင် ကုန်ကျစရိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

	၂"Ø x ၂၀၀'	၂"Øx ၄၀၀'	၄"Øx ၂၀၀'	၄"Øx ၄၀၀'
(က) စက်ရေတွင်းတူးဖော်ခြင်း	၄.၉၅ သိန်း	၉.၀၅ သိန်း	၉.၉၅ သိန်း	၁၉.၀၅ သိန်း
(ခ) လေမှုတ်စက်+အင်ဂျင်တပ်ဆင်ခြင်း	၂.၃၅ သိန်း	၃.၂၅ သိန်း	၂.၃၅ သိန်း	၃.၂၅ သိန်း
(ဂ) ရေစက်ရုံဆောက်လုပ်ခြင်း	၄.၇ သိန်း	၄.၇ သိန်း	၄.၇ သိန်း	၄.၇ သိန်း
(ဃ) ဂါလန်(၂၀၀၀)ဆံ့ရေကန်	၁၃ သိန်း	၁၃ သိန်း	၁၃ သိန်း	၁၃ သိန်း
စုစုပေါင်း	၂၅ သိန်း	၃၀ သိန်း	၃၀ သိန်း	၄၀ သိန်း

၂။ သို့ဖြစ်ပါ၍ စေတနာရှင် ပြည်သူအလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။ လှူဒါန်းလိုပါက ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၀၂၆၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ငန်း) ဖုန်း-၀၆၇-၄၀၉၂၁၁၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံကိန်း) ဖုန်း-၀၆၇-၄၀၉၃၆၂၊ ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး) ဖုန်း-၀၆၇-၄၀၉၄၀၉၊ ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၁-၂၀၂၇၁၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် ရေအကျိုးဆယ်ပါးကို မတောင်းဘဲနှင့် ပြည့်စုံနိုင်စေကြောင်း နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပွင့်ဖြူမြို့နယ်၌ ထုတ်ပေး

ဆိပ်ဖြူ မေ ၆

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးပွဲ အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသဲဖြူခန်းမ၌ မေ ၁ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်မြင့်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းလတ်က လယ်ယာမြေဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်မြင့်ကမြင်က၀၊ ချင်တောင်အုပ်စုမှ တောင်သူကိုယ်စားလှယ် နှစ်ဦးအား လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်များ ပေးအပ်ခဲ့သည်။ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း အခမ်းအနားကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရုပ်သိမ်းခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူကိုယ်စားလှယ်များတက်ရောက်ခဲ့ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်အစောင်ရေ ၃၁၁ စောင်ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြို့နယ် ပြန်/ဆက်)**

ကြီးငယ်မဟူ သတိမူ ရန်သူမီးကိုသာ

ပြည်ထောင်စုရှေ့နေချုပ်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ စင်ကာပူနိုင်ငံ၌ ဥပဒေရေးရာများဆွေးနွေး

နေပြည်တော် မေ ၆

ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင် ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံရှေ့နေချုပ်၏ ဖိတ်ကြားချက်အရ ဧပြီ ၂၉ ရက်မှ မေ ၃ ရက်အထိ စင်ကာပူသမ္မတနိုင်ငံသို့ ဥပဒေပညာဖလှယ်ရေး လေ့လာရေးခရီးသွားရောက်ရာ ပြည်ထောင်စုရှေ့နေချုပ်သည် ဧပြီ ၂၉ ရက်တွင် စင်ကာပူနိုင်ငံရှေ့နေချုပ် Mr. Steven Chong.SC၊ ဒုတိယရှေ့နေချုပ် Mrs.Koh နှင့်လက်ထောက်ရှေ့နေချုပ် Mr. Jeffrey Chan Wah Teck, SC တို့နှင့် မြန်မာ-စင်ကာပူနှစ်နိုင်ငံဆိုင်ရာဥပဒေအကူအညီပေးရေးကိစ္စများကို ဆွေးနွေး ဖလှယ်ကြသည်။

ပြည်ထောင်စု ရှေ့နေချုပ်သည် ဧပြီ ၃၀ရက်တွင်စင်ကာပူနိုင်ငံ တရားသူကြီးချုပ်နှင့် တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ စင်ကာပူနိုင်ငံ ရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ်၊ လက်ထောက်ရှေ့နေချုပ်နှင့် အဆင့်မြင့်ဥပဒေအရာရှိများ၊ စင်ကာပူနိုင်ငံ အမျိုးသားတက္ကသိုလ်မှ ဥပဒေပါမောက္ခများ၊ ကထိကများနှင့် စင်ကာပူနိုင်ငံ တရားလွှတ်တော်ချုပ်၌ တွေ့ဆုံ၍ မြန်မာနိုင်ငံတရားစီရင်ရေးစနစ်နှင့် တရားဥပဒေစိုးမိုးရေး (The Myanmar Legal System and the Rule of Law) အကြောင်း ရှင်းလင်းပြောကြားကာ ဥပဒေရေးရာ ကိစ္စများကို ဆွေးနွေးကြသည်။ **(အပေါ်ယာပုံ)**

ထို့အတူ မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံ တရားလွှတ်တော်ချုပ် တရားသူကြီးချုပ် Mr. Sundaresh Menon နှင့် ဥပဒေရေးရာကိစ္စများဆွေးနွေးပြီး စင်ကာပူနိုင်ငံ အနုညာတစီရင်ဆုံးဖြတ်ရေးအဖွဲ့အစည်း၊ စင်ကာပူနိုင်ငံ စေ့စပ်ဖျန်ဖြေရေးအဖွဲ့အစည်း၊ ဥပဒေအကယ်ဒမီနှင့် ရှေ့နေများအစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့်ဈေးကွက်စီးပွားရေးစနစ်တွင် စီးပွားရေးဥပဒေများ လက်တွေ့ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးကြသည်။

ထို့ပြင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၂ ရက်တွင် စင်ကာပူနိုင်ငံ ဥပဒေရေးရာနှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. K Shanmugam, SCနှင့်တွေ့ဆုံ၍နှစ်နိုင်ငံဥပဒေရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နိုင်ရေးကို ဆွေးနွေးဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်၌ (၆၇) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကျင်းပ

နေပြည်တော် မေ ၆

နေပြည်တော် မီးသတ်ဦးစီးဌာန၏ (၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် အသက်ကယ်နည်းနှင့် မီးငြိမ်းသတ်နည်း သရုပ်ပြသမှု အခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီက ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်မှူးချုပ် ကျော်ဇံမြင့်နှင့် ရဲချုပ်ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းတို့က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့နောက်နေပြည်တော်ရှိမြို့နယ်အသီးသီးမှ သန္တေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များက အသက်ကယ်နည်းများကို သရုပ်ပြသကြပြီး မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက စစ်ရေးပြတပ်ဖွဲ့ဝင်များ၊ စခန်းသန့်ရှင်းသာယာလှပရေးဆုရ မီးသတ်တပ်ဖွဲ့စခန်းများနှင့် သင်တန်းအသီးသီး၌ ထူးချွန်ဆုရ မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိတ္ထီလာမြို့ ယာယီကယ်ဆယ်ရေးစခန်းများရှိ ဒုက္ခသည်မိသားစုများအတွက် ခရိုင်ကြက်ခြေနီအသင်းမှ နေ့စဉ် သောက်ရေသန့်များ ဖြန့်ဝေလျက်ရှိ

မိတ္ထီလာ မေ ၆

မိတ္ထီလာမြို့ယာယီကယ်ဆယ်ရေးစခန်းများရှိ ဒုက္ခသည်မိသားစုများအတွက် ခရိုင်ကြက်ခြေနီအသင်းမှ နေ့စဉ်သောက်ရေသန့် လီတာ ၃၀၀၀၀ ကျော် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ **(အောက်ယာပုံ)**

"ခရိုင်အားကစားကွင်း၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေး သင်တန်းကျောင်း၊ ရေအရင်းအမြစ်ဦးစီးဌာနစက်ပြင်ရုံ၊ အလက(၂)၊ အမက (၁၆) တို့မှာဖွင့်လှစ်ထားတဲ့ ယာယီကယ်ဆယ်ရေးစခန်းများရှိ ဒုက္ခသည်မိသားစုများအတွက်နေ့စဉ်သောက်ရေသန့် လီတာ ၃၀၀၀၀ ကျော် ပေးပို့ဖြန့်ဝေပေးနေပါတယ်။ ခရိုင်အားကစားကွင်း ခေတ်မီရေသန့်စက်ကြီးတစ်ခုကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီနဲ့ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့ရဲ့ ပံ့ပိုးကူညီမှုနဲ့ တည်ဆောက်ထားပါတယ်။ သန့်စင်ဖို့ရေအတွက် မဟာစည်တိုးချဲ့ရပ်ကွက်မှာရှိတဲ့ ရေစက်ရုံက ပေးပို့ပေးပါတယ်။ အဲဒီ ရေသန့်စက်ကြီးမှာ သန့်စင်ပြီးရေသန့်ကို ဆည်မြောင်းဦးစီးဌာနက ကူညီတဲ့ ရေသယ်ယာဉ်ကြီး တစ်စီးနဲ့ သယ်ယူပြီး ကယ်ဆယ်ရေးစခန်းများကို ဖြန့်ဝေပေးတာပါ" ဟု ခရိုင်ကြက်ခြေနီအသင်း ဦးစီးမှူး (ဒုတိယတန်း) ဦးနေဦးက ပြောကြားသည်။ ကယ်ဆယ်ရေးစခန်းများတွင် ရေလှောင်ကန်များထားရှိပြီး အဆိုပါရေလှောင်ကန်များအားအပတ်စဉ်သန့်ရှင်းရေးပြုလုပ်ပြီးသောက်ရေသန့် ဖြန့်ဝေခြင်းလုပ်ငန်းများကို ခရိုင်ကြက်ခြေနီဦးစီးမှူး မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ရေသန့်ကျွမ်းကျင်ဦးနိုင်လင်းထွန်းနှင့် ကြက်ခြေနီစေတနာရှင်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(၄၃၅)**

ကုန်အမှတ်တံဆိပ်ဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်နိုင်ခြင်းဖြင့် လုပ်ငန်းရှင်များ၏ ကုန်အမှတ်တံဆိပ်များကို အကာအကွယ်ပေးနိုင်

နေပြည်တော် မေ ၆

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် အဖွဲ့ (WIPO)တို့ ပူးပေါင်းကျင်းပသည့် ကုန်အမှတ်တံဆိပ် ဥပဒေ (ဒသမ) မူကြမ်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အဆိုပါ ဥပဒေမူကြမ်းအပေါ် WIPO မှ ပေးပို့သော အကြံပြုချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ခေါင်းစဉ်အသီးသီးဖြင့် ဆွေးနွေးညှိနှိုင်း အမြင်ချင်းဖလှယ်ကြသည်။

ပြည်ပအဖွဲ့အစည်းများအနေဖြင့် ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အဖွဲ့ (WIPO)မှ ဥပဒေကျွမ်းကျင်ပညာရှင်များ၊ ဂျပန်နိုင်ငံ Japan Patent Office (JPO)မှ တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီတို့မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြမည့် အဆိုပါ အစည်းအဝေးကို မေ ၈ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံသည် ၂၀၀၁ ခုနှစ်တွင် WIPO ၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ချိန်မှ စတင်ကာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များအတွက် Focal Ministry အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ အဓိကအားဖြင့် မြန်မာနိုင်ငံအတွက် လိုအပ်လျက်ရှိသည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ဥပဒေကြမ်းများကို ဦးဆောင်ရေးဆွဲခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပညာရှင်များထံမှ အကြံဉာဏ်များ ရယူပြင်ဆင် ပြုစုနေကြောင်း သိရှိရသည်။ ဝန်ကြီးဌာနမှ တာဝန်ယူရေးဆွဲလျက်ရှိသည့်အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေများမှာ တီထွင်မှုမူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ်ဥပဒေနှင့်မူပိုင်ခွင့်ဥပဒေတို့ ဖြစ်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ ကုန်အမှတ်တံဆိပ်ဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်နိုင်ခြင်းအားဖြင့် ပြည်တွင်း၊ ပြည်ပမှ လုပ်ငန်းရှင်များ၏ ကုန်အမှတ်တံဆိပ်များကို ထိရောက်စွာ အကာအကွယ်ပေးနိုင်မည်ဖြစ်ပြီး ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ရာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပေးနိုင်မည့် ဥပဒေတစ်ရပ်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၆

88 နှင့် 1 စာတန်းတစ်ဖက်စီပါ ပန်းရောင်စိတ်ကြွ ရူးသွပ်ဆေးပြားများနှင့် ဘိန်းဖြူမှုန့်များ ကွတ်ခိုင်မြို့တွင် မေ ၂ ရက်က ဖမ်းဆီးရမိခဲ့ကြောင်းသိရှိရသည်။

ဖြစ်စဉ်မှာ မူဆယ်မူးယစ်(အထူး)အဖွဲ့ ကွတ်ခိုင် မူးယစ်လှုပ်ရှားတပ်ဆွယ်ရုံးမှ ရဲအုပ်ဇော်မင်းသိန်း ဦးစီးတပ်ဖွဲ့ဝင်များသည် မေ ၂ ရက် ညနေ ၃ နာရီခွဲက ကွတ်ခိုင်-ကောင်းခါးသွားကားလမ်း ကွတ်ခိုင်မြို့အထွက် ယူကလစ်တောတန်းတွင် စောင့်ဆိုင်းနေစဉ် ကောင်းခါးဘက်မှ ကွတ်ခိုင်သို့ လမ်းလျှောက်လာသူ မအားရွှေ(ခ) ရန်ရွှေမိတ်နှင့် အိုက်ဆမ်တို့အား ရှာဖွေစစ်ဆေးရာ မအားရွှေ(ခ) ရန်ရွှေမိတ်၏ ကျောပိုးအိတ်အတွင်းမှ 88 နှင့် 1 စာတန်းတစ်ဖက်စီပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅ ပြားနှင့် ဘိန်းဖြူ ၁၂ ဂရမ်တို့ကို ရှာဖွေတွေ့ရှိ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မင်းမင်းဇော်(ကလေး)**

ဒီးမော့ဆိုမြို့နယ် ဒေါတမကြီးကျေးရွာ၌ မိုးသက်လေပြင်းများတိုက်ခတ်

လွိုင်ကော် မေ ၆

ဒီးမော့ဆိုမြို့နယ် ဒေါတမကြီးကျေးရွာ ဒေါညေးခူကျေးရွာနှင့် ဒေါဆော်ဖျကျေးရွာတွင် မေ ၅ ရက် ညနေ ၅ နာရီက မိုးသက်လေပြင်းများကျရောက်ခဲ့သည်။

အဆိုပါ ဖြစ်စဉ်ကြောင့် အိမ်ခြေ ၁၈လုံးနှင့် ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်း၊ စာသင်ကျောင်း တစ်ကျောင်း အမိုးများမှာ လေနောက်လွင့်ပါပျက်စီးသွားပြီး ကျေးရွာစပါးကျီများလည်း ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း သိရသည်။

စစ်ဆေးဆောင်ရွက်

ယင်းဖြစ်စဉ်ကြောင့် ကျေးရွာနေပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း၊ ပျက်စီးဆုံးရှုံးမှုတန်ဖိုးများကို ဆက်လက် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

■ ရှေ့ဖုံးမှ

ဆောက်လုပ်ရေးဝန်ကြီးဌာနက ရေနံချောင်းမြို့၊ ချောက်နှင့် ကျောက်ပန်းတောင်းသွားကားလမ်းပေါ်ရှိ ပင်းချောင်းမှာ ချောင်းရေကျလျှင် ကားများခက်ခဲစွာသွားလာခဲ့ရသဖြင့် ၁၉၇၂ ခုနှစ်က ပင်းချောင်းပေါ်တွင် အလျားပေ ၅၇၀၊ အကျယ် ၁၃ပေရှိ ယာဉ်တစ်စီးချင်း သွားလာနိုင်သည့်ဘေလီတံတားတစ်ခုကို တည်ဆောက်ပေးခဲ့ရာ ၁၉၇၄ ခုနှစ် မေလ ၁ ရက်နေ့တွင် ပြီးစီးခဲ့သည်။ ယင်းပင်းချောင်းတံတားမှာ ဘေလီသံပေါင်တံတားဖြစ်ပြီး တစ်လမ်းမောင်း ဖြစ်ကာ ယာဉ်တစ်စီးချင်းသာ ဖြတ်သန်းသွားလာနိုင်သဖြင့် တစ်ဖက်ယာဉ်ကြောမပြီးမချင်း တစ်ဖက်ယာဉ်က စောင့်ဆိုင်းခဲ့ကြရသည်။ ယခုအခါ ယာဉ်များ တိုးပွားလာသဖြင့် ပင်းချောင်းတံတားပေါ်တွင် ကုန်ကား၊ ခရီးသည်တင်ကား၊ ကိုယ်ပိုင်ကား၊ သစ်လုံးကား၊ ကုမ္ပဏီကား၊ သုံးဘီးကား၊ ထော်လာဂျီ၊ ကွန်တိန်နာကား၊ ဆိုင်ကယ်များ တစ်ဖက်နှင့်တစ်ဖက် ယာဉ်ကြောပိတ်ဆို့နေသဖြင့် အချိန်များစွာ စောင့်ဆိုင်းပြီးမှ တစ်ဖက်ယာဉ်ကြောသို့ မောင်းနှင်နေကြရသည်။ ပင်းချောင်းတံတားမှာ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့အထွက် ရန်ကုန်-ပြည်-မန္တလေးလမ်း မိုင်တိုင်အမှတ် ၃၆၇/၀ တွင် တည်ရှိသော သံပေါင်ဘေလီတံတားတစ်စင်းဖြစ်သည်။ ရန်ကုန်- ပြည်-မန္တလေးလမ်းမှာ မော်တော်ယာဉ်သွားလာမှုများပြားသောလမ်း ဖြစ်သောကြောင့် မကြာခဏ ယာဉ်ကြောပိတ်ဆို့မှုရှိသော တံတားတစ်စင်းဖြစ်သည်။

ခရီးသွားပြည်သူများသွားလာရေး အဆင်ပြေချောမွေ့စေရန်နှင့် ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်စေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တာဝန်ပေးချက်အရ အထူးစီမံကိန်းကြီးအဖွဲ့(၃)မှ နှစ်လမ်းသွား ပင်းချောင်းတံတားသစ်ကြီးကို ၉-၉-၂၀၁၂ ရက်က ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပပြီး စတင်ဆောက်လုပ်ခဲ့သည်။ ပင်းချောင်းတံတားသစ်ကြီးမှာ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့အထွက် မန္တလေးကားလမ်းပေါ်တွင် တည်ရှိသည်။ နှစ်လမ်းမောင်း အရှည်ပေ ၇၂၀ (ပေ ၉၀ ရှစ်ခန်း) ဖြစ်သည်။ ကားလမ်းအကျယ်မှာ ၂၄ ပေ၊ လူသွားလမ်းအကျယ်မှာ တစ်ဖက်နှစ်ပေ ခြောက်လက်မ၊ ယာဉ်တစ်စီးချင်းဝန်အလေးချိန်မှာ ၇၅ တန်ဖြစ်သည်။ ပင်းချောင်း နှစ်လမ်းသွားတံတားသစ်ကြီးကို အင်ဂျင်နီယာများ၊ ဝန်ထမ်းများ၊ နေ့စားအလုပ်သမားများ၊ စက်ယန္တရားကြီးများဖြင့် နေ့မအားညမနား တည်ဆောက်ခဲ့ရာ ယခုအခါ လုံးဝပြီးစီးနေပြီဖြစ်သည်။ ပင်းချောင်းတံတားသစ်ကြီးကို ခြောက်လအတွင်း အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့သဖြင့် မကြာမီ တံတားသစ်ကြီးပေါ်မှ ကားများ ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်သည်။ နှစ်လမ်းသွား ပင်းချောင်းတံတားသစ်ကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး အထူးစီမံကိန်းကြီး(၃) လက်ပန်ခြေပေါ်က ငွေကျပ် ၂၉၀၃ သန်း အကုန်အကျခံ၍တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

ပင်းချောင်းတံတားသစ်ကြီး ပြီးစီးပါက ယခင်က ဘေလီတံတားပေါ်မှ ယာဉ်တစ်စီးချင်း သွားလာခဲ့ရသည့် ဘေးဒုက္ခမှ ကင်းဝေးပြီး ယာဉ်နှစ်စီးအသွားအပြန် လျင်မြန်စွာ ဖြတ်သန်းနိုင်တော့မည်ဖြစ်ရာ သွားလာရေးအဆင်ပြေပြီး ကုန်စည်စီးဆင်းမှုလွယ်ကူလျင်မြန်စွာ ကူးသန်းရောင်းဝယ်နိုင်တော့မည်ဖြစ်သည်။

ဦးတင်လှိုင်(မိတ္ထီလာ)

မီးမလောင်ခင် သတိယူဉ် ကြိုတင်ကာကွယ်ပါ

ပြည်တွင်းသတင်း

ကျောက်ပန်းတောင်းမြို့နယ် ရေပေးဝေရေးလုပ်ငန်း ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၆

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်သို့ ရောက်ရှိရာ မြို့နယ်အမှုဆောင်အရာရှိက ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်နေသည့် အင်တောကျေးရွာမှ သီရိမင်္ဂလာရေကန်သို့ ၁၀ လက်မ ရေသွယ်ပိုက်ဖြင့်သွယ်တန်းပြီး မြို့ရေပေးဝေရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရိုးခြားကျေးရွာ စက်ရေတွင်းတူးဖော်မှုတို့ကို ရှင်းလင်းသည်။ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး၊ ပြည်သူလူထုထံ သောက်သုံးရေအမြန်ရရှိရေးနှင့် နိုင်ငံတော်ဘဏ္ဍာငွေအား စနစ်တကျသုံးစွဲရေးတို့ကို မှာကြားသည်။

ထို့နောက် ရေဂါလန်တစ်သိန်းဆံ့ ရေစုကန်အတွင်း ရေသိုလှောင်ထားရှိမှုနှင့် စက်ရေတွင်းမှ ထွက်ရှိလာသည့် ရေအရည်အသွေးကိုလည်းကောင်း၊ သီရိမင်္ဂလာရပ်ကွက်၌ ရေဂါလန် နှစ်သိန်းဆံ့ ရေစုကန်တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ယင်းနောက် စကားဝါမြေဖောင်ဒေးရှင်း နာယကအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပသည့် စကားဝါမြေဖောင်ဒေးရှင်းနှင့် စကားဝါမြေလယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စားများ အထောက်အကူပြုရေးအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ပြီး စကားဝါမြေဖောင်ဒေးရှင်းအနေဖြင့် မြို့နယ်အတွင်းရှိ ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍတို့၌ လိုအပ်ချက်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီ မြို့နေပြည်သူလူထုတို့ သောက်သုံးရေ အပြည့်အဝရရှိတော့မည် ဖြစ်ကြောင်း၊ ဖောင်ဒေးရှင်း၏ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရန် ဒေသခံပြည်သူများ အားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် လုပ်အားဒါနနှင့် ငွေအားဒါနတို့ကိုလည်း တတ်နိုင်သလောက် ထည့်ဝင်လှူဒါန်းကြစေလိုကြောင်း၊ ဖောင်ဒေးရှင်း ရေရှည်ခိုင်မာစေရန်အတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူများ အထင်မှားအမြင်မှား မရှိစေရန် ဂရုတစိုက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မျိုးဆက်သစ်လူငယ်များ ပါဝင်ဆောင်ရွက်လာစေရန် တာဝန်ပေးအပ်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဖတ်ကြားရှင်းလင်း

ဆက်လက်၍ စကားဝါမြေဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးအောင်ကြည်က ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည်အစီရင်ခံစာကိုလည်းကောင်း၊ စကားဝါမြေလယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စားများ အထောက်အကူပြုရေးအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းညွန့်က ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် လုပ်ငန်း အစီရင်ခံစာကိုလည်းကောင်း ဖတ်ကြားရှင်းလင်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆုရရှိကြသူများအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။

စကားဝါမြေ ဖောင်ဒေးရှင်းအနေဖြင့် သုံးနှစ်တာကာလအတွင်း ပညာရေး၊ ကျန်းမာရေး၊ သာသနာရေး၊ လူမှုရေးကဏ္ဍများအတွက် ငွေကျပ်သိန်း ၁၇၃၀ ကျော်သုံးစွဲခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးထစ်ချုန်း

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

ဆရာဝန်များ ဆေးရုံဆေးခန်းထိုင်၍ ကုသပေးနေရုံနှင့်မရ ထိထိရောက်ရောက် ကာကွယ်တားဆီးနိုင်ရေးကြိုးပမ်း

နေပြည်တော် မေ ၆

ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် စာရင်းဇယား တိတိကျကျပြည့်စုံစွာ ရရှိအောင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သို့မှသာ စီမံချက်နှင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိကျမှန်ကန်စွာ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူအတွင်း ထဲထဲဝင်ဝင်ရှိမှ ကျန်းမာရေးပြဿနာများကို ဖော်ထုတ်ဖြေရှင်းဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်၍ ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကြိုးပမ်းကြစေလိုကြောင်း။

ကျေးရွာများတွင် မိခင်နှင့်ကလေးကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို စေတနာ့ဝန်ထမ်း၊ ကျန်းမာရေးလုပ်သားများ၏ အကူအညီရယူမှုကြောင့် မိခင်နှင့်ကလေးသေနှုန်း ပိုမိုကျဆင်းအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့အတူ ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်မှ ငှက်ဖျားရောဂါဖြင့် သေဆုံးမှုကို စေတနာ့ဝန်ထမ်းလုပ်သားများ လေ့ကျင့်မွေးထုတ် ဆောင်ရွက်စေခြင်းဖြင့် ထိရောက်သော ကာကွယ်ကုသမှုများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သို့သော်လည်း အစွမ်းထက် ငှက်ဖျားဆေးဖြစ်သည့် အာတီမီဆီးနင်း ဆေးယဉ်ပါးမှုပြဿနာကို နယ်စပ်ဒေသများတွင် တွေ့မြင်နေကြရပြီဖြစ်၍ မြန်မာနိုင်ငံအတွင်းပိုင်းသို့ ရောက်ရှိလာနိုင်ကြောင်း၊ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှုများလာသည့်အလျောက် တစ်ကမ္ဘာလုံးသို့ လျင်မြန်စွာ ပျံ့နှံ့ရောက်ရှိသွားနိုင်သည့် အန္တရာယ်ကို အလေးထား ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် မြန်မာနိုင်ငံဆေးပညာရှင် အဖွဲ့မှ ကျင်းပသည့် ဆီးချို၊ သွေးချိုနှင့် မျက်စိထိခိုက်ခြင်းဆိုင်ရာ ဟောပြောဆွေးနွေးပွဲ၌ အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

တီဘီရောဂါ ကာကွယ်ရေးအနေဖြင့် တီဘီရောဂါဆေးယဉ်ပါးသည့် ပြဿနာကို ခေတ်မီ Bio-safety Level-3 ဓာတ်ခွဲခန်းများရှိရာ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင်သာ စစ်ဆေးဆုံးဖြတ်နိုင်သဖြင့် ပိုမိုတိုးချဲ့ ဖွင့်လှစ်နိုင်ရန်လိုအပ်ကြောင်း။

HIV အေအိုင်ဒီအက်(စ်) ရောဂါ ကုသပေးရာတွင်လည်း ရောဂါရှိသူ သုံးပုံတစ်ပုံကိုသာ ဆေးကုသပေးနိုင်သေးသည့် အခြေအနေမှ ပိုမိုတိုးချဲ့ကုသမှုပြုလုပ်ရန်ရှိကြောင်း၊ ကူးစက်တတ်သော ရောဂါမဟုတ်သည့် ဆီးချို၊ သွေးချိုရောဂါနှင့် သွေးတိုးရောဂါကြောင့် ဖြစ်ပွားသေဆုံးမှုနှုန်းသည် သုတေသနတွေ့ရှိချက်များအရ တဖြည်းဖြည်းများလာသည်ကို တွေ့ရှိရကြောင်း၊ ဆရာဝန်များအနေဖြင့် ဆေးရုံဆေးခန်းထိုင်၍ ကုသပေးနေရုံနှင့်မရ၊ ထိထိရောက်ရောက် ကာကွယ် တားဆီးနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က မေ ၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့မှ ကျင်းပသည့် ဆီးချို၊ သွေးချိုနှင့် မျက်စိထိခိုက်ခြင်းဆိုင်ရာ ဟောပြောဆွေးနွေးပွဲ (Symposium on Diabetic Retinopathy) ၌ ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့မှ ပညာရှင်များက ဆီးချို၊ သွေးချိုနှင့် မျက်စိထိခိုက်ခြင်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ဟောပြောကြပြီး ဟောပြောပွဲတက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

တောင်ပိုင်းဒေသများတွင် နေ့အပူချိန်အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် မေ ၆

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်အောက် ၈ ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်မှာ ကြို့ပင်ကောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၆၂ လက်မ၊ ပင်လောင်းမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ မုဒုံမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ ဘော်လခဲမြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ရမည်းသင်းမြို့တွင် ၁ ဒသမ ၄၆ လက်မ၊ ဇောင်းတူမြို့တွင် ၁ ဒသမ ၁၈ လက်မနှင့် ကြို့ပင်ကောက်မြို့တွင် ၁ ဒသမ ၁၀ လက်မတို့ဖြစ်ကြသည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မီးဘေးလုံခြုံရေးတာဝန်ခံ သင်တန်းအမှတ်စဉ်(၁)ဖွင့်

ရန်ကုန် မေ ၆

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန မီးဘေးလုံခြုံရေးတာဝန်ခံ သင်တန်းအမှတ်စဉ် (၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေး အသိပညာပေးရေးဌာန၌ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းကို မေ၂၃ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ စက်ရုံ၊ အလုပ်ရုံများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများ၊ ကုမ္ပဏီရုံးကြီးများ၊ စျေးများ၊ မီးဘေးစိုးရိမ် ရသောလုပ်ငန်းများတွင် မီးဘေးလုံခြုံရေး တာဝန်ခံအဖြစ် တာဝန်ထမ်းဆောင် မည့်သူများနှင့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင် ၅၀တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာပါရမီ ပညာရေးကရုဏာရှင်အသင်း နှစ်နှစ်မြောက်အထိမ်းအမှတ် စာပေဟောပြောမည်

ကောလင်း မေ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ ပညာပါရမီ ပညာရေးကရုဏာရှင်အသင်း နှစ်နှစ်ပြည့်နှင့် အလှူမှာစာကြည့်တိုက်ဖွင့်ပွဲအထိမ်းအမှတ် စာပေဟောပြောပွဲကို မေ ၁၅၊၁၆ ရက် ညနေ ၆ နာရီခွဲတွင် ကောလင်းမြို့ ကျော်ဇေယျာမြောက် အမှတ် (၂) ဘုန်းတော်ကြီးသင် အခြေခံပညာ မူလတန်းကျောင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ အခမ်းအနားတွင် စာရေးဆရာကြီးများဖြစ်ကြသော အော်ပီကျယ်၊ သာယာဝတီစမ်းစမ်းနွဲ့၊ ဦးဘုန်း(ဓာတု)၊ လေးကိုတင်၊ ကိုသိန်းလွင် (ကျောက်ပုထိုး)တို့က ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။ ဒေသခံ စာပေပညာရှင်များ ပေါ်ထွန်းရေးအတွက် ကဗျာနှင့်ကာတွန်းပြိုင်ပွဲတွင် ဆုရရှိကြသော ရဲနွယ် (ကောလင်း)၊ ဇော်၊ မောင်သူ(ကောလင်း)၊ ဒေါင်းလုလင်၊ လုလင်ငယ်၊ ဒီးဒေါင်၊ ရွှေအုပ်၊ ကူကူဝီ၊ ဖိုးခွားတို့အား ထိုက်တန်စွာ ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(၀၉၂)**

● ကျောဖုံးမှ

ဆွေးနွေးပွဲတွင် ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းက အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေပြုသောနိုင်ငံဖြစ်ကြောင်း၊ နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် စိုက်ပျိုးရေးကို လုပ်ကိုင်ကြသူများဖြစ်ကြောင်း၊ စိုက်ပျိုးရေးကို လုပ်ကိုင်ကြသော တောင်သူလယ်သမားအများစုသည် ဆင်းရဲနွမ်းပါးသူများဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုများရှိ၍ တောင်သူလယ်သမားများ၏လုပ်ငန်းများကို ထိခိုက်မှုရှိကြောင်း၊ ထို့အပြင် စိုက်ပျိုးစရိတ်ချေးငွေ အလုံအလောက်မရခြင်း၊ အတိုးနှုန်းကြီးမားစွာပေးရခြင်း၊ စိုက်ပျိုးရေးနှင့် ပတ်သက်သည့် စက်ကိရိယာ၊ သွင်းအားစုများစသည်တို့ လုံလောက်မှုမရှိသည့်အတွက် ပြဿနာများရှိကြောင်း၊ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေကြောင်း၊ ထို့ကြောင့် ပြည်သူများကို အကျိုးပြုချင်ပါကြောင်း၊ လူမှုစီးပွားဘဝ တိုးတက်ဖို့လိုပါကြောင်း၊ ပြောင်းလဲတိုးတက်မှုအတွက် အမေရိကန်နိုင်ငံက ယခုကဲ့သို့ ဆွေးနွေးပွဲများ ပြုလုပ်ပေးသည့်အတွက် လယ်ယာကဏ္ဍတွင် များစွာ အကျိုးဖြစ်ထွန်းမည်ဟု မျှော်လင့်ပါကြောင်း၊ ပို၍လည်း ကူညီနိုင်လိမ့်မည်ဟုမျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာ့လယ်ယာစိုက် ပျိုးရေးကဏ္ဍနှင့် ပတ်သက်သော နောက်ခံအကြောင်းအရာ၊ အခြေအနေများနှင့် စပ်လျဉ်း၍ USAID Agriculture Officer Mr. Gary Jahn က ဆွေးနွေးတင်ပြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များနှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးကြသည်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Derek Mitchell **ဆွေးနွေးစဉ်။**
(သတင်းစဉ်)

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Derek Mitchell နှင့် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့က ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် တောင်သူလယ်သမားများ အကြွေးတင်လျက်ရှိသဖြင့် ရှေ့ဆက်သွားရန် အခက်အခဲရှိကြောင်း၊ အချို့ဒေသများတွင် လယ်ယာမြေများကို ဒီအတိုင်းထားပြီး အခြားနိုင်ငံများသို့ သွားရောက်အလုပ်လုပ်နေကြသဖြင့် နိုင်ငံအတွက် ဆုံးရှုံးကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်ရန် ဥပဒေပြဋ္ဌာန်းနိုင်ရေး ရေးဆွဲလျက်ရှိပါကြောင်း၊ တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်ရန် ပြဋ္ဌာန်းမည့်ဥပဒေများသည် တရားမျှတပြီး နည်းလမ်းတကျရှိမှသာ တရားဥပဒေစိုးမိုးမှု ရှိနိုင်မည်ဖြစ်ကြောင်း၊ တချို့ ဥပဒေများမှာ ဥပဒေပြဋ္ဌာန်းထားသော်လည်း မလိုက်နာနိုင်ကြကြောင်း၊ ထို့ကြောင့် တရားဥပဒေစိုးမိုးမှု အားနည်းကြောင်း၊ တရားဥပဒေစိုးမိုးအောင် ဥပဒေနှင့်အညီ တရားနည်းလမ်းကျသည့် ဥပဒေပြဋ္ဌာန်းနိုင်ပါက တောင်သူလယ်သမားများအတွက် အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်းဖြင့် ပြောကြားကာ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော် တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ဆွေးနွေးစဉ်။
(သတင်းစဉ်)

❊ ကျောဖုံးမှ

စင်တီမီတာ (ငါးပေခန့်)၊ နောက်သုံးရက်မှ ငါးရက်အတွင်း ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ၁၂၀ စင်တီမီတာ (လေးပေခန့်)၊ နောက်လေးရက်မှ ခြောက်ရက်အတွင်း အောင်လံမြို့နှင့် ပြည်မြို့တို့တွင် ၉၀ စင်တီမီတာ (သုံးပေခန့်) နှင့် နောက်ငါးရက်မှ ခုနစ်ရက်အတွင်း ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၇၅ စင်တီမီတာ (နှစ်ပေခွဲခန့်) လက်ရှိ ရေမှတ်များအထက် မြင့်တက်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၆

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ကကြီးမှူး၍ Elite Tech Group Company က အဓိကကူညီပံ့ပိုးမည့် ၂၀၁၃ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ပြိုင်ပွဲ၏ ဒုတိယပွဲစဉ်အနေဖြင့် Elite Tech Open Golf Championship2013 ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၁၄ ရက်မှ ၁၇ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ရန်ကုန်ဂေါက်ကွင်း (တည်းကုန်း) တွင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Professional အဆင့်နှင့်အပျော်တမ်းအဆင့်ပြိုင်ပွဲ (H' Cap O-12) အဆင့်ရှိသူများသာ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဦးရေ ကန့်သတ်ထားသည်။

အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး (St. Andrew) ဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ထိုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် မေ ၁၁ ရက် မွန်းလွဲ ၂ နာရီနောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေး ငွေကျပ် ၂၀၀၀၀ ဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဖုန်း-၀၉-၄၃၀၉၅၆၇၈၊ မြန်မာပီဂျီအေ ဖုန်း-၀၉-၂၀၃၇၆၇၁၊ ရန်ကုန်ဂေါက်ကွင်း ဖုန်း-၀၉-၇၃၁၅၈၈၀၂နှင့် ၀၁-၆၃၅၅၆၃ တို့တွင် အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်ကြေးပေးသွင်းပြီးသူများသာ မေ ၁၀ ရက် (သောကြာနေ့တွင်) ရန်ကုန်ဂေါက်ကွင်း၌ အခမဲ့ လေ့ကျင့်ကွင်းပတ်ခြင်း (Free Practice Round) ပြုလုပ်နိုင်သည်။

ဒုတိယပွဲစဉ်ပြိုင်ပွဲတွင် အမည်စာရင်းပေးသွင်းပြီး အကြောင်းအမျိုးမျိုးကြောင့် ပြိုင်ပွဲမဝင်နိုင်ပါက မေ ၁၃ ရက်တွင် အကြောင်းကြားပေးရန်ဖြစ်သည်။ အကြောင်းကြားရန်ပျက်ကွက်ပါက နောင်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည် မဟုတ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

❊ ကျောဖုံးမှ

လုပ်ထားတာလည်းရှိတယ်။ ဒေသတွင်း လုပ်ထားတာလည်းရှိတယ်။ ဒေသတွင်းမှာ ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့မှာ Asia Pacific Network စုပြီး လုပ်တဲ့အခါ နိုင်ငံ ပေါင်း ၁၅ နိုင်ငံကနေ ၂၀ ဦး တက် တယ်။ အဖြေက တစ်မျိုးပဲထွက်တယ်။အားရှိတာပေါ့၊ လွန်ကဲရာသီဥတုတွေ တိုးလာတယ်။ အပူရှိန်ပြင်းလာတယ်။ မိုးတွေ လျော့လာတယ်။ နိုင်ငံအားလုံး အဖြေတစ်မျိုးတည်းရတယ်။ ပူပြင်း တယ်ဆိုတာ Regional Problem ပါ။ မြန်မာနိုင်ငံမှာ ပိုဆိုးတယ်။ အခံကိုက ပူနေတဲ့အတွက် နောက်ပိုင်း နှစ်တွေ ၁၉၉၀ ခုနှစ် နောက်ပိုင်း၊ ၂၀၀၀ ပြည့်နှစ် နောက်ပိုင်း ရောက်လာလေ ရောက်လာလေ၊ ပိုပိုဆိုးလာလေ။ ဒီနှစ်ဆိုရင် ကမ္ဘာမှာ အပူဆုံးနှစ် တစ်နှစ်လို့ပြောနေကြတယ်။ အဲဒီတော့ မြန်မာပြည် မိုးလေဝသမှာ **Normal** ဆိုတာ ရှိတယ်။ စံလည်း ရှိတယ်။ အဲဒီစံကို ပြောင်းဖို့လိုတယ်။

ဥပမာ အရင်က မေ ၁၅ ဆိုရင် မုတ်သုံဝင်တယ်။ အဲဒီလို မဝင်တာ အခု (၈၀)ခုနှစ် နောက်ပိုင်း ဘယ်တော့မှ မဝင်တော့ဘူး၊ အခုဆို မုတ်သုံက မေလကုန်မှာဝင်တယ်။ ရာသီဥတု ပြောင်းသွားတယ်။ **Climate Exchange** ပြောင်းလာတယ်။ မိုးလေဝသမှာလည်း နှစ်ပေါင်း (၃၀)လောက် ဆန်းစစ်ပြီးလို့ ဟုတ်ပြီဆိုရင် ဒါ **Normal** ပေါ့၊ မြန်မာပြည်မှာ **Normal** တွေက ပြောင်းသင့်ပြီ၊ မုတ်သုံဝင်တဲ့ ရက်ကအရင်က မေ ၁၅ ရက်။ အခုဝင်တဲ့ရက်က မေလကုန်၊ မုတ်သုံထွက်ရက် အရင်က အောက်တိုဘာ ၁၀၊ အခု စက်တင်ဘာ ၁၅ ရက်၊ အရင်မိုးရာသီက မေ ၁၅ ရက်က အောက်တိုဘာ ၁၀ ရက်ထိ ၁၄၅ ရက် ရှိတယ်။ အခုမိုးရာသီဆိုတာ မေလကုန်မှ စက်တင်ဘာ ၁၅ ရက်၊ (၁၀၅)ရက်ပဲရှိတယ်။ ရက်(၄၀)မရှိတော့ဘူး။ အဲဒါတွေရဲ့ သာဓကက မြန်မာပြည် ရေရှားတဲ့ ပြဿနာပဲ၊ တဖြည်းဖြည်းနဲ့ပြောင်းနေတယ်။ ဒါကို သိတဲ့လူနည်းတယ်။ အဲဒီလိုဖြစ်တဲ့အတွက် နံပါတ်(၁)က အခံကိုက ဘာဖြစ်လဲ၊ နောက်ဒုတိယအချက်က တိုက်တိုက်ဆိုင်ဆိုင်ပဲ ဒီနှစ်မှာ **Facebook** ကြေညာပေးနေတယ်။ ဒါဘာလဲဆိုရင် ရာသီဥတု ပြောင်းလဲတယ်ဆိုတာ မြန်မာပြည်မှာ ရာသီဥတုပြောင်းတယ်ဆိုတာ မုတ်သုံပြောင်းတာပဲ။ အဓိက မြန်မာပြည်က မုတ်သုံရာသီဥတုပဲ၊ မုတ်သုံပြောင်းတော့ ဘာတွေဖြစ်လာလဲဆိုတော့ အဓိကလေးချက်ပေါ့၊ နံပါတ်(၁)က မုတ်သုံဝင်တဲ့ရက်တွေ နောက်ကျသွားတယ်။ အရင်တုန်းက မေ ၁၅ရက်၊ အခုဆိုရင် မေလကုန်မှာဆိုတော့ ၁၅ ရက် နောက်ကျသွားတယ်။

နံပါတ်(၂)က မုတ်သုံထွက်ချိန်ကျတော့ စောတယ်။ အရင်က အောက်တိုဘာ ၁၀မှ ထွက်တယ်။ အခုဆိုရင် စက်တင်ဘာ ၁၅ လောက်က ထွက်သွားပြီး ၂၅ ရက်လောက် စောသွားတယ်။ နံပါတ်(၃)က အဲတော့ မုတ်သုံကာလက အရင်က မေ ၁၅ မှ အောက်တိုဘာ ၁၀ ဆိုတော့ ၁၄၅ ရက်၊ အခုကျတော့ မေလကုန်မှ စက်တင်ဘာ ၁၅ ရက်ဆိုတော့ ၁၀၅ ရက်ပဲ ရှိတယ်။ ရက် ၄၀ လျော့သွားတယ်။ နောက် နံပါတ်(၄)အချက်ကတော့ မုတ်သုံကာလဖြစ်တဲ့ မြန်မာလို မိုးဦး၊ မိုးလယ်၊ မိုးနှောင်း နောက်မိုးတွင်းပေါ့။ နောက် အင်္ဂလိပ်လိုတော့ မုတ်သုံရာသီ ပြက္ခဒိန်လနဲ့ဆိုရင် ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ၊ အဲဒီလေးလအတွင်းမှာ အစဉ်အလာအားဖြင့် ၁၉၈၀ ရှေ့ပိုင်းတစ်လျှောက်လုံး ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းတွေ အဖြစ်ဆုံးပဲ၊ အဖြစ်အများဆုံးလတွေပေါ့၊ ကနေ့လက်ရှိကာလမှာ အဲဒီမုန်တိုင်းတွေ လေးလလုံး မဖြစ်တော့ဘူး၊ ဒီလောက်ထိ ပြောင်းပြန်ကို နည်းသွားတယ်။ အဲဒီ **Inpact** တွေပေါ့၊ မြန်မာပြည်မှာ ခံစားနေရတာ **Inpact** တွေပေါ့၊ မိုးကြိုကာလကြီး ပိုရှည်လာတာတို့ မုတ်သုံအင်အား မမှန်တာတို့ဖြစ်ရတဲ့အတွက်ကြောင့် ဒီလက်ရှိကာလမှာ မိုးကြိုကာလမှာ ဧပြီ ၁၅ တည်းက စခဲ့တာ။ ဒါကြောင့်လည်း သင်္ကြန်အကြို ကရင်ပြည်နယ်မှာ မိုးကြီးတွေပစ်တာ၊ ကျိုင်းတုံမှာ မိုးသီးကြွေတာတွေဖြစ်တယ်။ ဒီတော့ ဒီမိုးကြိုကာလမှာ နွေကရှိနေ တော့အပူရှိန်က မြင့်ပြီးသားပဲ၊ အဲဒီတော့ အပူရှိန်တွေ မြင့်လာတဲ့အတွက် နွေရာသီကို မိုးလေဝသက မတ်လ ၁ ရက်ကစပြီး မတ်လကုန်ပြီးတော့ ဧပြီလ ၁၅ အထိ ကာလမှာ မြန်မာပြည်အပေါ်မှာရှိတဲ့ လေဟာ နွေဆိုတော့ ပူတယ်။ ရေငွေ့လည်း လုံးဝမပါတော့ ခြောက်သွေ့တယ်။ ပူပြင်းပြီး ခြောက်သွေ့တဲ့ကာလပေါ့၊ နောက် အဲဒီကာလပြီးတော့ ဧပြီ ၁၅ ရက်ကနေပြီးတော့ အခုကာလအထိ မေလကုန်ထိသွားမှာ မိုးကြိုပေါ့၊ မိုးကြိုဝင်လာလိုက်တာနဲ့ မြန်မာပြည်ကို ရေနွေးငွေ့ပါတဲ့ လေတွေစဝင်လာတယ်။ ဝင်တဲ့အခါမှာ လက်ရှိမှာဆိုရင် လာတဲ့လေ သုံးမျိုးရှိတယ်။ တစ်မျိုးက မြန်မာနိုင်ငံရဲ့ အနောက်မြောက်ဘက်က ဘင်္ဂလားဒေ့ရှ် အိန္ဒိယမြောက်ဘက်ကဝင်လာတဲ့ လေတွေ လေအေးနဲ့ဖွဲ့စည်းထားတယ်။ သူကတော့ လေအေးတွေနဲ့ ဖွဲ့စည်းထားတယ်။ နောက်ကတော့ မြန်မာပြည်ရဲ့ အရှေ့တောင်ဆိုတာက ထိုင်းပင်လယ်ကွေ့ပေါ့၊ ရေငွေ့ပါတယ်။ အနောက်တောင်ဘက်က ဘင်္ဂလားပင်လယ်အော်ဘက် လေတွေ ဝင်တယ်။ ရေငွေ့ပါတဲ့လေတွေ မြန်မာပြည်ထဲဝင်တယ်။ မြန်မာပြည်ကို သုံးဖက်ကနေဝင်တယ်။ ဝင်တဲ့အခါ လက်ရှိကာလမှာ မြန်မာနိုင်ငံအပေါ်မှာရှိတဲ့ လေထုဟာ ရေငွေ့တွေပါလာတယ်။ ရေငွေ့တွေပါလာတော့ ဒီလိုအချိန်မှာဖြစ်နေတဲ့ သဘာဝက အောက်က မြေကြီးက ပူတယ်။ အပေါ်ကလေက ရေငွေ့ပါတဲ့လေတွေဖြစ်တယ်။ စောစောက နွေရာသီနဲ့မတူတော့ဘူး၊ ဒါကြောင့် ဒီအခြေအနေ (၂)ရပ်ကြောင့် နွေရာသီတုန်းက ခြောက်သွေ့တယ်။ အခုတော့ ရေငွေ့တွေပါတဲ့ လေတွေဖြစ်လာတယ်။ ဒီနေ့ ပူတယ်ဆိုတဲ့ ပြဿနာပေါ်ရတယ်ပေါ့။ ပေါ်ရတဲ့ အကြောင်းရင်းက ဟိုဘက်က နွေရာသီကာလကိုခေါ်တဲ့ မတ် ၁ ရက်ကနေ ဧပြီ ၁၅ အထိ နွေရာသီကာလမှာ လေကခြောက်သွေ့နေပြီးတော့ အဲဒီ လေအပူရှိန်ကို တိုင်းလိုက်ရင် မိုးလေဝသ သာမိုမီတာနဲ့တိုင်းလိုက်ရင် ဒီနေ့တော့ (၃၆)ရပြီ (၃၈)ရပြီ၊ တိုင်းလို့ရတဲ့ အပူချိန်ရတဲ့ အပူချိန်ဟာ လူခံစားရတဲ့အပူချိန် အတူတူပဲ။ ဒါပေမယ့် ဒီဘက်ရေငွေ့ပါလာတဲ့ ကာလရောက်လာတဲ့အခါကျတော့ မူလနေရဲ့ အပူချိန်က အပြင်လေငွေ့အပူချိန် ထပ်ဆောင်းလာတော့ လူတွေဟာ လေအပူချိန်အပြင် ရေငွေ့အပူချိန်ပါ ခံစားလာရတယ်။ လူတွေ တကယ်ခံစားနေတဲ့ အင်္ဂလိပ်လို **Feeling Temperature** မှာ မိုးလေဝသ ကြေညာနေတဲ့အပူချိန်ထက်ပိုပြီး ပူနေတယ်။ ဒါပေမယ့် ဒီခံစားနေတဲ့ အပူချိန်ကို တိုင်းလို့မရဘူး၊ တွက်ယူရတဲ့အတွက် လူသိလည်းနည်းတယ်။ တွက်ယူရတဲ့အတွက် ပညာရပ်အရ ခေါ်ရင် **Heat Index** လို့ခေါ်တယ်။ အဓိပ္ပာယ်ကတော့ **Feeling Temperature** ပေါ့။ မနေ့ကတွက်လိုက်တဲ့အခါမှာ အပူချိန်က (၃၈)C လောက်ဘဲရှိတယ်။ ထအော်လောက်အောင် မပူသေးဘူး၊ ဒီအပူချိန်က ပါးပါးလေးပဲ၊ ရန်ကုန်က တကယ်ပူတယ်ဆိုရင် ၂၀၁၀ တုန်းက (၄၁. ၅) **F** အခုက (၃၈) **F°** ဆိုတော့ အများကြီးနုသေးတယ်။ ဒါပေမယ့် မနေ့က ရေငွေ့က (၅၀)ရာခိုင်နှုန်းအထက် ရောက်လာတယ်။ ပူတဲ့ အပူချိန် ဒီနေ့ကို တွက်ကြည့်လိုက်တော့ ဖာရင်ဟိုက်ကတော့ မှတ်မိတယ်။ (၁၃၀ **F°**)ရှိတယ်။ အပူချိန်ခံစားရတယ်၊ လူတွေ တအားပူတာ ခံစားရမယ်။ အဲဒီအဆင့်ကို ကျန်းမာရေးရှုထောင့်ကကြည့်ရင် **X-ray Danger** လို့ခေါ်တယ်။ အန္တရာယ် အလွန်ကြီးတဲ့ အဆင့်လို့ခေါ်တယ်။ **Heat Stroke** ရတတ်တယ်။ **Heat Stroke** ရရင် အသက်ကြီးတဲ့ လူတွေရယ်၊ အသက်ငယ်တဲ့လူရယ်၊ ရောဂါရှိတဲ့ လူသုံးမျိုး၊ ဒီသုံးမျိုးဟာ **Heat Stroke** ရရင် လေဖြတ်ရင်ဖြတ်မယ်။ ဦးနှောက်သွေးကြောပြတ်ရင် ပြတ်မယ်။ အလွန်အန္တရာယ်ကြီးတဲ့ဒဏ်ကို ခံစားရမယ်။ ယနေ့အဲဒီခေတ်ကို ရောက်နေတယ်။ ပြောချင်တာကတော့ အရင်တုန်းကလည်း ဒီလိုရေငွေ့ပါတဲ့ လေတွေလာတာပဲ။ ဘာလို့ အရင်တုန်းကတော့ ဘာလို့မဖြစ်လဲ၊ အခုကျမှ ဘာလို့ဖြစ်လဲလို့ သိပ်မေးသင့်တဲ့ မေးခွန်းပေါ့၊ အရင်တုန်းကနဲ့ အခုမတူတော့ဘူး၊ ဘာမတူလဲဆိုတော့ ဒီလိုမိုးကြိုဆိုရင် ရေငွေ့ပါတဲ့ လေတွေရောက်လာပြီး အဲဒီရောက်လာတဲ့ လေတွေက မြန်မာပြည်ထဲ ဝင်လာတယ်။ ကုန်းမြေက နွေဆိုတော့ ပူနေတယ်။ ပူနေတဲ့ ကုန်းမြေပေါ်မှာ ရေငွေ့ပါတဲ့ လေဝင်လာရင် မြေပြင်ကနေ အပူပေးမယ်။ အပူတွေရမယ်။ လေက အငွေ့ဖြစ်ပြီး အပူပေးတော့ပွတယ်။ ပွတော့ ပေါ့ပြီး အပေါ်တက်ပြီး ရေဖွဲ့ပြီး တိမ်ဖြစ်တယ်။ ပြီးတော့ မိုးရွာမယ်။ မိုးလည်း ရွာလိုက်ရော အအေးဓာတ်က ရသွားရော၊ အပူချိန်ကကျသွားမယ်၊ အဲဒီလိုလည်း ကျသွားရော၊ တိမ်တွေလည်း ကင်းလာရော၊ တစ်ခါ ထပ်ပူလာပြန်ရော၊ ရေနွေးငွေ့ပျံတဲ့ လေနဲ့ တွေ့ပြန်ရော၊ မိုးတွေရွာရော၊ မိုးလေဝသက သံစဉ်လေးလိုပဲ၊ ဒီသံစဉ်လေးအတိုင်းပဲ တက်လိုက်ကျလိုက်နဲ့၊ သဘာဝတရားက အဲဒီသံစဉ်နဲ့ပဲ သွားတာ၊ နောက်လှည့်ပတ်ဖြစ်စဉ်အရ တက်လိုက် ကျလိုက်နဲ့သွားနေတာ(၂၄)နာရီမှာလည်း အတက်အကျနဲ့ သွားတယ်။ တစ်ဝက်က နေ့၊ တစ်ဝက်က ည၊ နောက်နေ့လည်း နေ့ပြန်လာတယ်၊ ည ပြန်လာတယ်။ တစ်လှည့်စီ သွားနေတယ်။ ရက်(၃၀) တစ်လကိုကြည့်ရင်လည်း လပြည့်၊ လဆန်း၊ လဆုတ်၊ လကွယ် ၁၅ ရက်စီသွားနေတယ်။ တစ်လှည့်စီပဲ၊ တစ်နေ့လုံးသွားလို့ရှိရင်လည်း (၅)လကနွေ၊ (၅)လက ဆောင်း၊ နွေပြီးဆောင်း၊ ဆောင်းပြီးနွေ၊ တစ်လှည့်စီသွားနေတယ်၊ တစ်လှည့်စီသွားမှ အစွန်းတရားကို ရှောင်နိုင်မယ်။ ပူလာပြီး အေးလာမယ်။ အေးလာတာကလည်း အမြဲမသွားဘူး၊ အပူက ပြန်လိုက်လာတယ်။ မဇ္ဈိမပဋိပဒါဘုရားဟောအတိုင်းပဲ၊ အနိစ္စ မမြဲသော တရားသဘောပဲ၊ အပူချိန်တက်တယ်၊ မမြဲဘူး၊ ပြန်ကျတယ်၊ မမြဲဘူး၊ ဘုရားဟောတာ သိပ်မှန်တယ်။ မိုးလေဝသက အခုဒီဟာတွေ ပျက်သွားပြီ၊ တစ်နေ့ကျ ဘယ်လိုဖြစ်သလဲ၊ မိုးကြိုကာလ၊ အခုနပြောတဲ့ ရေငွေ့ပါတဲ့ လေဝင်လာပြီ။ အရင်တုန်းကလိုပဲ အောက်မြေကြီးက ပူတယ်။ အရင်တုန်းက လေပူတယ်။ ပွတယ်။ ပေါ့တယ်။ အပေါ်တက်မယ် မိုးတိမ်ဖြစ်မယ်၊ ဒါပေမယ့် အခုတော့ မိုးမရွာဘူး၊ အဲဒီတော့ ဒီသံစဉ်က ပျက်သွားပြီ၊ အဲဒီမိုးမရွာတဲ့ အချက်ကြောင့် အပူချိန်က အရင်လို တက်တက်ပြီး ပြန်ကျတာမရှိတော့ဘူး။ အဲဒီနည်းနဲ့ အပူချိန်တိုးလာခြင်း ဖြစ်တယ်။ မိုးမရွာတာတွေ များလာတဲ့အတွက် နောက်ပူနေတဲ့ ကာလကြာလာတဲ့အခါမှာ အပူချိန်က နေအပူရှိန်ပြင်းလာတယ်။ ဘာနဲ့တူလဲဆိုတော့ အိမ်မှာ လျှပ်စစ်မီတာကောက်တာနဲ့ တူနေတယ်။ လျှပ်စစ်မီတာကောက်တဲ့အခါမှာ ဘယ်နှယူနစ်လဲဆိုတာ ကောက်တယ်။ ယူနစ်တွက်တာတော့ ရူပဗေဒမှာတော့သင်တာပေါ့၊ ဒီတစ်အိမ်လုံးက သုံးတဲ့ မီးဝပ်ပေါ်ကြည့်ပြီး ယူနစ်ကို တွက်တယ်၊ မီတာယူနစ်တွက်တဲ့နည်းက ဘယ်လောက်ဝပ်လည်း တွက်ကြည့်ရတယ်။ဘယ်နှစ်နာရီ အချိန် ဘယ်လောက်ကြာအောင်သုံးသလဲဆိုတာ တွက်ကြည့်ရတယ်။ အဲဒီ (၂)ခုကို မြှောက်တော့မှ ဝပ်နဲ့သုံးတဲ့ပါဝါ ဝပ်ပါဝါကိုရတယ်။ မီတာ တစ်ယူနစ်ကိုရတယ်။ အချိန်ကိုလည်း တွက်ကြည့်ရမယ်။ ပူရခြင်းရဲ့ အကြောင်းရင်း နောက်တစ်ခုကတော့ တက်နေတဲ့ အပူချိန် ပြန်ချတယ်။ တစ်နည်းပြောရရင် မိုးရွာတဲ့ဖြစ်စဉ်၊ မိုးရွာခြင်းမရှိခဲ့ရင် အပူချိန်စံချိန်တင်အောင် မမြင့်မားသော်လည်း မိုးမရွာတဲ့ရက်တွေများလာရင် အပူချိန်ဖြစ်တတ် ပါတယ်။ အဲဒီ (၂)ချက်ပါ။ အဲဒါ ရေငွေ့ရှိပြီး မိုးမရွာလို့ ရေငွေ့ရဲ့အပူချိန်ဟာ ရေငွေ့အပူချိန် လေအပူချိန် (၂) ရပ်ပေါင်းပြီးတော့ အဲဒါကို **Heat Index Feeling Temperature** ဖြစ်လာတယ်။ မနှစ်က ရန်ကုန်မှာ ခံစားရတဲ့ အပူချိန်က ၆၂ **C** ရှိတယ်၊ စဉ်းစားကြည့်တော့ ယနေ့ စင်တီဂရိတ် (၁၅၀ **C**) ကျော်ရှိနေတယ်။ အဲဒါ ပြဿနာ အပူချိန်တက်နေတာ၊ အဲဒါထက်ပိုဆိုးတာ အဲဒီတက်နေတာတဲ့၊ တက်နေတာကို မသိတာ။ အဲဒါက ပိုဆိုး တယ်။ အလွယ်တကူလည်း သိလို့ မရဘူး၊ တိုင်းလို့မရဘူး၊ တွက်တဲ့ဟာ အဲဒါကို ယနေ့ဖြစ်နေတဲ့ အပူချိန်ဟာ အဲဒီ(၂)ချက်ကြောင့်ပါပဲ။

မေး။ ။ ဆရာ အပူချိန်မြင့်မားတာနဲ့ခရမ်းလွန်ရောင်ခြည်မြင့်မားတာ ဘယ်လို ပတ်သက်နေပါသလဲ သိပါရစေ။

ဖြေ။ ။ ခရမ်းလွန်ရောင်ခြည်ဟာ ပူတာနဲ့တော့ သိပ်မပတ်သက်ဘူး၊ ဒီရောင်ခြည်ကတော့ အပူထက် အရေပြားကိုပျက်စီးစေတာပေါ့၊ **Microwave** နဲ့ တူတယ်။ ခရမ်းလွန်ရောင်ခြည်ကို နည်းနည်းအဆင့်မြှင့်လိုက်ရင် အဲဒါ **Microwave** ဖြစ်သွားတယ်။ **Microwave** သဘောကို သိတယ်မဟုတ်လား၊ အဲဒီအထဲမှာ ပစ္စည်းတစ်ခုကို ထည့်ထားလိုက်ပြီဆိုရင် **Microwave** ဖြတ်သွားရင် **Microwave** ဆိုတာ ရောင်ခြည်ပဲ။ ရောင်ခြည်ဖြတ်ခိုင်းလိုက်ရင် ဥပမာ အဲဒီပစ္စည်းက အသားဆိုရင် သူ့ရဲ့ **DNA** ပျက်သွားတယ်။ ပျက်သွားတဲ့၊ ကျက်သွားတဲ့ သဘောဖြစ်သွားတယ်။ အဲဒီ **Microwave** လောက် စွမ်းရည်အဆင့်မမြင့်ပေမယ့် အဲဒီခရမ်းလွန်ရောင်ခြည်ဟာ လူပေါ်ကျရောက်ရင် လူ့အရေပြားပေါ်မှာ စောစောကပြောတဲ့ ဆဲလ်တွေပျက်သွားတယ်။ အဲဒီလို ပျက်လိုက်တဲ့အတွက် ပထမအဆင့် နေလောင်တယ်လို့ခေါ်တယ်။ အသားမည်းသွားတယ်။ ခဏခဏပြောတယ်။ မင်းနေပူထဲက လာတာ လား၊ အသားတွေ မည်းသွားတယ်၊ အဲဒီကတစ်ဆင့်တက်သွားတော့ အဲဒီအသားက နေလောင်တဲ့အဆင့်က ကျော်သွားပြီးတော့ အသားအရေက ကျုံ့လာတာတို့၊ အရေးအကြောင်းတွေ ဖြစ်လာတာတို့ တစ်နည်းပြောရင် အရွယ်ကျလာတာပေါ့၊ **Skin Exchange** ဖြစ်လာတယ်။ လူကတော့ အရွယ်မကျဘူး၊ အရေပြားက ကျသွားတယ်။ အဲဒီက နောက်တစ်ဆင့်က ဘာဖြစ်နိုင်သလဲဆိုရင် ခရမ်းလွန်ရောင်ခြည်က စွမ်းရည်မြင့်တော့ မျက်စိကိုသွားထိနိုင်တယ်။ လူတွေမှာ မြင်နိုင်တဲ့ အလင်းကွင်းရှိတယ်။ အဲဒီမှာ အနိမ့်ဆုံး၊ အမြင့်ဆုံးရှိတယ်။ အနိမ့်ဆုံးက အနီပေါ့၊ အမြင့်ဆုံးကတော့ ခရမ်းရောင်ပေါ့၊ လူတွေက အဲဒီအထိ မြင်နိုင်တယ်။ အဲဒီထက် ဟိုဘက်ကျော်သွားရင် စွမ်းအင်ပိုများလာတယ်၊ အဲဒီလိုများလာရင် မျက်စိထိပြီး မျက်စိပျက်သွားနိုင်တယ်။ မျက်စိပျက်တော့ မျက်စိမှာ တိမ်စွဲတာတွေဖြစ်တာပေါ့နော်၊ အဲဒီကနေ နောက်တစ်ဆင့် လူရဲ့အရေပြားပေါ်ကျပြီး၊ အဲဒီကနေ **DNA** ကို သွားထိခိုက်တယ်။ သားသမီးမရနိုင်ဘူး၊ နောက်ဆုံးအဆင့်က အရေပြားကင်ဆာဖြစ်နိုင်တယ်။

ဆက်လက်ဖော်ပြပါမည်

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မီးသတ်တပ်ဖွဲ့နေ့အခမ်းအနား စစ်ကိုင်းတွင်ကျင်းပ

စစ်ကိုင်း မေ ၆

(၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို စစ်ကိုင်းမြို့ ပြည်သူ့အားကစားကွင်း၌ မေ ၅ ရက် နံနက် ၇ နာရီခွဲက ကျင်းပရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်ဝေနှင့် ဌာနဆိုင်ရာများ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးစောလွင်မြင့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြပြီး ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက မီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားကာ မီးသတ်ဦးစီးဌာနသို့ အလှူရှင်များလှူဒါန်းသော အလှူငွေကျပ် ၂၇၇၄၈၀၀ ကို တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ထို့နောက် စစ်ကိုင်းမြို့မှ ဦးသူရ (ကုန်မျိုးစုံရောင်းဝယ်ရေး)က မီးငြိမ်းသတ်ရာတွင် အသုံးပြုရန်အတွက် ရေဂါလန် ၉၄၀၀ ဆံ့ မီးသတ်ရေကန်နှင့် မီးသတ်စက်အသေးတို့ကို လှူဒါန်းခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နည်းများကို သရုပ်ပြခဲ့ကြသည်။ **ဇော်မြင့်နိုင်**

မီးသတ်တပ်ဖွဲ့နေ့ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်

မန္တလေး မေ ၆

(၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို မေ ၄ ရက် နံနက် ၆ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့ရပ်ကွက် အိမ်တော်ရာအရန်မီးသတ်စခန်း၌ ကျင်းပသည်။

အဆိုပါစုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစန်းလင်း၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ တပ်ခွဲမှူးအေးကို၊ အိမ်တော်ရာမီးသတ်စခန်း၊ ဒုတိယတပ်ခွဲမှူးမြင့်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ ပြည်သူများကသံဃာအပါး ၁၃၀ အား ဘုံဆွမ်းလောင်းလှူကြသည်။ အလားတူ အောင်နန်းရိပ်သာအနောက် အရန်မီးသတ်စခန်း၌ မန္တလေးခရိုင် အရန်မီးသတ်တပ်ဖွဲ့ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဗိုလ်မင်းနှင့်တပ်ဖွဲ့ဝင်များ၊ မောရဂီဝါအရန်မီးသတ်စခန်းတပ်စုမှူးနိုင်ထွန်းမြင့်နှင့်အဖွဲ့ဝင်များ၊ အောင်မြေသာစံမြို့နယ် ပုလဲငွေရောင် အရန်မီးသတ်စခန်း တပ်ကြပ်ကြီးစိုးလင်းနှင့်တပ်ဖွဲ့ဝင်များကလည်း ဘုံဆွမ်းလောင်းလှူကြသည်။

ထို့နောက် အိမ်တော်ရာစေတီ အနောက်ဘက်အုတ်တံတိုင်းဘေးတွင် စည်းကမ်းမဲ့ပြည်သူများ စွန့်ပစ်ထားသော ပြန့်ကျဲနေသည့် အမှိုက်သရိုက်များ၊ အညစ်အကြေးများကို အိမ်တော်ရာအရန်မီးသတ်တပ်ခွဲမှူးအေးကို၊ ဒုတိယတပ်ခွဲမှူးမြင့်အောင်နှင့်တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ ရေဆိုးထုတ်မြောင်းများ ရေစီးရေလာကောင်းရန် အမှိုက်သရိုက်ရွှံ့နွံများ ဆယ်ယူခြင်းစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (၀၂၆)

ဘဝအလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

စစ်ကိုင်း မေ ၆

ပြည်သူအများ စာပေဗဟုသုတများ တိုးပွားရရှိရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ညောင်ဇင်အုပ်စု ကိုးမြို့ကျေးရွာတွင် မေ ၃ ရက်က ဘဝအလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပခဲ့သည်။

စာကြည့်တိုက်ရှေ့၌ ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်းအခမ်းအနားကိုကျင်းပရာ ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တဝိမလ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် ကိုးမြို့ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ အာဒိစ္စက ဘဝအလင်းရောင်စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းစာကြည့်တိုက် အဆောက်အအုံသည် သွပ်မိုး၊ နံကပ်၊ သမံတလင်းခင်းဖြစ်ပြီး (၂×၃)ခန်းတည်း အလျား ၂၇ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၁၂ ပေရှိ၍ ကျေးရွာပြည်သူများ စုပေါင်းလှူဒါန်းငွေဖြင့် ဆောက်လုပ်ခဲ့ရာ ငွေကျပ် ၄၀၀၀၀၀၀ ခန့်ကုန်ကျခဲ့ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း**

ဝန်းသိုမြို့တွင် ဘိန်းဖြူဖမ်းမိ

စစ်ကိုင်း မေ ၆

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်ရဲစခန်းမှ ဒုရဲအုပ်သန်းဝေဦးနှင့် တပ်ဖွဲ့ဝင်များသည် ဧပြီ ၃၀ ရက် နံနက် ၆ နာရီ ၂၅ မိနစ်က ဝန်းသိုမြို့နယ် ချောင်းဖျားအုပ်စု အနောက်ကုန်းကျေးရွာနေ ဦးကျော်အောင်(၄၅ နှစ်)၏ နေအိမ်ကို အသိသက်သေများနှင့် ရှောင်တခင်ဝင်ရောက်ရှာဖွေကြရာ နေအိမ်မြောက်ဘက် အမှိုက်ပုံအတွင်း၌ သိမ်းဆည်းထားသော ပင်နီဆီလင်ပုလင်းဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်အလေးချိန် ဝ ဒသမ ၁၆ ဂရမ်ခန့်ကို ရှာဖွေတွေ့ရှိ၍ ရှာဖွေပုံစံဖြင့် သိမ်းဆည်းရမိသည်။

အဆိုပါအမှုတွင် ဝန်းသိုမြို့နယ်ရဲစခန်းမှ ကျော်အောင်(၄၅ နှစ်) အနောက်ကုန်းကျေးရွာ ချောင်းဖျားအုပ်စု ဝန်းသိုမြို့နယ်နေသူအား အမှုကိုခိုင်မာအောင်တည်ဆောက်ပြီး အရေးယူထားကြောင်းသိရသည်။ (၀၉၂)

မီးသတ်တပ်ဖွဲ့နေ့အခမ်းအနား မန္တလေး၌ ကျင်းပ

မန္တလေး မေ ၆

မန္တလေးတိုင်းဒေသကြီး(၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေ ၅ ရက် နံနက် ၇ နာရီက အောင်မြေမန္တလာအားကစားကွင်း၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားသို့ မန္တလေးမြို့တော်ဝန်စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်မောင်း၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်ဇံ၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းမောင်လှ၊ အမှတ်(၁) တိုင်းဒေသကြီး၊ ပြည်နယ်မီးသတ်ဦးစီးများရုံးကွပ်ကဲမှုဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်နှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှူး ဒုတိယညွှန်ကြားရေးမှူး ဦးကြည်တိုးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

မီးသတ်တပ်ဖွဲ့ဝင်တို့၏ ရည်မှန်းချက်တာဝန်လေးရပ်ဖြစ်သော မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးကိစ္စများကို ပိုမိုလိုက်နာဆောင်ရွက်သွားကြရန်နှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ၁၀နှစ်တာကာလအတွင်းတစ်နှစ်လျှင် ပျမ်းမျှအကြိမ်ရေတစ်ထောင်ခန့်ဖြစ်ပွားခဲ့ပြီး တန်ဖိုးအားဖြင့် နှစ်စဉ်ပျမ်းမျှငွေကျပ်သန်းပေါင်း ၁၄၀၀ ကျော်ဖိုးခန့်နှင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မီးလောင်မှုအကြိမ်ရေပေါင်း ၁၂၁၉ ကြိမ်ဖြစ်ပွားခဲ့ကာ ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၁၀၇၀၁ သန်းကျော်ရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

မီးသတ်တပ်ဖွဲ့ဝင်များ အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းတွင် မီးလောင်မှုများ ကျဆင်းလျော့နည်းစေရေးအတွက် မီးဘေးလုံခြုံရေး လုပ်ငန်းများကို ပြည်သူလူထုဗဟိုပြုကာ တိုးမြှင့်ဆောင်ရွက်သွားကြရန်နှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက်လည်း ဌာနဆိုင်ရာအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်ကြရန် သဘာဝဘေးဖြစ်ပေါ်လာပါက အမြန်ဆုံးရှာဖွေကယ်ဆယ်နိုင်ရန်အတွက် စွမ်းဆောင်ရည်ပြည့်ဝအောင် လေ့ကျင့်ထားကြရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

ထို့နောက် ဝန်ကြီးက စစ်ရေးပြ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ဆုများချီးမြှင့်ပြီး မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးသတ်စွမ်းရည်သရုပ်ပြသခြင်းအမျိုးမျိုးတို့ကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအဆင့် မီးသတ်စခန်းနှင့် အရန်မီးသတ်စခန်း သန့်ရှင်းသာယာလှပရေးဆု၊ မီးသတ်သရုပ်ပြထူးချွန်ဆုများကို ချီးမြှင့်ခဲ့ကြသည်။ **တင်မောင်(မန္တလေးကိုယ်ပွား)**

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ရမည်းသင်း၊ သာစည်နှင့် ပျော်ဘွယ်မြို့နယ်များသို့ ကွင်းဆင်း

မန္တလေး မေ ၆

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးမြင့်သန်းသည် ဧပြီ ၃၀ ရက်က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၊ ရမည်းသင်းခရိုင် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်တို့ လိုက်ပါလျက် ရမည်းသင်းမြို့နယ်အတွင်း တိုင်းဒေသကြီးအစိုးရအစီအမံဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိသော ဆည်ငယ်၊ ကန်ငယ် ၂၀၆ ခုအနက် ဥမ္မာတခန့်ကန်၊ ထိန်ကန်၊ ကန်ကြီးရိုးကန်၊ ကန်တွင်းလေးကန်နှင့် တောင်လုံးကန်တို့ကို စစ်ဆေးသည်။ ဥမ္မာတခန့်ကန်နှင့် ထိန်ကန်တို့မှာ ရာနှုန်းပြည့် ပြီးစီးလျက်ရှိပြီး ကျန်ကန်ငယ်များကို ပြုပြင်ဆောင်ရွက်လျက်ရှိရာ ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ဇော်ကဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက စက်ယန္တရားများ အသုံးပြုရာတွင် စွမ်းအားပြည့်ရရှိရေး၊ စက်သုံးဆီမပြတ်လပ်ရေး၊ စက်များ ရွှေ့ပြောင်းရာတွင် အချိန်ကြန့်ကြာမှုမရှိဘဲ ရွှေ့ပြောင်းနိုင်ရေး၊ မိုးမကျမီ လုပ်ငန်းအားလုံးပြီးစီးရေးတို့ကို အသေးစိတ်မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် တွင်းတိမ်များတူးဖော်၍ မြေအောက်ရေထုတ်ယူသုံးစွဲပြီး မိုးကြိုချည်မျှင် ရှည်ဝါစိုက်ပျိုးလျက်ရှိသော ရမည်းသင်းမြို့နယ်ကန်အောက်ကျေးရွာအုပ်စုသို့ သွားရောက်ပြီး တောင်သူများနှင့် တွေ့ဆုံကာ တိုင်းဒေသကြီး အစိုးရမှ သီးခြားအစီအစဉ်ဖြင့် ချည်မျှင်ရှည်ဝါ မျိုးကောင်းမျိုးသန့် စိုက်ပျိုးမှုအခြေအနေနှင့်တိုင်းဒေသကြီးအစိုးရက ပံ့ပိုးနိုင်မည့်အခြေအနေတို့ကို ရှင်းပြပြီး ဝါပင်များရှင်သန်ရေး၊ ပိုးမွှားမကျရောက်ရေးနှင့် အထွက်နှုန်းကောင်းမွန်ရေး ပံ့ပိုးကူညီဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ပျော်ဘွယ်မြို့နယ်အတွင်းတွင် ပြုပြင်လျက်ရှိသည့် မကျီးချောင်းကန်နှင့် ဇီးကန်တို့ရှိ စက်ယန္တရားဖြင့် ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သာစည်မြို့နယ်အတွင်း လူအင်အားဖြင့် ဆောင်ရွက်လျက်ရှိသော လူသုံးကန်နှင့် အုန်းလက်ကြီးကန်တို့တွင် ကန်ပေါင်များ ပီပီပြင်ပြင်ဖြစ်ရေး၊ တူးဖော်၍ ထွက်ရှိလာသော မြေစာများ စနစ်တကျစွန့်ပစ်ရေးတို့ကို မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မြစ်သားမြို့နယ်သို့ရောက်ရှိလာပြီး မြစ်သားမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်နှင့် ဆည်မြောင်းဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိန်တို့လိုက်ပါလျက် မြစ်သားမြို့နယ်အတွင်း တူးဖော်ပြီးစီးသည့် ကင်းတားလက်ဝဲမြောင်းလက်တံ(၂၁)(က)မှ ရေသွင်းနေမှုနှင့် အဆောက်အအုံ၏ ခိုင်ခံ့မှုကို စစ်ဆေးသည်။ **(အောက်ဝဲပုံ)**

ယခုအချိန်တွင် အဆိုပါကန်ငယ်မှကျေးရွာသူ၊ ကျေးရွာသားများ ရေစတင် အသုံးပြုနေနိုင်ပြီဖြစ်သည်။ ဝန်ကြီးသည် ပြုပြင်ဆောင်ရွက်ဆဲဖြစ်သည့် မကျီးကန်သို့ရောက်ရှိပြီး ထွက်ရှိလာသော မြေစာများကို ကျေးရွာလမ်းပြုပြင်ရန် ပေးပို့ခြင်း၊ ကျေးရွာမူလတန်းကျောင်းဝင်းအတွင်း နိမ့်နေသော အပိုင်းများသို့ ပေးပို့ရေးနှင့် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ ပေးပို့နိုင်ရေးတို့ကို ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံဆွေးနွေး၍ စီမံပေးသည်။ အဆိုပါကန်သည် ရေဂါလန် ၃ ဒသမ ၅၄ သန်း သိုလှောင်နိုင်ပြီး ကန်ပြုပြင်ပြီးစီးသွားပါက မကျီးကျေးရွာသို့ ရေပိုက်လိုင်းသွယ်တန်းကာ ကျေးရွာရေပေးဝေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ (၀၄၀)

မော်လူးရှိ ကျေးရွာများ သောက်သုံးရေ လိုအပ်နေ

အင်းတော် မေ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်မြောက်ဖျား မော်လူးဒေသရှိ မန်ဟဲကျေးရွာအုပ်စုအတွင်းမှ မန်ဟဲကျေးရွာ၊ မြေပလ္လင်ကျေးရွာ၊ မလူးကျေးရွာများနှင့် မော်လူးကျေးရွာအုပ်စုအတွင်းမှ ရွာရှည်ကျေးရွာတို့၌ သောက်သုံးရေရှားပါးသည့်ပြဿနာများ ကြုံတွေ့နေကြောင်း သိရသည်။ အဆိုပါကျေးရွာတို့သည် ကချင်ပြည်နယ်မှ မြစ်ဖျားခံစီးဆင်းလာသော လေးတန်ချောင်း၏ အရှေ့ဘက်ကမ်းပါးပေါ်တွင် မြောက်မှတောင်သို့ အစဉ်အတိုင်းတည်ရှိကြပြီး အိမ်ခြေစုစုပေါင်း ၆၁၈ ရှိပြီး လူဦးရေ ၃၂၁၉ ဦး နေထိုင်သည်။

“လေးတန်ချောင်းဘေးက ကျေးရွာတွေက လက်တူးတွင်း၊ ပိုက်တူးတွင်းရေတွေက သံဓာတ်များတယ်။ သဲရေစစ်ကန်နဲ့ သန့်စင်ပြီးမှ သုံးရေအဖြစ်ရပါတယ်။ သောက်ရေကိုတော့ ချောင်းဘေးမှာ လက်ယက်တွင်းတိမ်တူးပြီး အကာအရံထားခပ်ယူသောက်သုံးခဲ့ကြပါတယ်။ လေးတန်ချောင်းဟာ လွန်ခဲ့တဲ့ ရှစ်နှစ်အထိ ဆောင်းနဲ့နွေမှာ ကြည်လင်သန့်ရှင်းနေပြီး လူနှင့် ကျွဲ၊ နွားများ အသုံးပြု၍ ရခဲ့တာကြောင့် အားထားစရာဖြစ်ခဲ့ပါတယ်။ အခုတော့ လေးတန်ချောင်းရေဟာ ရွှံ့အနှစ်များပျော်ဝင်စေးပျစ်နောက်ကျိနေပြီး လူမပြောနဲ့ ကျွဲ၊ နွားများတောင် မသောက်တော့ဘဲ အကြီးစားရေထုညစ်ညမ်းမှု ဖြစ်ပေါ်နေပါတယ်။ အဲဒါကြောင့် လေးတန်ချောင်းဘေးက ကျေးလက်နေပြည်သူများ သန့်ရှင်းကောင်းမွန်တဲ့ သောက်သုံးရေရှားပါးတဲ့ပြဿနာများ ဖြစ်ပွားကြုံတွေ့နေကြရပါတယ်”ဟု အဆိုပါချောင်းဘေးမှာ နေထိုင်သူတစ်ဦးက သူ့အတွေ့အကြုံကို ပြောပြသည်။ အင်းတော်မြို့နယ်ရှိ မြောက်ဖျားမော်လူးဒေသရှိ ကျေးရွာများသည် အရှေ့ဘက်ကံ့ကော်တောင်တန်းမှ စီးဆင်းရေတို့နှင့်အတူ ပို့ချထားသော မြေဩဇာကောင်းမွန်သည့် လွင်ပြင်အဖြစ်တည်ရှိသောကြောင့် စိုက်ပျိုးရေးကို မှီခိုအားထားနေကြသည်။ မျက်မှောက်ကာလတွင် လူနေသိပ်သည်းလာသည်နှင့်အမျှ သန့်ရှင်းကောင်းမွန်သော သောက်သုံးရေရှားပါးသည့်ပြဿနာဖြစ်ပေါ်နေသည်။ ရေမသန့်ရှင်းမှုမှတစ်ဆင့် ရေနှင့်ပတ်သက်သော ဆက်စပ်ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်လာနိုင်သည်။

မန်ဟဲကျေးရွာအုပ်စုအတွင်းရှိ မန်ဟဲကျေးရွာ၊ မြေပလ္လင်ကျေးရွာ၊ မလူးကျေးရွာများနှင့် မော်လူးကျေးရွာအုပ်စုအတွင်းရှိ ရွာရှည်ကျေးရွာတို့၏ သန့်ရှင်းကောင်းမွန်သော သောက်သုံးရေရရှိရေးကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားရန် လိုအပ်နေကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**

ပြည်တွင်းသတင်း

(၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ၌ပထမဦးဆုံး မီးသတ်ပညာပေးသင်တန်းအဆောက်အအုံခန်းမကြီးဖွင့်

ရန်ကုန် မေ ၆

(၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေးအသိပညာပေးသင်တန်းခန်းမကြီးအဖြစ် မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ် Public Education Center သင်တန်းခန်းမအဆောက်အအုံကြီးဖွင့်ပွဲကို ယမန်နေ့မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်း ပြည်လမ်းရှိ အဆိုပါအဆောက်အအုံခန်းမကြီး၌ ကျင်းပခဲ့သည်။ အဆိုပါခန်းမကြီးကို ၂၀၁၀ ခုနှစ် မေ ၁၇ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနက ဦးစီးစတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါတွင် မြန်မာနိုင်ငံ၏ မီးသတ်ပညာပေးရေးသင်တန်းအဖြစ် အောင်မြင်စွာ ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

မီးသတ်တပ်ဖွဲ့နေ့ကို အစဉ်လေးစားတန်ဖိုးထား၍ နိုင်ငံတော်က ကြီးမှူးပြီး နှစ်စဉ်နှစ်တိုင်းခေတ်နှင့်အညီ အောင်အောင်မြင်မြင်ကျင်းပနိုင်ခဲ့သည်မှာ ယနေ့ဆိုရင် (၆၇)နှစ်တိုင်ခဲ့ပြီဖြစ်သည်။ ယခုအခါတွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနက ပြည်သူများအတွက်ရည်ရွယ်၍ မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေး အသိပညာပေးရေးဌာန သင်တန်းခန်းမကြီးကို နိုင်ငံအကျိုး၊ ပြည်သူအကျိုးရည်မျှော်ပြီး ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ သို့ဖြစ်၍ မြန်မာ့အလင်းသတင်းအဖွဲ့အနေဖြင့် အဆိုပါသင်တန်းခန်းမကြီး ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ရဲသူရိန်သင်းဋ္ဌေးရွှေအား သွားရောက်တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

မေး ။ ။ ဆရာရဲ့ နာမည်နဲ့ ဆရာအခုလက်ရှိတာဝန်ယူနေရတဲ့အနေအထားကို သိပါရစေ။

ဖြေ ။ ။ ကျွန်တော့်နာမည် ရဲသူရိန်သင်းဋ္ဌေးရွှေဖြစ်ပါတယ်။ လက်ရှိတာဝန်ထမ်းဆောင်နေရတာကတော့ မြန်မာနိုင်ငံအောက်ပိုင်း မီးသတ်ဦးစီးဌာနမှာ ညွှန်ကြားရေးမှူးတာဝန်ထမ်းဆောင်နေပါတယ်။

မေး ။ ။ အခုသင်တန်းကျောင်းဟာ မြန်မာနိုင်ငံမှာ ပထမဦးဆုံးဖွင့်လှစ်မယ့် သင်တန်းကျောင်းဖြစ်တယ်လို့ သိရပါတယ်။ ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ အကောင်အထည်ဖော် ဖွင့်လှစ်ဖြစ်တယ်ဆိုတာကို ရှင်းပြပေးပါဦး။

ဖြေ ။ ။ ဒီသင်တန်းကို အကောင်အထည်ဖော်ဖွင့်လှစ်ဖို့ရည်ရွယ်တာကြာပါပြီ၊ ဖွင့်လှစ်ရတဲ့ရည်ရွယ်ချက်ကတော့ ပြည်သူတွေရဲ့ အကျိုးစီးပွားကို အလေးထားဆောင်ရွက်တာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ တစ်နေ့ထက်တစ်နေ့ လူဦးရေများလာသလို မီးကြောင့်ပျက်စီးဆုံးရှုံးခဲ့ရတဲ့ တန်ဖိုးကလည်း ကြာလေတန်ဖိုးကများများလာတာကို တွေ့ရပါတယ်။ ဒါ့ကြောင့် ပြည်သူတွေ



မီးကြောင့်ခံခဲ့ရတဲ့ဒဏ်တွေကို သိရှိစေဖို့နဲ့ မီးနဲ့ပတ်သက်ပြီး အခုထက်အသိပညာပိုမိုကြွယ်ဝစေဖို့ ရည်ရွယ်ဖွင့်လှစ်တာဖြစ်ပါတယ်။

မေး ။ ။ သင်တန်းခေါ်ယူတဲ့အခါမှာ ဘယ်လိုသင်တန်းသားတွေကို ခေါ်ယူသင်ကြားပေးဖို့ စီစဉ်ထားပါသလဲ။

ဖြေ ။ ။ သင်တန်းခေါ်ယူတဲ့အခါမှာ စက်ရုံ၊ အလုပ်ရုံ၊ ပြည်သူလူထုအခြေပြုနေတဲ့ ဈေးတွေ၊ စက်သုံးဆီ အရောင်းဆိုင်များမှ ဝန်ထမ်းတွေကို ခေါ်ယူသင်ကြားပေးသွားမှာဖြစ်ပါတယ်။တက်ရောက်လိုတဲ့ သင်တန်းသားတွေအနေနဲ့ အထူးသဖြင့် ကျန်းမာရေးကောင်းမွန်ပြီး အသက် ၄၅ နှစ်ထက်မကြီးစေဖို့နဲ့ ဘွဲ့ရ ပညာတတ်ဖြစ်ရပါမယ်။ သင်တန်းကာလကိုတော့ သုံးပတ်သတ်မှတ်ထားပြီးတော့ စနေ၊ တနင်္ဂနွေ နှစ်ရက်ကိုတော့ သင်တန်းပိတ်ရက်အဖြစ် သတ်မှတ်ပေးထားပါတယ်။ သင်တန်းကို တစ်လတစ်ကြိမ်သင်ကြားပို့ချသွားမှာဖြစ်ပြီး သင်တန်းသားဦးရေကိုတော့ ၅၀ သတ်မှတ်ထားပါတယ်။ သင်တန်းဆင်း အသိအမှတ်ပြုလက်မှတ်လည်း ထုတ်ပေးသွားမှာပါ။

မေး ။ ။ သင်တန်းတက်ရောက်လိုသူတွေကို ဝင်ကြေးအဖြစ် သတ်မှတ်ထားတာရောရှိပါသလား။ သင်တန်းဆရာတွေအနေနဲ့ရော ဘယ်လိုဆရာတွေက သင်ကြားပေးသွားမှာပါလဲခင်ဗျာ။

ဖြေ ။ ။ အခုလောလောဆယ်တော့ သင်တန်းဝင်ကြေးကို ကောက်ခံဖို့အစီအစဉ်မရှိပါဘူး။ နောင်လည်းကောက်ခံသွားဖို့ အစီအစဉ်မရှိပါဘူး။ အတတ်နိုင်ဆုံးအခမဲ့သင်ကြားပေးဖို့ ရည်ရွယ်ထားပါတယ်။ သင်တန်းဆရာတွေကတော့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ နိုင်ငံခြားကို သွားရောက်ပညာသင်ကြားခဲ့တဲ့ နိုင်ငံခြားပြန်ဆရာတွေကော၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က အတွေ့အကြုံရင့်ကျက်ပြီး အငြိမ်းစားယူခဲ့ကြတဲ့ ဝါရင့်ဆရာကြီးတွေ သင်ကြားပေးမှာဖြစ်ပါတယ်။

မေး ။ ။ ဒီသင်တန်းခန်းမကြီးမှာ ရှေးဟောင်းမီးသတ်တပ်ဖွဲ့ဝင်တွေ အသုံးပြုခဲ့တဲ့ သမိုင်းကြောင်းပြခန်းဖွင့်လှစ်ပြသထားတာ တွေ့ရပါတယ်။ ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ ဖွင့်လှစ်ထားတယ်ဆိုတာ သိပါရစေ။

ဖြေ ။ ။ ဒီသင်တန်းကျောင်း အောက်ထပ်မှာ မီးသတ်နဲ့ပတ်သက်တဲ့ ရှေးဟောင်းသမိုင်းဝင်ပစ္စည်းတွေကို ခေတ်နဲ့အညီသုံးစွဲခဲ့မှုအခြေအနေတွေကို ခေတ်လူငယ်တွေ သိရှိနိုင်စေဖို့ ခင်းကျင်းပြသပေးထားတာပါ။ ဒါ့အပြင် မြန်မာနိုင်ငံမှာ မီးလောင်မှုကြီးတွေဖြစ်ခဲ့တဲ့ သမိုင်းကြောင်းဗီဒီယိုတွေကိုလည်း စဉ်ဆက်မပြတ်လေ့လာသိရှိနိုင်စေဖို့ ပြသထားမှာဖြစ်ပါတယ်။

မေး ။ ။ မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနမှာ ဝန်ထမ်းအင်အား ဘယ်လောက်ရှိပါသလဲ။ လက်ရှိနိုင်ငံရဲ့ အခြေအနေနဲ့ မီးသတ်ဝန်ထမ်းအရေအတွက် ပြည့်စုံလောက်မှုရှိပါသလားခင်ဗျာ။

ဖြေ ။ ။ ကျွန်တော်တို့ဆီမှာ မီးသတ်ဝန်ထမ်းဦးရေ အလွန်နည်းပါသေးတယ်။ တစ်နိုင်ငံလုံးမှာ သန္ဓေမီးသတ်ဝန်ထမ်းလေးထောင်ကျော်ပဲရှိပါတယ်။ အရန်မီးသတ်အင်အားကတော့ နှစ်သိန်းခွဲလောက်ရှိပါတယ်။ လက်ရှိနိုင်ငံရဲ့ အခြေအနေနဲ့ဆိုရင် သန္ဓေဝန်ထမ်းအင်အားဟာ အတော်ကို နည်းပါသေးတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ဖွဲ့စည်းပုံတွေ ထပ်ချဲ့ပြီး ဝန်ထမ်းတွေ ထပ်ခေါ်ယူနေပါတယ်။ နိုင်ငံတော်ကလည်း ခေတ်နဲ့အညီ လိုအပ်တဲ့ပစ္စည်းတွေကို ကူညီထောက်ပံ့ပေးလျက်ရှိပါတယ်။

မေး ။ ။ ၂၀၁၂ ခုနှစ်က ကျွန်တော်တို့ဆီမှာ မီးလောင်မှုအကြိမ်ပေါင်း (၁၂၁၉) ကြိမ်ရှိခဲ့တယ်လို့ သိရပါတယ်။ အရင်နှစ်တွေက လောင်ကျွမ်းဆုံးရှုံးခဲ့ရမှုနဲ့ အခုလက်ရှိ လောင်ကျွမ်းဆုံးရှုံးခဲ့ရမှုအခြေအနေနဲ့ပတ်သက်ပြီး ဆရာ့ရဲ့ ယူဆချက်ကို သိပါရစေ။

ဖြေ ။ ။ ဟုတ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မီးလောင်ကျွမ်းဆုံးရှုံးမှုဟာ တစ်နှစ်ထက်တစ်နှစ်ပိုများလာတာကို တွေ့နေရပါတယ်။ ၂၀၁၁ ခုနှစ်ကဆို မီးလောင်ကျွမ်းမှု (၉၂၃)ကြိမ်ပဲရှိခဲ့တယ်။ မနှစ်ကအကြိမ်ပေါင်း ပိုများခဲ့တယ်။ ယခုနှစ်လည်း ဘယ်လိုလာဦးမယ် မသိပါဘူး။ အဲဒါကြောင့် အခုလိုခေတ်နဲ့အညီ မီးနဲ့ပတ်သက်ပြီး ပြည်သူတွေသိသင့်သိထိုက်တဲ့ ပညာတွေပေးချင်တယ်။ မျှဝေချင်တယ်။ ဆုံးရှုံးမှုတွေ တစ်နေ့ထက်တစ်နေ့ များနေတာတွေကို လျှော့စေချင်တယ်။ အဲဒါကြောင့် ဒီသင်တန်းကို နိုင်ငံတော်ရဲ့ ကူညီထောက်ပံ့မှုနဲ့ မီးသတ်ဦးစီးဌာနက မြန်မာနိုင်ငံမှာ ပထမဦးဆုံးအနေနဲ့ စတင်ဖွင့်လှစ်လိုက်ရတာဖြစ်ပါတယ်ဟု ပြောပြခဲ့သည်။

(မြန်မာ့အလင်း)

တွေ့ဆုံမေးမြန်း - မောင်မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

ရန်ကုန် မေ ၆

ရွှေဈေး

အကယ်ဒမီအခေါက်ရွှေ	တစ်ကျပ်သား	၇၁၀၈၀၀
၁၅ပဲရည်(အောင်သမာဓိ)	တစ်ကျပ်သား	၆၇၀၀၀၀

(ရွှေလုပ်ငန်းရှင်အသင်း)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး

အမေရိကန်	တစ်ဒေါ်လာ	၈၉၀ ကျပ်
ဥရောပ	တစ်ယူရို	၁၁၆၂ ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၁၉ ကျပ်
ထိုင်း	တစ်ဘတ်	၂၈. ၄၂ ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆ ကျပ်
တရုတ်	တစ်ယွမ်	၁၃၇ ကျပ်

(သိမ်ဖြူငွေလဲကောင်တာ)

စက်သုံးဆီဈေးနှုန်းများ

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၇၀ ကျပ်

(Max စက်သုံးဆီအရောင်းဆိုင်)

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း

၁။	ငါးကြင်း	တစ်ပိဿာ	၂၂၀၀-၂၄၀၀
၂။	ငါးခူ	တစ်ပိဿာ	၃၂၀၀-၆၀၀၀
၃။	ငါးမြစ်ချင်း	တစ်ပိဿာ	၁၅၀၀-၁၈၀၀
၄။	ငါးရံ့	တစ်ပိဿာ	၂၈၀၀-၅၂၀၀
၅။	ပုစွန်(ရေချို)	တစ်ပိဿာ	၃၀၀၀-၆၈၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၈၀၀၀-၂၇၀၀၀
၇။	ကင်းမွန်	တစ်ပိဿာ	၃၀၀၀-၆၅၀၀
၈။	ကြက်	တစ်ပိဿာ	၃၅၀၀-၉၀၀၀
၉။	ဝက်	တစ်ပိဿာ	၃၅၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၃၀၀၀-၆၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၉၀၀၀-၁၅၀၀၀
၁၂။	ငါးဖယ်	တစ်ပိဿာ	၄၇၀၀-၈၀၀၀

ခင်ရတနာ-စုစည်းသည်

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နှမ်းဆန်	တစ်အိတ်	၁၆၂၀၀-၁၆၇၀၀
၂။	ပေါ်ကွဲ	တစ်အိတ်	၁၉၅၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၂၀၀၀-၂၈၀၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၄၀၀-၁၄၀၅
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၄၁၀-၄၃၅
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၁၈၀၀
၈။	ကြူကုတ်	တစ်ပိဿာ	၁၆၀၀-၁၆၂၅
၉။	ဟဲဟိုး အာလူး	တစ်ပိဿာ	၂၅၀-၆၂၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၁၇၀၀-၁၇၅၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀-၄၈၀၀
၁၂။	သကြား	တစ်ပိဿာ	၈၅၀-၉၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်လိုက်၍ ဈေးနှုန်းပြောင်းလဲနိုင်ပါသည်။

ခင်ဆိုင်

သောက်သုံးရေရရှိ၍ ဒေသခံတို့ ပျော်ရွှင်ဝမ်းမြောက်

ကန်ကြီးထောင့် မေ ၆

ကန်ကြီးထောင့်မြို့နယ် ပုသိမ်-ငပုတောကားလမ်း မိုင်တိုင် ၁၁ မှ အရှေ့ဘက်ဖြတ်ချိုးထားသော မြေသားတစ်မိုင်ခန့်နေရာ၌ တောင်သူလယ်သမား ကရင်/ဗမာလူမျိုးစု အိမ်ခြေ ၂၀၀ ကျော်ရှိသော အစုကြီးကျေးရွာ ရွာမနှင့် ကျေးရွာအုပ်စုငါးအုပ်စုရှိ ရွာများတွင် သောက်သုံးရေကန်များ ခန်းခြောက်နေခြင်း၊ ရေငန်များဝင်ရောက်ထားခြင်းကြောင့် နီညိုညစ်ထပ်ရေညှိများဖြင့် ရောဂါဖြစ်ဖွယ်ရေကန်များမှ မရတမော့၊ ရတမော့ဖြင့် ကန်ရေများ လုယက်သုံးစွဲနေရခြင်းကြောင့် သောက်သုံးရေအခက်အခဲဖြစ်နေကြရသည်။

ထို့ကြောင့် ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီရင်ပြင်ပေါ်ရှိ မြို့မသောက်သုံးရေသန့်စက်ရုံမှ မြို့မဈေးသူ ဈေးသားများနှင့် အနယ်နယ်မှ စေတနာရှင်များ ပေါင်းစုလှူဒါန်းလျက်ရှိသော မြို့မရေသန့်အလှူတော်အသင်းမှ ဥက္ကဋ္ဌဦးကြည်ဝင်းနှင့် အဖွဲ့ဝင်များသည် မေ ၄ ရက်က အဆိုပါ သောက်သုံးရေ အခက်အခဲဖြစ်နေသော အစုကြီးကျေးရွာ ရွာမသို့ ရေသန့်ဂါလန် ၂၀၀၀ ကျော်၊ ရေဘူးကြီးပေါင်း ၅၀ ကျော် သွားရောက်လှူဒါန်းပေးဝေရာ ရွာသူ ရွာသားများ တပျော်တပါး ပျော်ရွှင်မြူးစွာ ကြိုဆိုကြသည်။**(ယာပုံ)**

ကျေးရွာအုပ်စု ဆရာတော်ကြီးများကလည်း မြို့မရေသန့်အလှူတော်အဖွဲ့သို့ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုချီးကျူးထောပနာပြုကြသည်။ အဆိုပါ မြို့မသောက်သုံးရေသန့်အလှူတော်အသင်းသည် ၂၀၁၀ ခုနှစ် ဇွန် ၃၀ ရက်က မြို့မ ဈေးသူ ဈေးသားများနှင့် အနယ်နယ်အရပ်ရပ်မှ စေတနာရှိ ရွာပေါင်းစု၍ မြို့မရေသန့်အလှူတော်အသင်း ဖွဲ့စည်းတည်ထောင်ပြီး မြို့ပေါ်ရှိ ဆေးရုံ၊ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ သောက်သုံးရေအခက်အခဲရှိသော စည်ပင်နယ်မြေအတွင်းရှိ ရပ်ကွက်များ၊ ဟိုင်းကြီး၊ ခမောက်မော်-ကျောက်ချောင်း၊ မော်တင်အရပ်ဒေသများသို့တိုင် နေ့ရက်၊ နာရီမလပ်စုပေါင်း လှူဒါန်းလျက်ရှိကြောင်း၊ ဆက်သွယ်လိုသူများသည် အမှတ် (၉၂၃) ဦးကြည်ဝင်း ဖုန်း-၀၉-၈၅၆၈၂၆၉၊ ၀၄၂-၂၄၇၂၀၊ အတွင်းရေးမှူး သန်းဦးဟန်(ပန်းချီ) ဖုန်း-၀၄၂-၂၅၈၅၀၊ Ext ၂၁၂/ဦးဘဟန် ရွှေတောင်မြေ ဖုန်း-၀၉-၈၅၆၈၂၉၆ တို့သို့ စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

ပုသိမ်လှကြည်

ပြည်တွင်းသတင်း

ပခုက္ကူ-မင်းတပ်လမ်းပေါ်ရှိ ဆင်ဇာတံတားတည်ဆောက်ပြီးစီး

ပေါက် မေ ၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးအထူးအဖွဲ့(၄)က တာဝန်ယူဆောက်လုပ်ခဲ့သည့် ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်လမ်းပေါ်ရှိ ဆင်ဇာတံတားတည်ဆောက်ရေးလုပ်ငန်းများ ယခုအခါ အောင်မြင်စွာ ပြီးစီးသွားပြီဖြစ်၍ **(ယာပုံ)** မကြာမီ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးတာဝန်ရှိသူထံမှ သိရသည်။

တည်ဆောက်ပြီးစီး

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့ အောင်တံခွန်ရပ်ကွက်ရှိ ဆင်ဇာချောင်းပေါ်တွင် ၂၀၁၂ ခုနှစ် ဇူလိုင် ၁၅ ရက်က လုပ်ငန်းစတင်တည်ဆောက်ခဲ့သည့် ဆင်ဇာတံတားမှာ ရှစ်လခန့်အကြာတွင် တည်ဆောက်ပြီးစီးသွားပြီဖြစ်သည်။

ပင်မတံတားအရှည်မှာ ပေ ၄၈၀ဖြစ်ပြီး ချဉ်းကပ်တံတား ပခုက္ကူဘက်ကမ်း ပေ ၃၀၀ နှင့် ကျောက်ထုဘက်ကမ်းမှ ပေ ၂၅၀ (ကတ္တရာကားလမ်း) ဖြစ်သည်။ တံတားအကျယ်မှာ ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် ၃ ဒသမ ၆ ပေစီ ကျယ်ဝန်းကာ ခန်းဖွင့်ဖွဲ့စည်းပုံ ပေ ၉၀ နှစ်ခန်းနှင့် ပေ ၆၀ ငါးခန်း၊ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေ အကျယ် ၇၆ ပေ၊ အမြင့် ၅ ပေဖြစ်သည်။ တံတားအုတ်မြစ် ၀ ဒသမ ၈ မီတာ အချင်းရှိ မီနီဘိုးပိုင်၊ တံတားကိုယ်ထည်နှင့် တံတားအပေါ်ထည်မှာ သံကူကွန်ကရစ်ဖြစ်သည်။ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်သည်။

ဖြိုးစည်သူ(ပေါက်)

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌဖလား အမျိုးသားအမှတ်ပေးဟော်ကီပြိုင်ပွဲဖွင့်ပွဲကို မေ ၄ ရက်က သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်း၌ကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက် အမှာစကား ပြောကြားစဉ်။ သန်းဆွေ(ပန်းဘဲတန်း)

ထိတ်ထိတ်ကြဲ ဒေါင်ဒေါင်မြည် မြန်မာ့ရိုးရာလက်ဝှေ့ကျော်များ၏စိန်ခေါ်ပွဲ သိမ်ဖြူအားကစားခန်းမတွင် ကျင်းပမည်

ရန်ကုန် မေ ၆

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ KSM ရိုးရာလက်ဝှေ့ ပရိုမိုးရှင်းဂရု(ပ်)မှစီစဉ်ကျင်းပမည့် မြန်မာနိုင်ငံ၏အမာဆုံးထိတ်ထိတ်ကြဲ ဒေါင်ဒေါင်မြည် ရိုးရာလက်ဝှေ့ကျော်များ၏ စိန်ခေါ်ထိုးသတ်ပွဲကို ၂၀၁၃ ခုနှစ် မေ ၁၂ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် သိမ်ဖြူအားကစားခန်းမ (ကန်တော်ကြီး)၌ ကျင်းပမည်ဖြစ်သည်။

အသည်းကောင်းလို့ ပွဲတောင်းသူများ၊ အသည်းမာလို့ ပွဲဆာသူများ၏ စိန်ခေါ်လျှင် တိမ်ပေါ်အထိ တက်ထိုးမည့်သူများ၏ အထူးငါးချီစိန်ခေါ်ပွဲများက ပရိသတ်စိတ်ဝင်စားပြီး အကြည့်ချင်ဆုံးတွဲဆိုင်းများ ပါဝင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။

အထူးငါးချီစိန်ခေါ်ပွဲ တွဲဆိုင်းများမှာ ဝင်းထွန်း(အလင်းရောင်)နှင့် တူးတူး(နဂါးမာန်)၊ စိုးလင်းဦး (မျိုးဇာနည်)နှင့် ထွန်းထွန်းမင်း(မုဒ္ဒိုသား)၊ ရဲတံခွန်(အလင်းရောင်)နှင့်ကျားပေါက် (ဘိလပ်မြေစက်ရုံ)၊ ရဲမြတ်အောင် (အဖြူရောင်သွေးသစ်)နှင့် မိုက်ရိုင်း (ရွှေဖူး)၊ သိန်းညီညီ (အလင်းရောင်) နှင့် ဖိုးလပြည့်(ရွှေဖူး)၊ ရန်တိုင်းကျော် (ဝါဆို)နှင့် ဂျိုကာ(ဘိလပ်မြေစက်ရုံ)၊ နိုင်ဝင်း(ဘိလပ်မြေစက်ရုံ)နှင့် ရဲရင့်ထွန်း(မုဒ္ဒိုသား)တို့ ဖြစ်ကြသည်။

မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများ အစဉ်အလာအတိုင်း အနိုင်မခံ၊ အရှုံးမပေး "တစ်ထွာရှိတဲ့မျက်နှာ တစ်တောင်မကွဲပါဘူး" ဆိုသကဲ့သို့ သတ္တိ ဗျတ္တိ အပြည့်ဖြင့် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ကြိုတင်လက်မှတ်များကို ဇော်ပစ်တိုင်းထောင်ဗီဒီယိုအမှတ် (၁၈၀) မြေညီထပ် ၃၅လမ်း (အလယ်) ကျောက်တံတားမြို့နယ်တွင် ဝယ်ယူရရှိနိုင်ပြီး ရုံဝင်ကြေးများမှာ ငွေကျပ် ၈၀၀၀၊ ၁၂၀၀၀၊ ၁၅၀၀၀ အသီးသီး ရှိကြောင်း သိရသည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် SEA Games ပြိုင်ပွဲ မွေထိုင်းအားကစားနည်းအတွက် ပဏာမရွေးချယ်ထားသည့် အတန်းကိုးတန်းမှ လက်ဝှေ့သမားများသည် ဇွန်လနောက်ပိုင်း ပြင်ပပြိုင်ပွဲများ ထိုးသတ်ခွင့်မပြုကြောင်း အသိပေးထားရာ ခြောက်လအတွင်း ပွဲကောင်းများ ရှားသွားမည်ဟု ယူဆရသည်။

ပဏာမရွေးချယ်ထားသူများထဲတွင် ယခုပွဲတွင်ထိုးမည့် ဝင်းထွန်း၊ တူးတူး၊ ထွန်းထွန်းမင်း၊ စိုးလင်းဦး **(အပေါ်ပုံ)**၊ ရဲတံခွန် အပါအဝင် ၁၄ ဦး ရွေးချယ်ထားသည်ဟု သိရသည်။

ပွဲကြီးပွဲကောင်း

ထို့ကြောင့် ပြိုင်ပွဲကြီးများအဆက်ပြတ်သွားနိုင်သဖြင့် ယခုကြုံကြိုက်လာသည့် ကြုံတောင့် ကြုံခဲ ပွဲကြီးပွဲကောင်းတစ်ပွဲကို လက်မလွတ်စေရန် အသိပေးတင်ပြရေးသားလိုက်ပါသည်။

ခင်ခင်ဝင်း(ပညာရေး)

ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ ခင်ဦးမြို့၌ သင်တန်းပေး

ခင်ဦး မေ ၆

မြို့နယ်စီမံခန့်ခွဲရေးကော်မတီမှ ဦးစီးကျင်းပသော ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း ၁/၂၀၁၃ ဖွင့်ပွဲအခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် အုပ်ချုပ်ရေးခန်းမ၌ မေ ၆ ရက် နံနက် ၉ နာရီက ကျင်းပကြောင်း သိရသည်။

သင်တန်းသို့ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသော ဦးအောင်မျိုးငြိမ်းနှင့် ဦးအောင်ကျော်သန်း၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ (မြို့နယ်အုပ်ချုပ်ရေးမှူး) ဦးရာဇာအေး၊ အတွင်းရေးမှူး (လဝက အရာရှိ) ဦးစိုင်းဆိုင်ကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဝင်း၊ မြို့နယ်လူမှုဖွံ့ဖြိုးမှု အထောက်အကူပြုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ စုံညီစွာ တက်ရောက်ကြသည်။

သင်တန်းကို မေ ၆ ရက်မှ ၃၁ ရက်အထိ ရက်သတ္တပတ် လေးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ဘာသာရပ်မှာ ရှစ်မျိုးဖြစ်ကြောင်း သိရှိရသည်။ **ရောင်နီတင်ဝင်း**

မီးသတ်တပ်ဖွဲ့နေ့ ကွတ်ခိုင်ပြည်သူ့ဆေးရုံတွင် အကျိုးပြုဆောင်ရွက်

ကွတ်ခိုင် မေ ၆

မေ ၅ ရက်တွင် ကျရောက်သော (၆၇) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအနေဖြင့် မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်အတွင်းရှိ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၅၀ တို့သည် မေ ၃ ရက် နံနက် ၈ နာရီက မြို့နယ်ပြည်သူ့ဆေးရုံကြီး၏ပရဝဏ်ပတ်ဝန်းကျင်ရှိ မြက်၊ ချုံနွယ်နှင့် အမှိုက်များ ရှင်းလင်းခြင်းတို့ဖြင့် အကျိုးပြုလုပ်အားပေးပွဲကိုဆောင်ရွက်ခဲ့ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်စိုးမောင်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ မိုးမြင့်ဇော်ဝင်းတို့ ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။ **အယ်လ်စိုး (iprd)**

ဆိုင်ကယ်မောင်းနှင်နေစဉ် နောက်မှ ဝင်တိုက်ပြီး ဓားဖြင့်ထိုးမှု ပဲခူးမြို့လယ်ကောင်၌ ဖြစ်ပွား

ပဲခူး မေ ၆

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် မေ ၅ ရက် ညနေ ၆ နာရီခွဲက မသီသီထွန်း (၂၀ နှစ်) စိန်ဟင်းစတိုး(စာရေးတာဝန်) ရွာသစ်(၃)လမ်း ရွာသစ်ရပ်ကွက် ပဲခူးမြို့နေသူနှင့် နိုင်လင်းထက်တို့အလုပ်သိမ်းပြီး ဆိုင်ကယ်ဖြင့် နာရီစင်ဘက်သို့ မောင်းနှင်လာစဉ် ပဲခူးမြို့ မင်းလမ်း KM mart စတိုးဆိုင်ရှေ့တွင် ဝင်းသူအောင်(ခ) ညဏ်လင်းထွန်း(၁၉နှစ်) ရိုးမစတိုးဆိုင် (အလုပ်သမား) ပဲခူးမြို့နေသူက ဆိုင်ကယ်ဖြင့် နောက်မှဝင်တိုက်သဖြင့် မသီသီထွန်း ပြုတ်ကျသွားစဉ် အသင့်ပါလာသော ဓားဖြင့် ထိုးသဖြင့် သီသီထွန်း၏ ညာဘက်ခါးတွင် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဦးခေါင်းတွင် ဖူးရောင်ဒဏ်ရာများရရှိပြီး ပဲခူးဆေးရုံတွင် အတွင်းလူနာ(စိုးရိမ်ရ)ဖြင့် ဆေးကုသနေကြောင်း သိရသည်။

ယင်းဖြစ်စဉ် နှင့်ပတ်သက်၍ ဝင်းသူအောင်အား ပဲခူးအမှတ်(၁) ရဲစခန်းက ချက်ချင်း ဖမ်းဆီးရမိပြီး အမှုဖွင့် အရေးယူထား ကြောင်း သတင်းရရှိသည်။

သန့်စင်

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသောအခြေအနေထိ ဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန်

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင် နေပါ။
(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည် သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အနေဖြင့် နေ့လယ် နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

နိုင်ငံတကာအားကစားသတင်း

စီးရီးအေဖလား ဂျူဗင်တပ်စ်တို့ ဆွတ်ခူး

အီတလီစီးရီးအေပွဲစဉ် ၃၅ ကို မေ ၅ ရက်က ယှဉ်ပြိုင်ကစားတဲ့အခါ တန်းစီဇယားထိပ်ဆုံးက ဂျူဗင်တပ်စ်တို့က ပါလာမိုအသင်းကို အနိုင်ကစားခဲ့ပြီး ဒီနှစ်ဘောလုံးရာသီမှာတော့ စီးရီးအေဖလားကို ဆွတ်ခူးသွားခဲ့ပြီဖြစ်ပါတယ်။ ဂျူဗင်တပ်စ်တို့ အခုလို စီးရီးအေဖလားကို ဆွတ်ခူးနိုင်ခဲ့တာဟာ ဒုတိယနေရာက နာပိုလီအသင်းကို ၁၄ မှတ်အသာ အနေအထားနဲ့ ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။

ဂျူဗင်တပ်စ်နှင့်ပါလာမို

ဒီနှစ်စီးရီးအေမှာ ပွဲတိုင်းနီးပါး ခြေစွမ်းပြနိုင်ခဲ့တဲ့ ဂျူဗင်တပ်စ်ဟာ အခုပွဲအနိုင်ရရင် ဖလားရယူနိုင်ပြီဆိုတဲ့ စိတ်ဓာတ်နဲ့ ဖိဖိစီးစီးအားထည့်ကစားခဲ့ပါတယ်။ ဒါပေမယ့် ဧည့်သည်ပါလာမိုတို့ကလည်း တန်းဆင်းဇုန်ကလွတ်မြောက်ရေးအတွက် ခြေကုန်ထုတ်ပြီး အမှတ်ရသမျှယူဖို့ ကြိုးစားခဲ့တာကြောင့် အိမ်ကွင်းမှာ ကစားရပေမယ့် ပထမပိုင်းပွဲချိန် အတွင်းမှာ ဂိုးမသွင်းနိုင်ခဲ့ပါဘူး။ ဒုတိယပိုင်း ပွဲချိန် ၅၉မိနစ်ရောက်မှသာ ပယ်နယ်တီပြစ်ဒဏ်ကတစ်ဆင့် ဗီဒယ်ကန်သွင်းယူခဲ့တာမို့ ဂိုးရရှိခဲ့ပြီး အဲဒီဂိုးနဲ့ပဲ ဂျူဗင်တပ်စ်တို့ အနိုင်ရကာ ဒီနှစ်စီးရီးအေဖလားကို စောစီးစွာ ရယူနိုင်ခဲ့တာဖြစ်ပါတယ်။

အေစီမီလန်နှင့်တိုရီနို

အေစီမီလန်တို့ အိမ်ကွင်းမှာ ကစားရပေမယ့် ဒီပွဲအနိုင်ရရှိရေးအတွက် ကြိုးစားရုန်းကန်ခဲ့ရပါတယ်။ တိုရီနိုဟာ တန်းဆင်းဇုန်က ဝေးကွာဖို့အတွက် အားထည့်ကစားခဲ့တာမို့ အေစီမီလန်တိုက်စစ်မှူးတွေ ထင်တိုင်းမပေါက်ခဲ့ပါဘူး။ ဒါပေမယ့် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အေစီမီလန်တို့ နိုင်ပွဲရအောင် ထိုးဖောက်ကစားခဲ့တာမို့ ပွဲချိန် ၈၄ မိနစ်မှာ ဘာလော့တယ်လီက တစ်ဂိုးသွင်းယူခဲ့တာကြောင့် အဲဒီဂိုးနဲ့ပဲ သုံးမှတ်ရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

နာပိုလီနှင့် အင်တာမီလန်

နာပိုလီတို့က အများအယွင်းနည်းနည်းနဲ့ ကစားခဲ့တာမို့ အင်တာမီလန်တိုက်စစ်မှူးတွေ အပိုင်ဂိုးသွင်းခွင့်အချို့ကို ကောင်းကောင်းအသုံးမချနိုင်ခဲ့ပါဘူး။ နာပိုလီအတွက် အဖွင့်ဂိုးကို ပွဲချိန် ၃ မိနစ်မှာပဲ ကာဗာနီက သွင်းယူပေးခဲ့ပါတယ်။ ဒါပေမယ့် အင်တာမီလန်တို့က ပွဲချိန် ၂၃ မိနစ်မှာ ပယ်နယ်တီရရှိခဲ့ပြီး အဲဒီပယ်နယ်တီကို အယ်ဗာရက်စ်ကသွင်းယူနိုင်ခဲ့တာမို့ ချေပဂိုး ရရှိခဲ့ပါတယ်။ ဒါပေမယ့် နာပိုလီရဲ့ ကာဗာနီက ဒီပွဲမှာ ဂိုးသွင်းခြေစွမ်းပြနိုင်ခဲ့လို့ ပွဲချိန် ၃၃ မိနစ်နဲ့ ၇၈ မိနစ်တို့မှာ တစ်ဦးတည်း နှစ်ဂိုးဆက်တိုက်သွင်းပြီး ဟတ်ထရစ်ရယူနိုင်ခဲ့တာမို့ ပွဲအပြီးမှာ နာပိုလီတို့က သုံးဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။

လာဇီယိုနှင့် ဘိုလော့နာ

လာဇီယိုအတွက် တိုက်စစ်မှူးကလိုဆေးခြေစွမ်းပြနိုင်ခဲ့တဲ့ပွဲပါပဲ။ ကလိုဆေးဟာ ပွဲချိန် ၂၀ မိနစ်၊ ၃၆ မိနစ်၊ ၃၉ မိနစ်၊ မိနစ် ၅၀ နဲ့ ၆၁ မိနစ်တွေမှာ တစ်ဦးတည်း ငါးဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ပွဲချိန် ၃၁ မိနစ်မှာ ဟာနာနက်စ်က တစ်ဂိုးသွင်းယူပေးခဲ့တာမို့ လာဇီယိုတို့ ပွဲအပြီးမှာ ခြောက်ဂိုးပြတ်နဲ့ အနိုင်ယူခဲ့ခြင်း ဖြစ်ပါတယ်။ ။

မိုးမြင့်လင်းလက်

အိုင်းယက်တို့ သုံးနှစ်ဆက်တိုက် ချန်ပီယံဆုဆွတ်ခူး

အိုင်းယက်အသင်းသည် ဝီလ်လံ II တီလ်ဘတ်အသင်းကို ငါးဂိုးပြတ်ဖြင့်နိုင်ပြီး တတိယအကြိမ်မြောက် ဒတ်ချ်ချန်ပီယံဆုဖလားကို ဆွတ်ခူးသွားခဲ့ပြီဖြစ်သည်။

အိုင်းယက်က လက်ကျန်ပွဲကစားရန် တစ်ပွဲအလို အနီးကပ်စိန်ခေါ်သူ ပီအက်စ်ဗွီအိုင့်ဟိုဗင်ကို လေးမှတ်ခွာ၍ ဖလားဆွတ်ခူးလိုက်ခြင်းဖြစ်သည်။ ကျွန်တော်တို့ဟာ ယခုနှစ်ရာသီမှာ အမှတ်ရရှိမှုနည်းပေမယ့် ဒီဖလားနဲ့ ထိုက်တန်ပါတယ်ဟု အိုင်းယက်နည်းပြ ဖရန်ဒီဘိုယာက ပြောကြားသည်။ ယင်းရလဒ်ကြောင့် တီလ်ဘတ်အသင်းသည်တန်းဆင်းခဲ့ရသည်။ ပီအက်စ်ဗွီကအင်န်အီးစီကို လေးဂိုး-နှစ်ဂိုးဖြင့်နိုင်ပြီး ဒုတိယနေရာရခဲ့သည်။ တတိယနေရာရ ဖေယန်နူက ပီအက်စ်ဗွီနောက်မှ သုံးမှတ်ခွာလိုက်ခဲ့သည်။

အနားယူရန် အစီအစဉ်မရှိဟု မန်ယူနည်းပြ ဖာဂူဆန် ပြောဆို

မန်ယူနည်းပြကြီး ဖာဂူဆန်သည် လာမည့်နွေရာသီတွင် ခွဲစိတ်ကုသမှုခံယူမည်ဖြစ်သော်လည်း မန်ယူမှအနားယူရန် အစီအစဉ်မရှိသေးကြောင်း ပြောကြားသည်။

အသက် ၇၁ နှစ်အရွယ်ရှိ နည်းပြဖာဂူဆန်သည် တင်ပါးခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သည်။ သို့သော်လည်း အနားမယူသေးဟုဆိုသည်။ ဖာဂူဆန်သည် မန်ယူကို ပရီမီယာလိဂ်ဖလား ၁၃ လုံးဆွတ်ခူးပေးနိုင်ရန် စွမ်းဆောင်ပေးခဲ့သည်။ လာမည့်ရာသီတွင် ဖလားဆက်လက်ဆွတ်ခူးရန် ၎င်းအနေဖြင့် မျှော်လင့်ထားသည်။

မေဝဲသား ၄၄ ကြိမ်မြောက် ရှုံးပွဲမရှိစံချိန်တင်

အမေရိကန်နာမည်ကြီး လက်ဝှေ့သမားများဖြစ်ကြသည့် မေဝဲသားနှင့်ဂူယာရီယိုတို့ လက်စ်ဗီးဂက်စ်မြို့၌ WBC ဝယ်တာဝိတ်တန်းချန်ပီယံပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ မေဝဲသားက အမှတ်ဖြင့်နိုင်ပြီး ၄၄ ပွဲမြောက် ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့သည်။ ဒိုင်လူကြီး သုံးဦးစလုံးက မေဝဲသားကို ၁၁၇-၁၁၁မှတ်ဖြင့် အနိုင်ပေးခဲ့သည်။ မေဝဲသားသည် လွန်ခဲ့သော တစ်နှစ်က မီဂဲလ်ကော့တိုအား ထိုးသတ်ခဲ့ပြီးနောက် ပထမဆုံးအကြိမ် WBC ဝယ်တာဝိတ်တန်း ချန်ပီယံဖြစ်ခဲ့သည်။

ကောင်းမြတ်သူ စုစည်းသည်

အားကစားသတင်း အတိုအထွာ

မောင်ချစ်ကြည်

- အာဆင်နယ်အသင်းနည်းပြအဖြစ် မိမိဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း နည်းပြအာဆင်ဝင်းဂါးက ပြောကြားသည်။
- ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး မန်ဇူကစ်ကို အင်တာမီလန်က ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- မန်ယူအသင်း၌ ကစားသမားများခေါ်ယူဖြည့်ဆည်းရန် ငွေကြေးထိုက်ထိုက်တန်တန်သုံးစွဲမှ ရမည်ဖြစ်ကြောင်း ကွင်းလယ်ကစားသမား ပေါလ်စခိုးက ပြောကြားသည်။
- စပါးတောင်ပံကစားသမား ဂါရက်ဘေးလ်က မိမိသည် မည်သည့်အသင်းကိုမျှ ပြောင်းရွှေ့လိုသောဆန္ဒမရှိကြောင်း ထုတ်ဖော်ပြောကြားသည်။
- အင်တာမီလန်အသင်းနောက်ခံကစားသမား ဇနက်တီကို ရိုးမားအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- ဘာစီလိုနာကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်က မိမိသည် ပုံမှန်ပွဲထွက်ကစားခွင့်ရရေး ကြိုးစားနေရသဖြင့် စိတ်ဖိစီးမှုရှိနေကြောင်း ပြောကြားသည်။
- အာဆင်နယ်ကစားသမားဟောင်း အွန်နရီက အာဆင်နယ်အသင်း၌ နည်းပြတာဝန်ယူလိုစိတ်ဖြစ်ပေါ်နေကြောင်း ထုတ်ဖော်ပြောကြားသည်။
- မန်ယူတောင်ပံတိုက်စစ်မှူး ဝဲလ်ဘက်က ပုံမှန်ပွဲထွက်ကစားခွင့်မရမှုကြောင့် အသင်းမှထွက်ခွာလိုကြောင်း ပြောကြားသည်။
- မိမိ၏စိတ်ဆန္ဒမှာ လီဗာပူး၌သာ ဆက်လက်ကစားလိုကြောင်း၊ စိတ်လှုပ်ရှားဖွယ်ကောင်းကြောင်း တိုက်စစ်မှူး ဆွာရက်စ်က ပြောကြားသည်။

၂၅ နှစ်မြောက် ငွေရတုမင်္ဂလာဆုတောင်းလွှာ

ချစ်ဖေဖေ ဗိုလ်မှူးကြီးဌေးမြင့်အောင်နှင့် ချစ်မေမေ ဒေါ်မြင့်မြင့်လွင်တို့၏(၇-၅-၂၀၁၃)ရက်နေ့တွင် ကျရောက်သော ၂၅ နှစ်ပြည့် ငွေရတုနှစ်ပတ်လည်မင်္ဂလာမှ သက်ဆုံးတိုင် စိတ်ချမ်းသာ ကိုယ်ကျန်းမာပြီး ချစ်သမီးများနှင့်အတူ လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သမီးကြီး-မသီရိမြင့်အောင်
CB Bank(MLM)
သမီးငယ်-မစုရည်မွန်အောင်
2nd Year(MMU)

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၃၊ မြေကွက်အမှတ် ၅၂၇၊ အမည်ပေါက် ဦးရဲညွန့်၊ ၇/မခန(နိုင်)၁၆၉၁၆၆က မြေချပါမစ်မူရင်းပျောက်ဆုံးသွားပါ၍ မြေချပါမစ်မိတ္တူမှန် ထုတ်ပေးရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန်ထုတ်ပေးရေးအတွက် ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန

သွေးသည် အသက်

ရောင်းမည်(ညှိနှိုင်းဈေး)

အုတ်၊ သဲ၊ ကျောက်
၁၄ပေတိုက်တန်(ကိုရီးယား)
၅က/-- ၁၃B အင်ဂျင်
၁၀ပေ အက်တလက်
၇က/---- 4D-33
ဖုန်း-၀၉-၅၁၃၉၇၃၇

ပြင်ဆင်ဖတ်ရှုပါရန်

၅-၅-၂၀၁၃ ရက်ထုတ်ဤသတင်းစာ စာမျက်နှာ (၁၂)ပါ ဒေါ်အေးအေးမြတ်၏ ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာတွင် ဒေါ်အေးအေးမြတ် ၉/မသန(နိုင်)၀၈၀၉၉၅ အစား ဒေါ်အေးအေးမြတ် ၉/မသန(နိုင်)၀၈၀၉၅၅ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အမည်ပြောင်း

ဦးအေးဝင်း၏သမီး ကူမဲမြို့၊ အထက၊ သတ္တမတန်း(အောင်)တွင် ပညာသင်ကြားနေသော မဆုနှင်းဆက်အား မဖူးပွင့်ကြယ်စင်ဟု ယနေ့မှစ၍ ပြောင်းလဲခေါ်ဆိုကြပါရန်။ မဖူးပွင့်ကြယ်စင်

အမည်ပြောင်း

ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်၊ မန်စီရပ်ကွက်နေ ဦးလွင်ဦး ၅/ဝသန(နိုင်)၀၃၉၉၈၇၏သမီး မဆုဆုစံလွင်အား မဆုမြတ်ပန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ရောင်းရန်ရှိသည်

TOYOTA HIACE (အန်စာတုံး)
Model 2011 (၁၄)ယောက်စီး
ဖုန်း- ၀၉-၄၃၁၀၄၇၁၃

ကြော်ငြာ

မြန်မာ့ရတနာဘဏ်လီမိတက် (Treasure Bank of Myanmar Ltd) နာမည်သစ်သို့ ပြောင်းလဲသတ်မှတ်မည့် မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၏ ကြေညာချက်

၁။ ၅-၅-၂၀၁၃ရက် မွန်းလွဲ ၁း၀၀ နာရီတွင် ကျင်းပပြုလုပ်သည့် ဒါရိုက်တာအဖွဲ့၏ စုံညီ ညှိနှိုင်းအစည်းအဝေး(၁၂/၂၀၁၂-၁၃)၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်အား **"မြန်မာ့ရတနာဘဏ်လီမိတက် (Treasure Bank of Myanmar Ltd.)"** နာမည်သစ်သို့ ပြောင်းလဲမည် ဖြစ်ပါသည်။

၂။ အထက်ပါကိစ္စရပ်နှင့်ပတ်သက်၍ စာနယ်ဇင်းတွေ့ဆုံရှင်းလင်းပွဲ (Press Meeting) အား ၁၂-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၀၀ နာရီတွင် ရန်ကုန်မြို့၊ ရွှေဂုံတိုင်လမ်း၊ အမှတ်(၁၃၀)၊ ယုဇနပုဟိုတယ် **(Ball Room)** တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၃။ **မြန်မာ့ရတနာဘဏ်လီမိတက် (Treasure Bank of Myanmar Ltd)** နာမည်သစ်သို့ပြောင်းလဲမည့် မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၏ နောက်ခံသမိုင်း(အကျဉ်း)နှင့် အဆင့်ဆင့်အောင်မြင်တိုးတက်မှု(အကျဉ်း)အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်အား ၁၉၉၀ခုနှစ် ပြဋ္ဌာန်းထားသော မြန်မာနိုင်ငံ ငွေရေးကြေးရေးအဖွဲ့အစည်းများဆိုင်ရာ ဥပဒေနှင့်အညီ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ခွင့်ပြုချက်လိုင်စင်အမှတ်၊ မဗဘ/ပီ-၁၅/(၂)၉၆ ဖြင့် ၁၅-၂-၁၉၉၆ ရက်တွင် စတင်ဖွဲ့စည်းဖွင့်လှစ်ခဲ့ပါသည်။

(ခ) စတင်ဖွင့်လှစ်စဉ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (ယခင်-ကုန်သွယ်ရေးဝန်ကြီးဌာန)မှ ကြပ်မတ်ကွပ်ကဲခဲ့သော်လည်း **အများပိုင်ဘဏ် (Public Bank Ltd.)** အဖြစ် ရည်ရွယ်ပြီး ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတော်၏ ၆-၉-၁၉၉၈ရက်စွဲပါစာဖြင့် ညွှန်ကြားချက်အရ လုပ်ငန်းသဘောသဘာဝဆက်စပ်မှုရှိသည့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ဤဘဏ်အား ၁-၁-၁၉၉၉ ရက်တွင် လွှဲပြောင်းလက်ခံ ကြပ်မတ်ကွပ်ကဲခဲ့ပါသည်။

(ဂ) ဘဏ်စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီလတွင် ဘဏ်၏မတည်ငွေရင်းမှာ အစုရှယ်ယာတစ်စုလျှင် ကျပ်ငါးသိန်းတန်ဖိုးရှိ အစုရှယ်ယာပေါင်း ၄၀၀၀၊ ကျပ်သန်းပေါင်း ၂၀၀၀ သတ်မှတ်ခဲ့ပြီး ကျပ်သန်းပေါင်းတစ်ထောင်အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဝန်ထမ်းသက်သာရန်ပုံငွေမှ ခေတ္တထည့်ဝင်ချေးပေးခဲ့ပါသည်။ အဆိုပါ ချေးယူငွေအားလုံး ကျပ်သန်းတစ်ထောင် (အရင်း/အတိုး)ကို ၂၀၀၄ခုနှစ် ဧပြီလတွင် အပြီးအပိုင်အကျေအလည် ပြန်လည်ပေးဆပ်ခဲ့ပြီး **အများပိုင်ဘဏ် (Public Bank Ltd.)** စစ်စစ်အနေဖြင့် ဆက်လက်ရပ်တည်ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) အများပြည်သူများသို့ အစုရှယ်ယာတစ်စုလျှင် ကျပ်ငါးသိန်းနှုန်းဖြင့် ရောင်းချပေးခဲ့ရာ ၂၀၁၂ခုနှစ် မေလအထိ အများပိုင်အစုရှယ်ယာမတည်ငွေရင်းမှာ ကျပ်သန်းပေါင်း ၃၅၀၀၀ တိတိ ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။

(င) ဆက်လက်ပြီးခွင့်ပြုမတည်ငွေရင်း ကျပ်သန်းပေါင်း ၃၅၀၀၀ မှ ကျပ်သန်းပေါင်း ၇၀၀၀၀ အထိ တိုးမြှင့်နိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။ ယခုဘဏ္ဍာရေးနှစ်တွင် အမြတ်ဝေစုအား (၂၅%)ထိပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(စ) ၁၅-၂-၁၉၉၆ရက် ဘဏ်စတင်ဖွင့်လှစ်စဉ် (ရန်ကုန်-ရုံးချုပ်)နှင့် ဘဏ်ခွဲ(၃)ခုသာ ရှိသော်လည်း ၅-၅-၂၀၁၃ရက်တွင် (ရန်ကုန်-ရုံးချုပ်) အပါအဝင် ဘဏ် ၆၀ တိတိ ဖွင့်လှစ်နိုင်ခဲ့ပြီး ဆက်လက်၍ ဘဏ္ဍာရေးနှစ်အလိုက် ဘဏ်ခွဲအသစ်များတိုးချဲ့ဖွင့်လှစ်ရန် စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

(ဆ) ဤဘဏ်အနေဖြင့် ၁၉၉၀-၂၀၀၀ ဘဏ္ဍာရေးနှစ်တွင် အပ်ငွေအမျိုးအစားအလိုက် ကျပ်သန်းပေါင်း ၂၃၆၁သာ ရှိခဲ့သော်လည်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် အပ်ငွေ အမျိုးအစားအလိုက် ကျပ်သန်းပေါင်း ၃,၆၇,၅၃၈ တိတိ ရှိနေပြီဖြစ်ကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၄။ **မြန်မာ့ရတနာဘဏ်လီမိတက် (Treasure Bank of Myanmar Ltd.)** ၏ အမှတ်တံဆိပ် (Logo) မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၅။ အများပြည်သူများသိရှိနိုင်ပါရန် အသိပေး ကြေညာအပ်ခြင်း ဖြစ်ပါသည်။

ရက်စွဲ။ ။ ၅-၅-၂၀၁၃
နေရာ ။ ။ ရန်ကုန်မြို့

ဒါရိုက်တာအဖွဲ့

မြန်မာအပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာပြပွဲကျင်းပမည်

ရန်ကုန် မေ ၆

ပထမအကြိမ် မြန်မာအပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာပြပွဲကို မေ ၉ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

လူကြိုက်များသည့် တွင်းထွက်သဘာဝ သယံဇာတများဖြစ်သည့် ပတ္တမြား၊ နီလာ၊ ကျောက်စိမ်းအများဆုံးထွက်ရှိသည့် မြန်မာနိုင်ငံအတွက် ထူးခြားသော အခွင့်အရေးများရရှိမည့်ပြပွဲလည်းဖြစ်သည်။ အဆိုပါပြပွဲတွင် သက်တမ်းနှစ် ၁၀၀ကျော်ရှိ နိုင်ငံတကာမှ ကျောက်မျက်ရတနာကုမ္ပဏီကြီးများ ပါဝင်ပြသမည်ဖြစ်သည်။ နိုင်ငံတကာတွင် ကျင်းပပြုလုပ်သည့် ကျောက်မျက်ရတနာပြပွဲများတွင် ပါဝင်ပြသလေ့ရှိသည့် အမေရိကန်၊ အီတလီ၊ စပိန်၊ ဂျာမနီ၊ အိန္ဒိယ၊ ဟောင်ကောင်၊ ထိုင်းနိုင်ငံတို့မှ နာမည်ကြီးကုမ္ပဏီများက ပြခန်းပေါင်း ၄၀ ကျော်ဖြင့် အဆင့်မြင့်နည်းပညာများကို ယူဆောင်လာပြီး ပြသမည်ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံမှ ကျောက်မျက်ရတနာလုပ်ငန်းရှင်များလည်း ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲကို ASIA Connect မှ စုစည်း၍ ရွှေနန်းတော်ရတနာရွှေဆိုင်မှ ပံ့ပိုးကူညီကြောင်း သိရသည်။ ရွှေနန်းတော် ရတနာရွှေဆိုင်မှ မန်နေဂျင်း ဒါရိုက်တာဖြစ်သူ ဒေါက်တာအောင်ဇော်ဝင်းက စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားရာ၌ မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းသည် နိုင်ငံတကာနှင့်ယှဉ်ပါက နှစ်ပေါင်း ၅၀ နီးပါးခန့် နောက်ကျကျန်နေကြောင်း၊ တန်ဖိုးမြင့်သည့်ရတနာများထုတ်လုပ်နိုင်ရန် ကြိုးစားရမည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်းကို မြန်မာနိုင်ငံ၌ ထူထောင်မည်ဖြစ်ရာ အာဆီယံဒေသအတွင်း လွတ်လပ်သော ကုန်သွယ်ရေးစီးဆင်းမှုများ ဝင်ရောက်လာမည်ဖြစ်၍ ကျောက်မျက်ရတနာလုပ်ငန်းရှင်များမှ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်း၊ ပထမအကြိမ်ပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာပြပွဲသည် လူဦးရေ သန်းတစ်ထောင်၊ နှစ်ထောင်တို့ကို ကိုယ်စားပြုသည့် နိုင်ငံများမှ ကုမ္ပဏီများ ပါဝင်ပြသသည့်အတွက် မြန်မာနိုင်ငံမှ အခွင့်အလမ်းများ ရရှိမည့်ပွဲဖြစ်ကြောင်း ပြောကြားသွားသည်။

ပြပွဲတွင် နိုင်ငံတကာမှ ရောင်းသူ၊ ဝယ်သူများပါဝင်မည်ဖြစ်ပြီး Export Buyer များမှ အကြီးစားဝယ်ယူမှုကို အဓိကစိတ်ဝင်စားကြောင်း သိရသည်။ ထို့အပြင် ကျောက်မျက်ရတနာ လုပ်ငန်းကို စိတ်ဝင်စားသည့် မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပြပွဲတွင် လာရောက်ဆွေးနွေးနိုင်ရန် စီစဉ်ထားသည်။ ပြပွဲတွင် မြန်မာနိုင်ငံမှ ရွှေနန်းတော်၊ စိန်ပင်လယ်၊ ကြယ်စင်နန်းတော်တို့လည်း ပါဝင်ပြသမည်ဖြစ်သည်။

ဒုတိယအကြိမ် မြန်မာအပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာပြပွဲကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် ကြီးကျယ်ခမ်းနားစွာ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံမှ ကျောက်မျက်ရတနာလုပ်ငန်းရှင်များသည် ထိုင်း၊ အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံတို့တွင် ပြုလုပ်သည့် နိုင်ငံတကာ ကျောက်မျက်ရတနာပြပွဲသို့ နှစ်စဉ်တက်ရောက်ပြီး ပါဝင်ပြသရောင်းချလေ့ရှိကြောင်း သိရသည်။ **အောင်သူရ**

ထန်းတပင်မြို့နယ်၌ ပုလဲသွယ် မျိုးစပါး စံကွက်ရိတ်သိမ်းခြင်း သရုပ်ပြ

ရန်ကုန် မေ ၆

တောင်သူဦးကြီးများ ဝင်ငွေနှစ်ဆတိုးစေဖို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သိပ္ပံနည်းကျစနစ်ကျ (၁၄)ချက်ကို လိုက်နာ၍ ပုလဲသွယ်အထွက်တိုးစပါးကို စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးလာပုံကို ဧပြီ ၃၀ရက်က ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် မရွှေဥကျေးရွာ ကွင်းအမှတ် (၃၃၃) ဦးပိုင်အမှတ်(၈/က)ရှိ လယ်သမားကြီး ဦးကျော်ဇံဦး၏ လယ်ဧကတစ်ဧကအား စံကွက်ရိတ်သိမ်းပွဲကို ကျင်းပသည်။ **(အပေါ်ပုံ)**

သိပ္ပံနည်းကျစိုက်ပျိုးထားသည့် ပုလဲသွယ်စပါးအား စံကွက်ရိတ်သိမ်းရာတွင် တစ်ဧက ၂၀၄ ဒသမ ၃ တင်းနှုန်း ထွက်ရှိခဲ့ရာ ယင်းစပါးအား ပင်လယ်ကိုးသွယ်ကုမ္ပဏီမှ စပါးတင်း ၁၀၀ လျှင် ငွေကျပ် လေးသိန်းနှုန်းဖြင့် ဝယ်ယူခြင်းဖြင့် တစ်ဧကအပေါ် ငွေကျပ် ၅၅၀၀၀၀ အမြတ်ငွေ ရရှိခဲ့သည်။ ကုန်ကျငွေမှာ တစ်ဧက ငွေကျပ် ၂၅၀၀၀၀ သာ ကုန်ကျခဲ့သည်ဟု သိရသည်။

အဆိုပါ ပုလဲသွယ်စပါး စံကွက်ရိတ်သိမ်းပွဲကို ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဌာနတိုင်းဦးစီးမှူး ဦးဝင်းမြင့်၊ မြောက်ပိုင်းခရိုင်စိုက်ပျိုးရေးဌာနဦးစီးမှူး ဦးဇော်လင်း၊ မြို့နယ်စိုက်ပျိုးရေးဌာနဦးစီးမှူး ဦးစန်းလွင်၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးခင်မောင်ထွေး၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူ ၅၀ တို့ တက်ရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **မြင့်ဦး(အင်းစိန်)**

မီးဘေးအန္တရာယ်ကာကွယ်ရေး ရှောင်တခင်စစ်ဆေး

သထုံ မေ ၆

သထုံခရိုင် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ရဲဗလဦးစောထွန်းနှင့်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် မေ ၂ ရက်က သထုံမြို့ အောက်ကျင်းရပ်ကွက် အောင်မြေရွှေဘုံရပ်နှင့် ကန်ညီနောင်ရပ်၊ လိပ်အင်းရပ်ကွက်၊ မွန်စုရပ်နှင့်ပိတောက်မြိုင်ရပ်တို့တွင် မီးကြွင်းမီးကျန်ရှိမရှိ၊ မီးဖိုမီး လျှပ်စစ်မီးသုံးစွဲမှု၊ မီးချိတ်မီးကတ်၊ သဲ၊ ရေပုံးများရှိမရှိတို့ကို ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ပြီး နှိုးဆော်လွှာစာစောင်များ ဖြန့်ဝေခြင်း၊ မီးဘေးအန္တရာယ်များအကြောင်းဆွေးနွေးဟောပြောခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ ခိုလန်-ကွန်ဟိန်း ၆၆ကေဗွီဓာတ်အားလိုင်း ၃၃ မိုင်နှင့် ခွဲရုံစီမံကိန်းအတွက် လိုအပ်သောပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၀-၅-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၁၄-၆-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ မြို့ကြီး-တောင်တော်ကွင်း ၃၃ကေဗွီ နှစ်ထပ်ဓာတ်အားလိုင်း ၁၀ မိုင်နှင့် ခွဲရုံ တိုးချဲ့တည်ဆောက်ခြင်းတို့အတွက် လိုအပ်သောပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၀-၅-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၁၄-၆-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆ယ/၉၃၀၆၈၊ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကြည် ၁၄/ဟသတ(နိုင်)၁၉၄၈၇၆ က (ကမ-၃)ပျောက် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟသ်ာတ)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

တင်ဒါအမှတ်	အကြောင်းအရာ
၁၁/မမ/ဝန်ကြီးရုံး (2013-2014)	ရထားပို့ဆောင်ရေးဝန်ကြီးဌာန (ဝန်ကြီးရုံး)၊ ရုံးအမှတ်(၂၉) နေပြည်တော်တွင် Network Cable ဖြင့် Local Area Network တည်ဆောက်ရန်

တင်ဒါပိတ်မည့်နေ့/အချိန် -၂၇ . ၅ . ၂၀၁၃(တနင်္လာနေ့)(၁၂း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၆ . ၅ . ၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း နှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း -294352, 291994.

HE GROUP SERVICE & TRAINING CENTRE

ယန္တရားစက်ကြီး မောင်းသင်တန်း

➢ အငြိမ်းစားသင်တန်းကျောင်းအုပ်ကြီးများ နှင့် လုပ်သက်ရင့် အင်ဂျင်နီယာများ ကိုယ်တိုင် စာတွေ့/လက်တွေ့သင်ကြားပေးမည်။

➢ သင်တန်းကာလ (၂)လ၊ လုပ်ငန်းခွင် ဝင်ရောက်နိုင်သည် အထိ တာဝန်ယူသင်ကြားပေးမည်။

ဆက်သွယ်ရန်

မေလ (၂၁) ရက်နေ့ သင်တန်း စမည်။

အခန်း(၂၄)၊ဆောက်လုပ်ရေးတိုက်တန်း၊ ရန်ကုန်-မန္တလေးလမ်းမကြီး၊ ဂုဂလမ်း၊ လေယာဉ်ကွင်းဟောင်းအနောက်၊ ချမ်းမြသာစည်၊ မန္တလေး။

09-43175836, 09-91017958, 09-2401093, 09-43022142, 09-2401093

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၂၉၁၈၆၊ Jialing JL 90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းဦး ၉/စကန(နိုင်)၀၁၃၄၂၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

အမည်ပြောင်း

ကျိုင်းတုံမြို့၊ ပန်ကြူအုပ်စု၊ ဝင်းဘိုရွာနေ ဦးကျာအူ၏သမီး မမေရီ ၁၃/ကတန(နိုင်) ၁၂၁၃၂၀အား မမေရီဦးဟု ပြောင်းလဲခေါ်ပြီး ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၂၆-၅-၁၉၈၉ ဖြစ်ပါသည်။

မမေရီဦး

အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ သရေခေတ္တရာလမ်းသွယ် (၄)၊ အမှတ် (ည/၁၂၀၆)၊ ညောင်ဖြူစခန်းရပ်ကွက်နေ ဒေါ်နန်းစိမ်းမြ ၁၃/မပန(နိုင်)၀၀၂၄၇၇က ဦးမြင့်အောင် ၁၃/တကန(နိုင်)၀၄၉၈၇၄ နှင့် ဦးနေဝင်း ၁၃/တကန(နိုင်)၁၄၄၈၅၄တို့အား တောင်ကြီးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထူးကိုယ်စားလှယ်လွှဲစာ စာချုပ်အမှတ် (၇၃/၂၀၁၃) ၂၂-၃-၂၀၁၃အရ ကိုယ်စားလှယ်လွှဲအပ်ခဲ့ပါသည်။ ယခုအခါတွင် အဆိုပါကိုယ်စားလှယ်လွှဲစာအား ကျွန်မမှ ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နန်းစိမ်းမြ

အမည်မှန်

ရွှေဘိုမြို့၊ အမှတ် (၆)ရပ်၊ ကြေးတိုင်စုနေ ဦးသိန်းတင်၏သား ဦးကျော်စိန်ဝင်း(ခ) ဦးခင်မောင်ဆွေ ၅/ရဘန(နိုင်)၀၁၁၇၇၅ ၏ အမည်မှန်မှာ ဦးခင်မောင်ဆွေ ဖြစ်ပါကြောင်း။

ဦးခင်မောင်ဆွေ

အမည်ပြောင်း

သဲတောမြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ ပဉ္စမတန်း(A)မှ ဦးမျိုးဝင်း၏သား မောင်ကောင်းသန့်အား ယနေ့မှစ၍ မောင်ကောင်းမြတ်ဇော်ဟု ပြောင်းလဲခေါ်ယူရန်။

မောင်ကောင်းမြတ်ဇော်

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ ဦးနေဝင်း - ဒေါ်မေသန်းကြည် တို့၏သား မောင်မောင်သိန်းထိုက် ၁၂/မရက(နိုင်) ၁၃၄၈၀၃သည် မိဘများအား စိတ်ဆင်းရဲအောင် ပြုလုပ်ခဲ့ပြီး ၁၅-၃-၂၀၁၃ ရက်တွင် မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သော ကိစ္စများအားလုံးကို တာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဦးနေဝင်း ၁၂/မရက(နိုင်)၀၂၂၇၅၅

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သားဖြစ်သူ မောင်ချစ်ချစ်ကို ၁၀/မလမ(နိုင်)၂၁၆၄၅၂ သည် မိဘ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဦးအေးဝင်း MME-၅၉၈၃၅၇
ဒေါ်ခင်သက်တင် MMN-၅၂၂၇၂၅

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၄ယ/၈၂၆၆၁ ယာဉ်အမျိုးအစား လော်ဂျားဒရင်းယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော်ဦး ၁၃/ညရန(နိုင်) ၀၆၀၂၇၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

(၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ပဲခူးတွင်ကျင်းပ

ပဲခူး မေ ၆

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် (၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက် ၈ နာရီက ပဲခူးမြို့ ဟံသာဝတီရပ်ကွက်ရှိ မြို့တော်ခန်းမ၌ အစီအစဉ် ၂၆ ရပ်ဖြင့် ကျင်းပခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ လွှတ်တော်တရားသူကြီးချုပ်ဦးမောင်မောင်ရွှေ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၄၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်ရာတွင် ကယ်ဆယ်မည့် သရုပ်ပြကွက်များ **(ယာပုံ)**ဖြင့်ပြသသွားပြီး အခမ်းအနားကို နံနက် ၁၀ နာရီတွင် အောင်မြင်စွာရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(၁၈၃)**

စည်ကားလျက်ရှိ

နေပြည်တော် မေ ၆

နေပြည်တော်နှင့် အနီးဝန်းကျင်ဒေသများမှဝန်ထမ်းများ၊ ပြည်သူများသည် အစုအဖွဲ့လိုက် သော်လည်းကောင်း၊ မိသားစုလိုက် သော်လည်းကောင်း၊ နေပြည်တော်ရှိ တန်ခိုးကြီးဘုရားစေတီများသို့ သွားရောက်ဖူးမြော်လေ့လာကြရာ နေပြည်တော်ရှိ ဗုဒ္ဓဂယာ (သတ္တသတ္တာဟစေတီတော်)တွင် မေ ၁ ရက် (မေဒေး)နေ့က လေ့လာဖူးမြော်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၅၅)**

နတ်မောက်မြို့၌ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်

နတ်မောက် မေ ၆

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ မြို့မဈေးအနီးရှိ ဆန်ပွဲရုံများ၊ ကုန်မာ/အိမ်ဆောက်ပစ္စည်းဆိုင်များ၊ ရွှေဆိုင်များ၊ စတိုးဆိုင်ကြီးများ ပိုမိုစည်ကားစွာ ရောင်းဝယ်ဖောက်ကားမှု ပြုလုပ်လာကြသဖြင့် သုံးဘီးဆိုင်ကယ်များ၊ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များနှင့် မြင်းလှည်းများသည် ၂၀၁၀ ခုနှစ်နောက်ပိုင်းတွင် နတ်မောက်မြို့အတွင်း ပိုမိုများပြားလာခဲ့သည့်အပြင် စီးနင်းသူဦးရေမှာလည်း တိုးတက်လာကြောင်း သိရသည်။

နတ်မောက်မြို့ လမ်းမများတွင် ရန်အောင်မြင်လမ်းသည် အခြားသောလမ်းများထက် ပို၍စည်ကားသောကြောင့် မထသအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးရဲတပ်ဖွဲ့ဝင်များ နေ့စဉ်စောင့်ကြပ်ကြည့်ရှု၍ ယာဉ်အန္တရာယ်မဖြစ်ပွားစေရန် အထူးဂရုပြု ဆောင်ရွက်နေရကြောင်း သိရသည်။

မတော်တဆမှုများ

ရန်အောင်မြင် လမ်းမပေါ်ရှိ ယာဉ်ကြောပိတ်ဆို့မှုများ အများဆုံးဖြစ်သောနေရာများမှာ မြို့မဈေးအရှေ့ဘက်၊ လမ်းတစ်ဖက်ရှိ ရွှေဆိုင်နှင့်စတိုးဆိုင်များ တစ်လျှောက်နှင့် မြို့မဈေးအရှေ့မြောက်ဘက်ရှိ ဝါးသက်ငယ်ရောင်းဝယ်ရေးဆိုင် ခုနစ်ဆိုင်အကြား လမ်းပေါ်၌ လမ်းပိတ်ဆို့မှုများ အများဆုံးဖြစ်ပွားပြီး ယာဉ်မတော်တဆမှုများလည်း ရှိနေကြောင်း သိရသည်။

နတ်မောက်သား

သွေးသည်အသက်

နှစ်ညအိပ် (၃)ရက် တရားစခန်းဖွင့်မည်

အရှင်ရာဇိန္ဒ (ရဝေန္ဒယ်-အင်းမ)ပဓာနနာယကအဖြစ် သီတင်းသုံးလျက်ရှိသော ဓမ္မရဝေတောရ၊ အောင်စည်းခံစေတီလမ်း၊ (သဃ်န်းကျွန်းကြီးမှတ်တိုင်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်အလွန်)၊ အမှတ် (၃)လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့၌ ၂၀၁၃ခုနှစ် မေ ၁၇၊ ၁၈၊ ၁၉ရက် (သောကြာ၊ စနေ၊ တနင်္ဂနွေ)နေ့များနှင့် ၂၀၁၃ခုနှစ် မေ ၂၄၊ ၂၅၊ ၂၆ရက် (သောကြာ၊ စနေ၊ တနင်္ဂနွေ)နေ့များတွင် နှစ်ညအိပ် (၃)ရက် တရားစခန်းများဖွင့်လှစ်ပါမည်။

တရားစခန်းဝင်လိုသောယောဂီများ အောက်ဖော်ပြပါဖုန်းနံပါတ်များတွင် စာရင်းပေးသွင်းနိုင်ပြီး ညနေ ၄နာရီအရောက် လာရပါမည်။

ဒေါ်မြသိန်း ဖုန်း-၀၉-၅၁၅၂၂၉၁

ကိုအောင်သိန်း ဖုန်း-၀၉-၇၃၁၀၃၆၃၃

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၉/၉၃၀၅ Win Myanmar PVCWMPV O_2 M/B (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင်ဦး ၉/မဟမ(နိုင်)၀၂၇၁၆၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မော်လမြိုင်ခရိုင်တရားရုံးတော်

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၉

၁။ ဦးလှငွေ	**နှင့်**	၁။ ဦးဆန်းဝင်း(ခ)ဦးစန်းခင်
၂။ ဒေါ်ငွေကျင်		၂။ ဒေါ်လွန်း(မှီခို) (အတူနေလင်မယား)
တရားလိုများ		**တရားပြိုင်များ**

(၁)တရားပြိုင် ဦးဆန်းဝင်း(ခ)ဦးစန်းခင်နှင့် (၂) တရားပြိုင် ဒေါ်လွန်း (အတူနေလင်မယား) ဝယ်သွန်ချောင်းကျေးရွာ၊ သံဖြူဇရပ်မြို့နယ်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက (၂-၄-၂၀၁၀)ရက်စွဲပါ အိမ်နှင့်ခြံမြေကွက် အရောင်းအဝယ်စရန်ပေး ကတိစာချုပ်ပါအတိုင်း အရောင်းအဝယ်ပျက်ကွက်သဖြင့် လက်ခံရယူထားသောစရန်ငွေကျပ်သိန်း ၈၀၏ နှစ်ဆ ကျပ်သိန်း ၁၆၀ ပြန်ရလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် မေ ၁၃ရက် (၁၃၇၅ခုနှစ် ကဆုန်လဆန်း ၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည် တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဧပြီ ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ယဉ်ယဉ်သိန်း)

ဒုတိယခရိုင်တရားသူကြီး(၂)၊ မော်လမြိုင်မြို့

ပင့်လျှောက်လွှာပါဘုရား

နတ်မောက်မြို့၊ ဒီပင်္ကရာစာသင်တိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တရ၊ ဒုတိယနာယကဆရာတော် ဘဒ္ဒန္တဝါယမ၊ တတိယနာယကဆရာတော် ဘဒ္ဒန္တစန္ဒဝံသ မဟာထေရ်မြတ်တို့၏ ပတ္တမြားရတုသုံးဖြာ ဂုဏပူဇာနှင့် သံဃာဝါသသုံးထပ်ကျောင်း ရေစက်ချ အလှူတော်မင်္ဂလာပွဲကို (၁၃၇၅ ခုနှစ် ကဆုန်လဆန်း ၉ ရက်) ၁၈-၅-၂၀၁၃ရက်(စနေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ် ပါသဖြင့် ဒီပင်္ကရာတိုက်ထွက် ရပ်ဝေးရပ်နီး တပည့်ကြီးငယ်အားလုံးအနေဖြင့် ပင့်စာ ရောက်သည်ဖြစ်စေ မရောက်သည်ဖြစ်စေ (၁၃၇၅ခုနှစ် ကဆုန်လဆန်း ၈ ရက်) ၁၇-၅-၂၀၁၃ရက် (သောကြာနေ့)အရောက် ဒီပင်္ကရာစာသင်တိုက်သို့ ကြွရောက်တော်မူကြပါရန် ရိုသေစွာ ပင့်လျှောက်အပ်ပါသည်ဘုရား။

အကျိုးတော်ဆောင်အဖွဲ့

ဒီပင်္ကရာစာသင်တိုက်၊ နတ်မောက်မြို့၊

ဖုန်း-၀၆၃-၆၉၄၇၀၊ ၀၉-၄၂၁၀၅၆၂၁၅၅

တရားမပုံစံအမှတ်-၁၃၄။

ကြော်ငြာစာ

(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃။)

× × × × ×

တောင်ငူခရိုင်တရားရုံးတော်၌

၂၀၁၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၂

ဒေါ်ညိမ်း (ဘ) ဦးဘရှင်း အမှတ်-၁၀၇၊ ၁၃ ရပ်ကွက် ဈေးလမ်း၊ တောင်ငူမြို့။	နှင့်	၁။ ဒေါ်လှလှဦး (ဘ) ဦးချစ်မောင် ကြို့ပင်သာရွာ၊ ထန်းတပင်မြို့နယ်။
		၂။ ဒေါ်ညွန့်ညွန့်ဦး (ဘ) ဦးချစ်မောင် အမှတ်-၆၈၃၊ ၂-ရပ်ကွက်၊ သီရိမင်္ဂလာ (၁) လမ်း၊ ရခိုင်စု၊ တောင်ငူမြို့။
		၃။ ဒေါ်ခင်လှ၊ အမှတ် ၃၉၂ ညောင်ပင်ဈေး၊ ရိပ်သာလမ်း၊ ၁၉ ရပ်ကွက်၊ တောင်ငူမြို့။
		၄။ မောင်ဇာနည်ငြိမ်းချမ်း (ဘ) ဦးတင်အေးကြည် ဘလူးနိုင်းကုမ္ပဏီ၊ အမှတ်-၁၊ ၁၄၄ ဗဟိုလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။ ရန်ကုန်မြို့။
လျှောက်ထားသူ		**လျှောက်ထားခံရသူများ**

-ကွယ်လွန်သူ (ဦးဘရှင်း+ဒေါ်အမာ) တို့၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့် အမှု။

-ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ ၁၃ ရပ်ကွက်၊ ဈေးလမ်း၊ အမှတ်- ၁၀၇ ၌နေထိုင်ခဲ့သော ကွယ်လွန်သူ (ဦးဘရှင်း+ဒေါ်အမာ) တို့၏ ကျန်ရှိရစ်သောပစ္စည်းအပေါ် အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူဒေါ်ညိမ်းက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၃ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ (ဦးဘရှင်း+ဒေါ်အမာ) တို့၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည် အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့လာရောက်လျှောက်ထားဆိုင်ဆိုရန်သင့်လျော်မည်ဟု အထင်ရှိလျှင် ဆိုခဲ့သော အထက်ဖော်ပြပါ ရုံးချိန်းနေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန်၊ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ယခုမိန့်ကြား ဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့လာရောက်ခြင်း တစ်ခုခုမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော လျှောက်ထားသူ ဒေါ်ညိမ်း၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးရွှေ

ဒုတိယခရိုင်တရားသူကြီး(၂)

တောင်ငူခရိုင်တရားရုံး

ငါးရစ်တက်ချိန်နှင့်ငါးသားပေါက်သော မိုးရာသီတွင် ငါးဖမ်းခြင်းမပြုရန် ပညာပေးနှိုးဆော်ချက်

"ငါးရစ်ငါးသန် ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း"

"ငါးရစ်တစ်ကောင် သုံးလရှောင်၊ ထောင်သောင်းတိုးပွားရေရှည်စား"

၁။ မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်းအင်းအိုင်အနှံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန် နေရာလာရှာ၍ ငါးရစ်တက်ကြပါသည်။

၂။ ထိုငါးရစ်ငါးကြီးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များသည် သေကျေပျက်စီးကြကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံး ငါးရိက္ခာဖူလုံစွာစားသုံးနိုင်ရေးကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

၃။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၂/၉၂ ဖြင့် ငါးရစ်ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ ၄၅ အရ ဖမ်းဆီးတရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

၄။ သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် ငါးရစ်ငါးများ လွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသည့် ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

စိန်စည်ဆရာတော်နှင့်တပည့်ကုမာရ Ph.D တို့၏ ပြည်ပသာသနာပြုခရီး

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်(၄၈)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ မဟာဩဝါဒခံ စိန်စည်သာသနာ့ရိပ်သာ ပဓာန နာယကပြည်တွင်း ပြည်ပ မဟာစည်ရိပ်သာများ၏နာယက စိန်စည်ဆရာတော် ဘဒ္ဒန္တသဒ္ဓောဘာသနှင့်တပည့် ဒေါက်တာကုမာရ Ph.D တို့သည် စင်ကာပူနိုင်ငံ ဦးသန်းလွင်-ဒေါ်သဇင်မိသားစုနှင့်ဓမ္မမိတ်ဆွေများ၊ မလေးရှားနိုင်ငံနေ တပည့် ဘဒ္ဒန္တဓမ္မရက္ခိတ စိတ္တသုခသာသနာ့ရိပ်သာ မာလကာနှင့် ဒါယကာဒါယိကာမများ၏ ပင့်လျှောက်မှုဖြင့် စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံတို့သို့ ၄-၅-၂၀၁၃ရက် နံနက် ၈နာရီတွင် မြန်မာ့လေကြောင်း MA1 ဖြင့် သာသနာပြုခရီး ကြွရောက်တော်မူပါကြောင်း။

BIS ဒေါ်နီလာဘာရာဒွါဂျာဦးစီးသော Bharadwaj International School

Nursery, PRE KG to IGCSE

ပုံမှန်ကျောင်းသင်တန်းများ

မေလ (၂၇)ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်

No. 621, 2nd Floor, United Condo, Bo Ywe Street, Latha Township, Yangon.

Tel : 01-243978, 09-5501141, 09-8537403, 09-73123665

ကျောင်းအပ်လက်ခံပါပြီ

၁၃၇၅-ခုနှစ်အတွက် မြန်မာ့ရိုးရာ အထူးသတိပေးချက်၊ တစ်လတာအတွင်း တင်အပ်သောပန်း၊ မတင်အပ်သောပန်း တစ်နှစ်တာ ရှောင်ရန်အရောင် / ဆောင်ရန်အရောင်များကို အသေးစိတ်ဟောပြောထားပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၅-ခုနှစ်

စံ-ဂလက်ဆီ

မြန်မာ့ရိုးရာအဋ္ဌဟောကိန်း

ထွက်ပြီ

ပင်ရင်းဖြန့်ချိရေး

အမှတ်(၂၈၆)၊ မြေညီထပ် လမ်း- ၄၀ (အထက်)၊ ရန်ကုန်မြို့။ ဖုန်း- ၇၀၉၀၃၂၊ ၃၉၁၁၆၉၊ ၀၉-၈၆၁၀၄၈၈

မန္တလေးဖြန့်ချိရေး

လူထုကြီးပွားရေးစာအုပ်တိုက် အမှတ်(၂၂၀)၊ ၈၄လမ်းနှင့်၃၃လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း-၀၂-၃၉၇၁၇၊ ၆၀၁၃၆

လီယိုမက်အရေပြားရောဂါကု တိုင်းရင်းဆေးတိုက်မှ

ခရုသင်းသမင်ဖြူ

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဆက(တနယ်ဇင်း) ၀၀၃/၀၁၀၉

ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊

နယ်မှ ဝေဒနာရှင်များ စာတိုက်မှ တဆင့်မှာယူနိုင်ပါသည်။

သွေးမသန့်ခြင်းကြောင့်ဖြစ်သော အရေပြားရောဂါများကို ကုသပေးသည်။

အမှတ် (၂၂၅)၊ (၃)ထပ်၊ ၃၂လမ်း၊(အထက်) ရန်ကုန်မြို့။

ဖုန်း ၀၁-၂၅၂၅၉၈၊ ၀၁-၂၄၃၈၅၅

ယူနိုက်တက်အမရာဘဏ်လီမိတက် မိတ္ထီလာဘဏ်ခွဲဖွင့်

နေပြည်တော် မေ ၆

ယူနိုက်တက် အမရာဘဏ်လီမိတက် မိတ္ထီလာဘဏ်ခွဲဖွင့်ပွဲကို မေ ၃ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ပထမလမ်းမတော်လမ်းထောင့်နှင့် ဂျီအီးစီလမ်းထောင့်ရှိ အဆိုပါဘဏ်ခွဲရှေ့၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးကျော်ဆန်း၊ မိတ္ထီလာခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးနှင့် တာဝန်ရှိသူများက ဘဏ်ခွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်ကျော်မိုးက ဘဏ်ဆိုင်းဘုတ်ကို Global Sensor ဖြင့် ဖွင့်လှစ်ပေးသည်။

ယူနိုက်တက် အမရာဘဏ်လီမိတက်သည် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၌ ဘဏ်ခွဲများ ဖွင့်လှစ်ခဲ့ရာ ယခုဖွင့်လှစ်သည့် မိတ္ထီလာဘဏ်ခွဲသည် ၁၅ ခုမြောက် ဘဏ်ခွဲဖြစ်သည်။ ယူနိုက်တက် အမရာဘဏ်လီမိတက်သည် ကမ္ဘောဇဘဏ်၊ CB Bank၊ မြဝတီဘဏ်လီမိတက်၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဘဏ်တို့နှင့် ချိတ်ဆက်ထားပြီး ငွေစုခြင်း၊ စာရင်းသေအပ်ခြင်း၊ ငွေလွှဲခြင်း၊ ချေးငွေထုတ်ချေးခြင်း၊ နိုင်ငံခြားငွေလဲလှယ်ခြင်း၊ နိုင်ငံခြားဘဏ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ Western Union နှင့် ချိတ်ဆက်၍ နိုင်ငံခြားငွေလွှဲလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ GIRO လျှပ်စစ်မီတာဘီလ်ဝန်ဆောင်မှုလုပ်ငန်းများကို လုံခြုံစိတ်ချအားထားယုံကြည် UAB ဆိုသော ဆောင်ပုဒ်နှင့်အညီ မြန်ဆန်တိကျစွာဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

စမ်းချောင်းမြို့နယ်နှင့် သဃ်န်းကျွန်းမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၆

မေ ၁ ရက် နှင့် ၂ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်နှင့် သဃ်န်းကျွန်းမြို့နယ်တို့၌ WY စာတန်းပါ လိမ္မော်ရောင်နှင့် နီညိုရောင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်က ရန်ကုန် (မူးယစ်/အရှေ့)မှ ရဲအုပ်ဇော်ဇော်နိုင် ဦးစီးတပ်ဖွဲ့ဝင်များသည် သဃ်န်းကျွန်းမြို့နယ် စံပြရပ်ကွက် သံသုမာကားရောင်းဝယ်ရေးစခန်း ကွပ်ကဲမှုရုံးအနီး၌ ကိုဌေးဆိုသူအား ရှာဖွေစစ်ဆေးရာ ၄င်းထံမှ နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၈၆ ပြားရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ အလားတူ မေ ၂ ရက်ညနေ ၆ နာရီခန့်က ရန်ကုန် (မူးယစ်/အနောက်)မှ ရဲအုပ်မျိုးကြည်ဦးစီး ပူးပေါင်းအဖွဲ့သည် စမ်းချောင်းမြို့နယ် မြေနီကုန်း(မြောက်)ရပ်ကွက် ကျောင်းလမ်းနှင့် မြဝတီလမ်းထောင့်၌ စောင့်ဆိုင်းနေစဉ် သူရလှိုင်နှင့် အောင်ဇော်မြတ်တို့နှစ်ဦးကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ရှာဖွေစစ်ဆေးရာသူရလှိုင် ဝတ်ဆင်ထားသည့် အစိမ်းရောင် ပြောက်ကျားဘောင်းဘီ ရှေ့ယာဘက် အိတ်အတွင်းမှ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၃၂ ပြားနှင့် စစ်ဆေးပေါ်ပေါက်ချက်အရ စမ်းချောင်းမြို့နယ် မုန့်/တောင်ရပ်ကွက် မိုးမခလမ်းရှိ သူရလှိုင်၏ နေအိမ်ခန်းကို ဝင်ရောက်ရှာဖွေရာ သူရလှိုင်အိပ်သည့် ခုတင်အောက် နို့မှုန့်ဘူးအတွင်းမှ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၅၉၉ ပြား ထပ်မံသိမ်းဆည်းရမိခဲ့ပြီး စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၆၃၁ ပြား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မင်းမင်းဇော်(ကလေး)

ရွှေဝါငါးကြင်းသားဖောက်နည်း ပညာပေးသရုပ်ပြ

လက်ပံတန်း မေ ၆

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် တောင်သူများလက်ဝယ်သို့ ငါးသားပေါက်များ ဖြန့်ဖြူးနိုင်ရန် ငါးသားဖောက်နည်းပညာပေးရေးအတွက် ရွှေဝါငါးကြင်းသားဖောက်နည်းပညာပေး သရုပ်ပြခြင်း အခမ်းအနားကို ဧပြီ ၂၇ ရက်တွင် လက်ပံတန်းမြို့နယ် ငွေးတောက်ကွင်းကျေးရွာ ဦးဝင်းခိုင်၏ ငါးမွေးကန် (JICA ငါးသားဖောက်စခန်း)၌ ကျင်းပခဲ့သည်။

တက်ရောက်ခဲ့

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟ၊ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မဲဆန္ဒနယ်မြေအမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တစ်ပိုင်တစ်နိုင် ငါးမွေးတောင်သူများ၊ ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ စုစုပေါင်း ၆၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(ငါးလုပ်ငန်းဦးစီးဌာန)**

ဝမ်းသာကြည်နူး ပြည်သူ့စကားသံ

လပွတ္တာ မေ ၆

လပွတ္တာမြို့နယ် တန်ဖိုးနည်း မိုဘိုင်းဖုန်း ငွေကျပ် ၁၅၀၀ မဲပေါက်သူတစ်ဦးဖြစ်သည့် ကိုဟိန်းဇေယျ၏ ဝမ်းသာပီတိစကားကို ကြားသိခဲ့ရသည်။

"တန်ဖိုးနည်း မိုဘိုင်းဖုန်းတွေကို ငွေကျပ် ၁၅၀၀ နဲ့ ချပေးမယ်လို့ ကြားကတည်းက အလွန်ဝမ်းသာပြီး လိုချင်ခဲ့တာပါ။ ကောလာဟလတွေကိုလည်း အမျိုးမျိုးကြားခဲ့ရပါတယ်။ လျှောက်လွှာကိုလည်း ကိုယ်တိုင်ဆန္ဒပြုတင်ပြီး မဲနှိုက်တဲ့အခါမှာလည်း ပွင့်လင်းမြင်သာစွာ ဆောင်ရွက်တာတွေ့ ရပါတယ်။ ကံကောင်းချင်တော့ ကျွန်တော်မဲပေါက်တယ်။ ဖုန်းကတ်ထုတ်တော့လည်း ငွေကျပ် ၁၅၀၀ တိတိပဲပေးရပါတယ်။ အပိုကြေးဘာမှပေးစရာမလိုပါဘူး။ ဖုန်းကတ်ရပြီး အသုံးပြုလိုက်တော့ လိုင်းတော်တော်ကို ကြည်ပါတယ်။ ကျွန်တော့်ရဲ့ လိုအင်ဆန္ဒပြည့်သွားလို့ အလွန်ဝမ်းသာပီတိ ဖြစ်ခဲ့ရပါတယ်" ဟု ရင်ဖွင့်သွားခဲ့သည်။

လပွတ္တာခရိုင်အတွင်း CDMA ၈၀၀ တန်ဖိုးနည်းမိုဘိုင်းဖုန်း နံပါတ်များမှာ ၀၉-၃၁၁----ဖြစ်ပြီး ဧပြီ ၂၄ ရက်နေ့မှစပြီး အသုံးပြုနိုင်ကြောင်း သိရသည်။ **(လပွတ္တာခရိုင်ပြန်/ဆက်)**

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃ ခုနှစ်၊ နိုင်ငံတော်သမ္မတ၏ နိုင်ငံစွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲတွင် စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင်ဆုရရှိသူ **ဦးအောင်သန်းဦး** (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း-ပင်လယ်ကိုးသွယ်ကုမ္ပဏီပိုင်ရှင်) အား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံ့အကျိုး၊ တောင်သူလယ်သမားများ၏ အကျိုးနှင့် လူမှုရေးလုပ်ငန်းများအား မိသားစုနှင့်အတူ ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရွှေဝါသီဟဆန်စပါးအထူးပြုကုမ္ပဏီလီမိတက်
ဦးဝေယံတင့်ဆန်း(ဥက္ကဋ္ဌ-ရန်ကုန်တိုင်းဒေသကြီး၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း)
မြရွှေဝါ အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက် (သန်လျင်)
ရာဇသောက်ရေသန့်နှင့်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး(သန်လျင်)
ရွှေနဂါးအထွေထွေရောင်းဝယ်ရေးနှင့် Venus Internet Game Center (သန်လျင်)
သန်လျင်မြို့နယ်ဆန်စပါးလုပ်ငန်းရှင်များအသင်း
ရွှေဒင်္ဂါးဆန်ရောင်းဝယ်ရေး(သန်လျင်)
ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းအဖွဲ့ (သန်လျင်)
သန်လျင်မြို့ သုသာန်မြေမီးသင်္ဂြိုလ်စက်နှင့်အအေးတိုက်ဖြစ်မြောက်ရေးအဖွဲ့

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကျေးရွာချင်းဆက် မြေသားလမ်းဖောက်

ပေါင် မေ ၆

မွန်ပြည်နယ် ပေါင်မြို့နယ် အတွင်းရှိ နတ်ကြီးချောင်းကျေးရွာနှင့် ဥက္ကံကျေးရွာတို့ကို ကူးလူးဆက်သွယ်ပေးမည့် ကျေးရွာချင်းဆက် မြေသားလမ်းကို ယင်းကျေးရွာများမှ ပြည်သူများ စုပေါင်းလှူဒါန်းငွေကျပ်သိန်း ၇၀ ဖြင့် ဖောက်လုပ်လျက်ရှိရာ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ပြောကြား

ဥက္ကံကျေးရွာမှ တောင်သူတစ်ဦးက "အရင်ကဆိုရင် ရေလမ်းခရီးတစ်ခုတည်းကိုပဲ အားပြုနေရတော့ သွားရေးလာရေး အလွန်ခက်ခဲပြီး အန္တရာယ်လည်းများပါတယ်။ အဓိကကတော့ ကျွန်တော်တို့ကျေးရွာက ဒေသထွက်သီးနှံတွေ မြို့ပေါ်ကို အချိန်မီရောက်နိုင်ဖို့ပါ။ အခုလိုလမ်းဖောက်လိုက်တဲ့အတွက် လူမှုရေး၊ စီးပွားရေးတွေ ပိုမိုတိုးတက်လာတော့မှာဖြစ်လို့ ရွာသားတွေအားလုံးက ဝမ်းသာနေကြပါတယ်။ လမ်းကိုလည်း မြန်မြန်ပြီးစီးချင်နေကြပါပြီ" ဟု ပြောကြားသည်။

ဖောက်လုပ်ခဲ့

အဆိုပါလမ်းမှာ သုံးမိုင် ခုနစ်ဖာလုံ ရှည်လျားပြီး ဂဝံမြေနီမြေသားလမ်းဖြစ်ကာ ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်စေရေးအတွက် ငွေအင်အားနှင့် လုပ်အားတို့ကို ကိုယ့်အားကိုယ်ကိုးကာ ကျေးရွာဒေသခံများက စုပေါင်းပြီး ကိုယ်တိုင်ကိုယ်ကျဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(ပေါင် ပြန်/ဆက်)

လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ် သံဖြူဇရပ်မြို့နယ်၌ ထုတ်ပေး

သံဖြူဇရပ် မေ ၆

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ်၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်ပွဲကို မေ ၃ ရက်က သံဖြူဇရပ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ကျင်းပရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဝင်များနှင့် တောင်သူလယ်သမားများ တက်ရောက်ကြသည်။

ပေးအပ်ခဲ့

လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်ပွဲကို ကျေးရွာအုပ်စု ၁၄အုပ်စုမှ တောင်သူ ၉၆၆ ဦး၊ ဦးပိုင်ပေါင်း ၁၀၅၆ ခုအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဝင်၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးမျိုးညွန့်၊ ပြည်နယ်မြေစာရင်းဦးစီးမှူး ဦးကျော်စိန်လင်းနှင့် တာဝန်ရှိသူများကပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

ကျော်ဝင်း

နာဂစ်(၅)နှစ်ပြည့်အထိမ်းအမှတ်ပွဲကျင်းပ

လပွတ္တာ မေ ၆

လပွတ္တာမြို့နယ်အတွင်း နာဂစ်မုန်တိုင်းတိုက်ခတ်ခံခဲ့ရ၍ သေကျေပျက်စီးခဲ့ကြသော ရဟန်းရှင်လူ ပြည်သူအများအားရည်စူးပြီး လပွတ္တာမြို့ သကျမာရဇိန် ဆုတောင်းပြည့်ဘုရားတန်ဆောင်းတော်ကြီး၌ မေ ၂ ရက် နံနက် ၇ နာရီက နာဂစ်(၅)နှစ်ပြည့် သင်္ကန်းကပ်၊ ဆွမ်းကျွေး၊ ရေစက်ချ၊ မေတ္တာပို့အမျှဝေ အခမ်းအနားကို ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားတွင် တရားနာပရိသတ် ၅၀၀ ခန့်တက်ရောက်ခဲ့ပြီး ပီနန်ဆရာတော်က ရေစက်ချတရားဟောကြား ချီးမြှင့်ခဲ့သည်။ မြို့ပေါ်ရှိ ကျောင်းပေါင်း ၄၂ ကျောင်းမှ သံဃာတော်အရှင်သူမြတ်အပါး ၅၀၀ အား ဆွမ်း၊ ခဲဖွယ်၊ ချိုချဉ်တို့ဖြင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မေ ၁ ရက်ကလည်း နာဂစ်(၅)နှစ်ပြည့်အထိမ်းအမှတ် အထူးတရားပွဲကျင်းပရာ ကိုးနဝင်းကျောင်းဆရာတော် ဦးကုန္ဒာစရိယက တရားရေအေးတိုက်ကျွေးခဲ့ပြီး တရားပွဲမှရရှိခဲ့သော အလှူငွေကျပ် ၂၉၁၀၀၀ ကို ဆရာတော်က အခမ်းအနားဖြစ်မြောက်ရေးအဖွဲ့သို့ ပြန်လည်လှူဒါန်းသွားခဲ့ကြောင်း သတင်းရရှိသည်။

(ခရိုင် ပြန်/ဆက်)

အများသုံးသန့်စင်ခန်းလိုအပ်

ရန်ကုန် မေ ၆

"ကျေးဇူးပြု၍ နားဆင်ပါခင်ဗျာ. . . လော်ကားဘူတာအထိသွားမည့် မြို့ပတ်လူစီးလော်ကယ်ရထားသည် မကြာမီ လှည်းတန်းဘူတာ အမှတ်(၂)လမ်းသို့ ဆိုက်ရောက်တော့မည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်" ဟု အသံလွင်လွင်ဖြင့် ရထားဆိုက်ရောက်ချိန်ကြေညာပေးခြင်းအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် လှည်းတန်းဘူတာတွင် အများပြည်သူခရီးသွားများကို အသံဖြင့် အသိပေး ဝန်ဆောင်မှုပြုလုပ်နေသည်ကို တွေ့ရသည်။

လှည်းတန်းဘူတာတွင် ရထားစီးခရီးသွားများ တစ်လသုံးလက်မှတ်ဖြင့် ရထားစီးသူများ၊ အလုပ်သွားအလုပ်ပြန်များအပြင် အထူးသဖြင့် ကမ္ဘာလှည့်ခရီးသွား နိုင်ငံခြားသားများ နေ့စဉ် ရထားကိုအသုံးပြုနေကြောင်း၊ ကမ္ဘာ့လှည့်ခရီးသွားနိုင်ငံခြားသားများမှာ အမေရိကန်သမ္မတဘားရက် အိုဘားမားလာရောက်ခဲ့သော ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်၊ တက္ကသိုလ်ပရိဝုဏ်၊ လှည်းတန်းထိပ်တို့ကို လာရောက်လေ့လာသူများ၊ သီးခြားမြို့ပတ်ရထားစီးနင်းသောအဖွဲ့များက မြန်မာ့လူနေမှုပုံစံနှင့် သဘာဝပတ်ဝန်းကျင်တို့ကို လေ့လာကြသူများ ဖြစ်ကြကြောင်း၊ အဆိုပါခရီးသွားများအနေဖြင့်လည်း အန္တရာယ်မလွန်ဆန်နိုင်သည့်အခါ ဘူတာအနီးနားရှိ တဲပျက်များ၊ အမှိုက်ပုံများ၊ ဖော့ပြားများဖြင့် အကာအရံပြုလုပ်ထားသောနေရာများတွင် အရှက်နှင့်သိက္ခာမငဲ့ကွက်နိုင်ဘဲ ကျန်းမာရေးပြဿနာဖြေရှင်းနေကြရသည့်အတွက် လှည်းတန်းဘူတာဧရိယာတွင် မြန်မာ့မီးရထားဌာနအနေဖြင့် အများသုံးသန့်စင်ခန်း (Public Toilet) တစ်ခု အမြန်ဆုံးအကောင်အထည်ဖော်ရန်လိုအပ်နေသည့် အကြံပြုမှုများရှိကြောင်း သိရသည်။

ခင်မောင်သော်(ကမာရွတ်)

ဘုရားကျောင်းကန် ခြွင်းမချန် မီးရန်သတိထားပါ

သူခစုံ ပြည်တွင်း-ပြည်ပ အလုပ်ကိုင်ဝန်ဆောင်မှုကုမ္ပဏီ မှ ဖွင့်လှစ်သော **"အလုပ်အကိုင် ရှာဖွေသူများ သိမှတ်ဖွယ် (ပညာဒါနသင်တန်း)"** ကို မည်သူမဆို တက်ရောက်နိုင်ပါသည်။ ဖုန်း-၃၈ ၅၇ ၅၈၊ ၃၈ ၆၈ ၇၇၊ ၃၉ ၂၂ ၃၃

စက်သုံးဆီဆိုင်ဖွင့်ရန်၊ ထမင်းဆိုင်ဖွင့်ရန် (သို့) အခြားစီးပွားရေး လုပ်ရန် အလွန်ကောင်းသော၊ ရန်ကုန်-ပုသိမ် လမ်းမကြီးဘေး (ပုသိမ် မြို့အနီး)၊ လန(၃၉) ရှိပြီးသော

မြေကွက်အမြန်ရောင်းမည်။

မြေအကျယ်-(1 ဧက ကျော်)၊ ဈေးနှုန်း-(3800) သိန်း

ဆက်သွယ်ရန်ဖုန်း : 09 86 27 286 (ရုံးချိန်အတွင်း)

သဘာဝအချိုရည်၊ ဂျယ်လီ၊ သစ်သီးယို၊ ရေခဲမုန့်၊ နိုင်ငံခြားမုန့်ဖုတ်သင်တန်း

ရှားစောင်းလက်ပတ်အချိုရည်၊အုန်းစိမ်းဂျယ်လီ၊သီးစုံဂျယ်လီ၊အားဖြည့်အချိုရည်၊ဖျော်ရည်မျိုးစုံ၊အဆီကျကျန်းမာရေးဖျော်ရည်၊ပဲနို့၊ပုတင်း၊ဒိန်ချဉ်ယိုး၊ဒယားမစ်ရှိုက်၊ဖားလှူဒါ၊ဗိုမိန်၊အသီးဖျော်ရည်၊သီးစုံကော့တေး၊အချဉ်ပေါင်း၊ဆော့စ်၊တော်ဖီ၊ကိတ်အမျိုးမျိုး၊ပေါင်မုန့်အမျိုးမျိုး၊ကွတ်ကီးအမျိုးမျိုး၊ (အင်္ဂါနေ့တိုင်းသင်တန်းစတင်ပါသည်။)

ROYAL SUN အားသောက်ကုန်သင်တန်း၊ အမှတ်-26၊ သစ်တောလမ်း၊ အလုံစာတိုက်အနီး၊ အလုံမြို့နယ်၊ ရန်ကုန်၊ 01-212651၊ 09-49308462

Since 1986 KMD Quality Management System ISO 9001:2008 လက်မှတ်ရ

Network Technician တစ်ယောက်အဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသူများနှင့် Microsoft Exam ဖြေဆိုလိုသူများအတွက် စာတွေ့လက်တွေ့စနစ်တကျသင်ကြားပေးပါမည်။

- Network Engineering
- Networking with Linux
- Practical Network(Server Based)
- Practical Network
- Practical A+

Enroll Now!

(၁၇၄-၁၈၂)၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၃၈၁၀၃၅/ ၃၈၁၇၇၆/ ၃၉၁၂၈၆

အမှတ်-၃၃၁၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။ ဖုန်း - ၅၂၇၄၃၆/၅၃၄၁၇၀/၅၀၂၂၃၃

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက် (၈၅)ကြိမ်မြောက် လစဉ်ပုံမှန် (၁၀)ရက်တရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်(၉)ရပ်ကွက်၊ နဝရတ်လမ်း ပုညာရာမမိုးကုတ်ဝိပဿနာ ကျောင်းတိုက်ကြီး၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယကိုခံယူလျက် ဆရာတော်အရှင်ပုညာနန္ဒ၏ ဉာဏ်မီသမျှဟောကြားတော်မူခဲ့သော ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်တရားတော်များ၊ အလုပ်ပေးတရားတော်များနှင့်တကွ နယ်လှည့်ဓမ္မကထိက ဆရာတော်များ၏ သစ္စာတရားတော်များကို နာယူကျင့်ကြံအားထုတ်နိုင်ရန် ပုညာရာမကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ခမည်းတော်ကြီး ဘဒ္ဒန္တဝိစာရမှ(၁၃-၅-၂၀၁၃)မှ(၂၂-၅-၂၀၁၃)နေ့အထိ ကျင်းပသွားမည်ဖြစ်ရာ တရားစခန်းဝင်ရောက် ကျင့်ကြံအားထုတ်လိုသူများ လိုအပ်သောအချက်အလက်စုံလင်စွာဖြင့် ကြိုတင်စာရင်းသွင်းနိုင်ပါသည်။

ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်

ဖုန်း-၀၁၅၅၃၃၃နှင့် ၀၉၅၀၁၃၂၉၇ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပျောက်ဆုံးကြောင်း ကျွန်မ မတင်တင်ချို ၁၂/လမတ(နိုင်)၀၁၃၀၉၃၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၃၁၇၁၉၄၀

၂-၅-၂၀၁၃ရက်မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၂ကော်လံ (၅/၆)တွင် ဖော်ပြသော သက်ဆိုင်သူများနှင့် အများသိစေရန် ဦးတင်ရှိန်၏ ကိုယ်စားလှယ်လွှဲစာရသူ ဦးဇော်ဌေး၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးဝင်းထိန်၏ ကြေညာခြင်းကို

ပြန်လည်ရှင်းလင်းသည့်ကြေညာချက်

ယင်းကြေညာချက်အပိုဒ် (၃)တွင် ဖော်ပြပါရှိသော ဦးတင်ရွှေ(ခ)ဒေါ်တင်ရွှေ ခွဲဝေရ ရှိသည့် အိမ်နှင့်မြေအပေါ်ခန်းအမှတ်(၁)နှင့်စပ်လျဉ်း၍ မှန်ကန်မှုမရှိကြောင်း ကြေညာအပ်ပါသည်။

ဦးတင်ရွှေ(ခ)ဒေါ်တင်ရွှေသည် မိဘများ၏အမွေကို တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ် (၈၄)မြေကွက်ကြီးတစ်ကွက်လုံး၏အခန်းအမှတ် (၄)အပြင် တာမွေမြို့နယ်၊ တာမွေကြီး (က-ဂ)ရပ်ကွက်၊ သမိန်ဗရမ်းလမ်းအမှတ် (၈၃/၈၅) လေးခန်းတွဲ နှစ်ထပ်အပေါ်ထပ် အခန်းအမှတ် (၁)ခေါင်းရင်းခန်းတို့ကို အမွေအဖြစ် ဆက်ခံရရှိခဲ့ပါသည်။

ဦးတင်ရွှေ(ခ)ဒေါ်တင်ရွှေသည် ၎င်းဆက်ခံရရှိသော မြေကွက်နှင့် အခန်းများကို မည်သို့မည်ပုံစီမံခန့်ခွဲရမှုကို ၎င်းမကွယ်လွန်မီကပင် စီမံခန့်ခွဲခဲ့ပါသည်။ ဤသို့ဖြစ် ဦးတင်ရွှေ(ခ)ဒေါ်တင်ရွှေသည် ၁၁-၅-၂၀၀၇ရက်တွင် ကွယ်လွန်အနိစ္စရောက်သွားခဲ့ပါသည်။ ဦးတင်ရှိန်သည် ဦးတင်ရွှေ(ခ)ဒေါ်တင်ရွှေကွယ်လွန်ပြီး (၁၉)ရက်အကြာတွင် ဦးတင်ရွှေကျန်ရစ်ခဲ့သော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မည်သို့စီမံခန့်ခွဲထားကြောင်းကို အတူနေ ဒေါ်သောင်းကျင်အား အတင်းအကျပ်တောင်းဆိုသောအခါ ဒေါ်သောင်းကျင်က ဦးတင်ရွှေ(ခ)ဒေါ်တင်ရွှေ၏ အစီအမံအတိုင်း ၃၀-၅-၂၀၀၇ရက်ကဒေါ်သောင်းကျင်၊ ဦးတင်ရှိန်နှင့် ဦးတင်ထူးတို့ ပစ္စည်းခွဲဝေခြင်းဆိုင်ရာ သဘောတူစာချုပ်ကို သက်သေဒေါ်ဆွေဆွေဝင်း၊ ဒေါ်သန်းစိုးတို့ လက်မှတ်ရေးထိုးပြီး တရားရုံးချုပ်ရှေ့နေကြီး ဦးကျော်သိန်းမှ ထပ်ဆင့်လက်မှတ်ရေးထိုးပြီး နိုတြီဦးစိန်လင်းရှေ့မှောက်၌ လက်မှတ်ရေးထိုးခွဲဝေခဲ့ရာ ဦးတင်ရှိန်အတွက် ငါးကျပ်သားအလေးချိန်ရှိ ဟန်းချိန်းရွှေလက်ကောက်တစ်ကွင်း၊ ငါးကျပ်သားအလေးချိန်ရှိ ရွှေဆွဲကြိုး တစ်ကုံး၊ တစ်ကျပ်ခွဲသားရှိ ကျောက်ဆူးလော့ကပ်တစ်ခုတို့ ဒေါ်သောင်းကျင်မှ လွှဲပြောင်းပေးအပ်သည်ကို ဦးတင်ရှိန်က လက်ခံရရှိယူခဲ့ပါသည်။ မရွှေ့မပြောင်းနိုင်သောပစ္စည်းဖြစ်သည့် တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ် (၈၄) မြေကွက်ကြီးတစ်ကွက်လုံး၏ အခန်းအမှတ် (၄)အတွက်ရရှိသည့်ငွေများကို ဦးတင်ရှိန်နှင့်ဦးတင်ထူးတို့အား ထက်ဝက်စီအကျိုးခံစားခွင့်ပေးရန် ကွယ်လွန်သူဒေါ်တင်ရွှေ မှာကြားသည့်အတိုင်း မြေကွက်ကြီးတစ်ခုလုံး၏အခန်းအမှတ်(၄)နှင့်ပတ်သက်၍ ရောင်းချ၍ရရှိသောဝေစုကို ဦးတင်ရှိန်နှင့် ဦးတင်ထူးတို့အား သဘောတူကတိစာချုပ်ပါအတိုင်း ခွဲဝေပေးအပ်ခဲ့ပြီးလည်း ဖြစ်ပါသည်။

ဦးတင်ရှိန်သည် ဦးတင်ရွှေ(ခ)ဒေါ်တင်ရွှေ၏ ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းဖြစ်သည့် တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ မြေကွက်ကြီးတစ်ကွက်လုံး၏အခန်းအမှတ် (၄)နှင့်စပ်လျဉ်းသော ဝေစုများကို ဦးတင်ထူးနှင့် အတူ တစ်ဝက်စီခွဲဝေရရှိခဲ့သည်သာမက ဦးတင်ရွှေ(ခ)ဒေါ်တင်ရွှေကျန်ရစ်သော ရွှေ့ပြောင်းနိုင်သည့်ရွှေထည်ပစ္စည်းအားလုံးကို ဦးတင်ရှိန်တစ်ဦးတည်းရရှိသည်သာမက ကျန်ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများဖြစ်သော ခေါက်ကုတင်များ၊ ခေါင်းအုံးနှစ်လုံး၊ စောင်နှစ်ထည်၊ ခြင်ထောင်တစ်လုံးတို့ကို ဦးတင်ရှိန်၏ သားကြီး မောင်ဇော်ဌေးတို့က လက်ခံရရှိပြီး ဦးတင်ရှိန်၏ ဒုတိယသားဖြစ်သော မောင်မိုးဇော်တို့မှ ၂၁လက်မ(တိုရှီဘာ)တီဗွီတစ်လုံး၊ ဒီဗွီဒီအောက်စက်တစ်လုံးတို့ကို လက်ခံရရှိသွားခဲ့ကြပါသည်။

ဤသို့ သုံးဦးသုံးဖလှယ် ပစ္စည်းခွဲဝေရယူခြင်းဆိုင်ရာ ကတိစာချုပ်အရဆိုပါက သက်ဆိုင်သူများနှင့်အများသိစေရန် ကြေညာချက်တွင်ဖော်ပြခဲ့သော သမိန်ဗရမ်းလမ်း၊တာမွေကြီး(က-ဂ) ရပ်ကွက်၊ အမှတ်(၈၃/၈၅၊ လေးခန်းတွဲ နှစ်ထပ်အိမ်နှင့် မြေမှအပေါ်ထပ်အခန်း၊ အမှတ် (၁) ခေါင်းရင်းခန်းနှင့်ပတ်သက်ပြီး ဖော်ပြထားခြင်းမရှိပါ။ ဦးတင်ရှိန်အနေဖြင့်လည်း အဆိုပါအခန်းနှင့် ပတ်သက်ပြီး မည်သည့်စီမံခန့်ခွဲမှုအရတို့မှ ဆက်ခံခြင်းမရှိသောကြောင့် အဆိုပါအခန်းနှင့် ပတ်သက်၍ ကြေညာပိုင်ခွင့်မရှိပါ။

ဦးတင်ရှိန်သည် ၃၀-၅-၂၀၀၇ရက်က သုံးဦးသုံးဖလှယ် ပစ္စည်းခွဲဝေရေးဆိုင်ရာသဘောတူကတိစာချုပ်ချုပ်ဆိုပြီးနောက်တစ်နေ့ ၃၁-၅-၂၀၀၇ရက်က ဦးတင်ရွှေ(ခ)ဒေါ်တင်ရွှေ မကွယ်လွန်မီက သမိန်ဗရမ်းလမ်း၊ အမှတ် (၈၄)တွင်ဖွင့်လှစ်ထားသော ရွှေနဂါးပရိဘောဂတိုက်မှ ပရိဘောဂများကို ဦးတင်ရွှေ(ခ)ဒေါ်တင်ရွှေ ကွယ်လွန်ပြီးနောက် (၂၀)ရက်ကြာ ပရိဘောဂ အစုံတန်ဖိုးငွေကျပ်၁၉၆၂၀၀ဖြင့် နှုတ်ဖြင့် ဝယ်ယူသည်ဟုဆိုကာ သိမ်းယူသွားပြီး ထိုတန်ဖိုးငွေများကို အလီလီပေးဆပ်ခဲ့ရာ ၁၀-၇-၂၀၀၇ရက်အထိ ငွေကျပ်၄၅၀၀၀၀သာပေးဆပ်ခဲ့ရာ ယနေ့အထိ ကတိအတိုင်း ဒေါ်သောင်းကျင်အား ငွေကျပ်၁၂၂၉၂၀၀ပေးချေရန် ကျန်ရှိလျက်ရှိကြောင်း စာရင်းဇယားများအရ ပေါ်ပေါက်လျက်ရှိပါသည်။

သို့ဖြစ်၍ ဦးတင်ရှိန်အနေဖြင့် သုံးဦးသုံးဖလှယ် ပစ္စည်းခွဲဝေရယူခြင်းဆိုင်ရာ သဘောတူကတိစာချုပ်တွင် ပါရှိခြင်းမရှိသော အခန်းအမှတ် (၁)နှင့်ပတ်သက်၍ ဆက်ခံခွင့်မရှိသကဲ့သို့ အများထင်ယောင်ထင်မှားဖြစ်စေရန်ကြေညာပိုင်ခွင့်မရှိကြောင်းပြန်လည်ရှင်းလင်းတင်ပြအပ်ပါသည်။

ဦးတင်ထူး ၁၂/တမန(နိုင်)၀၈၁၃၉၁၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်ထွန်း (Johnian)

တရားလွှတ်တော်ရှေ့နေကြီး (စဉ်-၁၁၇၃/၇၁)

အမှတ်၆၀၊(ပထမထပ်)မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အများသိစေရန်ကြေညာချက်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ အမှတ်(၃)ရပ်ကွက်တွင်နေထိုင်သော ကျွန်ုပ်၏မိတ်ဆွေ ဦးသက်နိုင်ထွန်း ၈/ရစက(နိုင်)၁၃၇၅၁၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရွှေဝင်း ငွေဝင်း

စိန်လာ ရွှေလာ

အထက်တွင်ကပ်နှိပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်သားများဖြင့် ရန့်မျိုးစုံပါဝင်သောအမွှေးတိုင်များ၊ အမွှေးနံ့သာတိုင်များကို မြန်မာပြည်တစ်ဝန်းလုံးတွင် ထုတ်လုပ်၊ ဖြန့်ချိ၊ ရောင်းချ၊ ကြော်ငြာရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်သွင်းမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံဖြစ်စေ ခိုင်မာသော အထောက်အထား စာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မှတ်ပုံတင်သွင်းကြေညာသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးကျူးခေါင် LL.B,D.B.L,D.M.L

တရားလွှတ်တော်ရှေ့နေ(စဉ်-၄၂၈၀)

အမှတ်-၁၀/၁၂(ပထမထပ်)၊ အခန်း-၁၀၄(အီး)၊ ၃၅ လမ်းတို(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၉၆၉၀၁၊ ၀၉-၆၄၆၀၅၀၉

သတင်း၊ ကြော်ငြာ

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်မှုရရှိနိုင်ရေး အားကစားသမားများလေ့ကျင့်

ရန်ကုန် မေ ၆

၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရန် ခုနစ်လခန့်သာလိုသည်နှင့်အညီ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အသီးသီးအနေဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသလို (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့်အားကစားဝန်ကြီးဌာနတို့မှလည်း ပြိုင်ပွဲကြီးအောင်မြင်စွာကျင်းပနိုင်ရေးနှင့်အတူ ပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ ထိုက်ထိုက်တန်တန် အောင်မြင်မှုရရှိရေးအတွက် မေ ၂ ရက် ညနေပိုင်းက အင်းလျားကန်ရှိ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်သို့ အားကစားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးရုံး ဒုတိယရုံးအဖွဲ့မှူး မြန်မာအားကစားအဖွဲ့ခေါင်းဆောင်ညွှန်ကြားရေးမှူးဦးကျော်ဦးသည် အားကစားနှင့်ကာယပညာဦးစီးဌာန၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာန (ရန်ကုန်) တာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးမွန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှတာဝန်ရှိသူများတို့နှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ကြသည်။

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ အသက်ကယ်လှေ လိုအပ်ချက်နှင့် ဒိုင်လူကြီးလှေလိုအပ်ချက်များ၊ စကားပြောစက်လိုအပ်ချက်များ၊ (၅)တက်လှေပြုလုပ်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် Pre SEA Game ပြိုင်ပွဲ ကျင်းပရေးကိစ္စရပ်များ၊ နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံရရှိရေးအတွက် ပြည်ပသို့ သွားရောက်ယှဉ်ပြိုင်ရမည့်ကိစ္စရပ်များ၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်နိုင်ငံများ၏လှေများ၊ ပို့ဆောင်ရေးကိစ္စရပ်များနှင့် Game Management System, Timing and Scoring System Venue Result System ကိစ္စရပ်များကိုဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာအားကစားအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့သည် အနောက်တိုင်းလှေနှင့် ရိုးရာလှေအားကစားသမားများ၏ လေ့ကျင့်နေမှုများအား **(အောက်ပုံ)** ကြည့်ရှုအားပေးပြီး နိုင်ငံခြားနည်းပြများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အောင်မြင်မှုများရရှိရေးအတွက် အားကစားသမားများ၏ လေ့ကျင့်နေမှုများနှင့်စပ်လျဉ်း၍ လိုအပ်ချက်များဆွေးနွေးကြပြီး ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြို့တော်စည်ပင်သာယာရေးကော်မတီ အားကစားစခန်း၊ ကာယဗလလေ့ကျင့်ရေးစခန်းရှိ စခန်းသွင်းလေ့ကျင့်နေသောကာယဗလမောင်များနှင့် တွေ့ဆုံခဲ့သည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)သို့ သွားရောက်ပြီး ရွှေအားကစားစခန်း(ဘီ) ဖွင့်လှစ်ရေးအတွက် အချိန်မီပြီးစီးဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဆောင်ရွက်လုပ်ရေးတာဝန်ခံများအား မှာကြားသည်။

ရွှေအားကစားစခန်း(ဘီ)တွင် ထူးထူးခြားခြား စံချိန်ကောင်းမွန်ပြီး အလားအလာရှိသော မျိုးဆက်သစ်အားကစားသမားများအား အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)နှင့် မန္တလေးတွင် ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

၆၇ နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် နေပြည်တော်မီးသတ်ဦးစီးဌာနမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးသန်းကျော်ကျော်သည် နေပြည်တော်ကောင်စီနယ်မြေအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးသတိမူရေးအတွက် မေ ၂ ရက်က ပျဉ်းမနားမြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့် တပ်ဖွဲ့ဝင်(၈)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၁၀)ဦးတို့အား ဦးဆောင်၍ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအနီးရှိ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ ရေပြာကျေးရွာအတွင်း တစ်အိမ်တက်ဆင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စစ်ဆေးစဉ်။ (သတင်းစဉ်)

အင်္ဂလိပ်စာ ပညာဒါနအခမဲ့သင်တန်းဖွင့်

ဒိုက်ဦး မေ ၆

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဒိုက်ဦးမြို့နယ် သံတံတားရပ်ကွက် ဇမ္ဗူရတနာကျောင်းတိုက်၌ အင်္ဂလိပ်စာ (Our Skills)(အခမဲ့)ပညာဒါနသင်တန်းအား ဇမ္ဗူရတနာဆရာတော် အရှင်ပညာဝံသ(ဒိုးတန်း)နှင့် ရန်ကုန်မြို့မှ ဆရာကြီးဦးမြကြိုင်တို့မှ ကြီးမှူးပြီး မေ ၁ ရက် နံနက် ၉ နာရီက ကျင်းပဖွင့်လှစ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က အဖွင့်အမှာစကားပြောကြားပြီး ဆရာကြီးဦးမြကြိုင်၊ မြို့နယ်ပညာရေးမှူးတို့ တက်ရောက်ကြသည်။ အဆိုပါသင်တန်းတွင် ဆရာမဒေါ်စိုးစန္ဒာအောင်က ဦးဆောင်သင်ကြားပေးပြီး ဒိုက်ဦးမြို့နယ်အတွင်းမှ တက်ရောက်သင်ကြားသူ စုစုပေါင်း ၇၀၀ ကျော်ခန့်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

Organized by ZILLION BUSINESS SERVICES LIMITED

Contact : 09 5019772, 09 5080125, 09 73140262

3rd Myanmar Mobile Fair

ပြပွဲလာသူများအား နေ့စဉ် Handset မျိုးစုံ ကံစမ်းခွင့်ပြုမည်။

Venue : UMFCCI, Date 10.05.2013 to 12.05.2013 Time : 9;00 am to 6:00 pm

အမည်ပြောင်း

မိတ္ထီလာမြို့ ဦးသက်နိုင်-ဒေါ်စန်းစန်းရီတို့၏သား မလှိုင်မြို့ မိသားစုကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မောင်ကျော်ဇင်ဟိန်း ၉/မထလ(နိုင်)၃၃၀၂၅၆အား မောင်ဝေယံနေမင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဝေယံနေမင်း

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၅၁၊ မြေကွက်အမှတ်၂၁၉၀၊ မြေကွက်တည်နေရာအမှတ် ၂၁၉၀၊ (၁၅၁)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဦးသောင်းရှိန်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးသောင်းရှိန်နှင့်ဇနီး ဒေါ်စန္ဒာတို့ကွယ်လွန်သဖြင့် သမီးဒေါ်မိုးကလျာရှိန် ၁၃/ကတန(နိုင်)၀၀၄၁၁၅က ပါမစ်မီးလောင် ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ မိခင် ဖခင်သေစာရင်း၊ တစ်ဦးတည်းသောသမီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ ဝန်ခံချက်တို့တင်ပြ၍ ပါမစ်မီးလောင်ပျောက်ဆုံးဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

Sweet Angel Nail Art & Beauty Training School

လက်သည်းနှင့်အလှအပဆိုင်ရာ အသက်မွေးဝမ်းမှုပညာသင်တန်းကျောင်း

အလုပ်ဝင်ရန်နှင့်သင်တန်းကြေးအခက်အခဲရှိသူများအတွက်

အခမဲ့ ပညာဒါန သင်တန်းများ

ဘာသာရပ်	ပုံမှန်ဖိုး	သင်တန်းကာလ
ဆံပင်ညှပ်	35000	2 Months
ဆံထုံး	50000	1 Month
မိတ်ကပ်	80000	1 Month
လက်သည်းပုံဖော် ပန်းချီ	40000	1 Month
လျှော်+ပေါင်းတင် ကာလာဆိုး+ ဆံပင်ကောက်	50000	1 Month
လျှော်+ပေါင်းတင် ကာလာဆိုး+ ဆံပင်ဖြောင့်	50000	1 Month
လျှော်+သစ် ပေါင်းတင်	35000	1 Month

မိမိသင်ကြားမည့်ဘာသာရပ်အတွက် သတ်မှတ်ထားသော သင်ထောက်ကူပစ္စည်းတစ်စုံဝယ်ရုံဖြင့် အခမဲ့သင်ကြားပေးပါမည်။ (သင်တန်းကြေးပေးရန်မလိုပါ)

အမှတ်(၂၅၁)၊အခန်း(၃)A၊ဗားကရာလမ်းမတန်း၊(119 စတိုးအနီး)၊မြေနီကုန်း၊စမ်းချောင်း။
09 5107347, 09 49261839, 01 538510.

မြေကွက်ရောင်းမည်

အုတ်တံတိုင်းခတ်ပြီး၊ Slap လောင်းပြီး၊ အဝီစိတွင်းပါ၊ မီးပါ၊ ဂရန်အမည်ပေါက်၊

မြေကွက်အကျယ် - (၆၀၀၀)စတုရန်းပေ၊ ရတနာလမ်းမပေါ်၊ တောင်ဥက္ကလာပမြို့နယ်။

ဖုန်း။ ။ ၀၁-၈၅၅၀၇၈၂ ၊ ၀၁-၅၆၃၀၅၅ (၈၅၀၀)သိန်း

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈ ၊ မြေကွက်အမှတ် (၂၂/ခ)၊ မြေကွက်တည်နေရာအမှတ် (၂၂၁)၊ နဝရတ်လမ်းကျယ်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ် ဦးမောင်မောင်သွင်၊ ဒေါ်ရင်မေ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးမောင်မောင်လွင်၊ ဒေါ်ရင်မေတို့ကွယ်လွန်သဖြင့် ၎င်းတို့၏သားကြီး ဦးဇော်မြင့်သည်လည်းကောင်း၊ တတိယသား ဦးသန်းဌေး(လူမို့ကြီး) ဘဝဖြင့်လည်းကောင်း ကွယ်လွန်သဖြင့် ဒုတိယသမီး ဒေါ်နွဲ့နွဲ့အေး ၁၂/သကတ(နိုင်)၀၈၈၅၂၀နှင့် စတုတ္ထသား ဦးတိုးတိုး ၁၂/သကတ(နိုင်)၁၄၃၃၇၇တို့က (ဦးသန်းဌေး)ကွယ်လွန်၏သားသမီးများဖြစ်သည့် ဒေါ်မြင့်မြင့်ဦး ၁၂/သကတ(နိုင်)၁၄၃၃၀၆၊ ဦးမင်းဝေ ၁၂/သကတ(နိုင်)၁၅၆၅၇၉ တို့နှင့်ပူးတွဲ၍ သားသမီးနှင့်မြေးတော်စပ်ကြောင်းကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

YangonTownship Map

Update များအမြဲပြုလုပ်နေသော GIS Map

Tel : 204020

dp MAPS

Digital Maps of YANGON MYANMAR

Myanmar GIS up to Village Track Level

- စိုက်ပျိုးမြေများ၊ အိမ်၊ခြံ၊ မြေများ၊ မြို့ ရွာ၊ စက်မှုဇုံ၊ မြို့ရေးဖုန် တည်ဆောက်ခြင်းလုပ်ငန်းများအတွက် မြေကွက်များ ကြိုတင်တိုင်းတာတွက်ချက်ခြင်း၊ မြေပုံ Site Plan များရေးဆွဲခြင်း၊ သတ္တုသယံဇာတများ တူးဖော်လုပ်ကိုင်ခြင်းအတွက် တည်နေရာများ ရှာဖွေခြင်း၊ လမ်းဖောက်လုပ်ရန် လမ်းအူကြောင်းများရှာဖွေခြင်း၊ ဖောက်လုပ်ရမည့် လမ်းအကွာအဝေးများ တွက်ချက်တိုင်းတာခြင်း၊ သတ္တုကြောများ ရှာဖွေခြင်းလုပ်ငန်းများ အတွက်စီမံကိန်းမြေကွက်များကို ဂြိုလ်တုပုံများပေါ်တွင် အကွက်ချ၍ အသေးစိတ်ကိုလိုအပ်သော Paper Size အမျိုးမျိုးဖြင့် Print ထုတ်ပေးခြင်း၊
- ရေပိုက်လိုင်းများ၊ လျှပ်စစ်တာဝါတိုင်များ၊ ဆက်သွယ်ရေးလိုင်းများ၊ ဆက်သွယ်ရေးတာဝါတိုင်များ စသည်တို့ သွယ်တန်းတည်ဆောက်ရန်အတွက် တည်နေရာများ ရှာဖွေခြင်း၊ အကွာအဝေးများတိုင်းတာခြင်း၊ ဆက်သွယ်ရေးလုပ်ငန်းများအတွက် Singnal Coverage မြေပုံများပြုလုပ်ခြင်း၊

ဝန်ဆောင်မှုများကိုအချိန်တိုအတွင်း အမြန်ဆောင်ရွက်ပေးလျက်ရှိပါသည်၊

Yangon Map ကို GIS အဖြစ် Soft Copy ဖြင့် ရရှိနိုင်ပါပြီ၊
ရန်ကုန်မြို့လမ်းများမြေပုံ(လမ်းအကျယ်များပါ) အထင်ကရနေရာများ မြစ်ချောင်း၊ရေကန်များကို GPS နှင့် ထပ်ကြည့်၍ရပါသည်၊

Available:
GPS : Garmin, NAVA

GPS ရောင်းသည်၊ ငှားသည်၊ တစ်ရက် ၉၀၀ ကျပ်သာ

165, 35 St.(Middle), KTDA Tsp., Yangon. Tel: 24 52 30, 0950-30177 , www.dpsmap.com, Email: admin@dpsmap.com

Victoria University College

Post Graduate Diploma နှင့် English for Journalist အချိန်ပိုင်းသင်တန်း များလျှောက်လွှာခေါ်ယူခြင်း

၁။ ဆရာဝန်များ၊ဆေးဘက်ဆိုင်ရာလုပ်ငန်းကျွမ်းကျင်သူများ၊ဆေးပညာသင်ကျောင်းသား/သူများတက်ရောက်နိုင်သည့် Hospital Management အချိန်ပိုင်းသင်တန်း။
၂။ လုပ်ငန်းခွင်အသီးသီးတွင်တာဝန်ထမ်းဆောင်နေသူများ၊Business- HND(သို့မဟုတ်)ဘွဲ့ရရှိ ပြီးသူများတက်ရောက်နိုင်သည့် Human Resource Management အချိန်ပိုင်းသင်တန်း။
၃။ စာ-နယ်-ဇင်း လုပ်ငန်းခွင်တွင် တာဝန် ထမ်းဆောင်နေသူများအတွက်၊ Interviewing Techniques, Note taking, Press Conference နှင့် Grammar and Speaking တို့ပါဝင်သည့် English for Journalists အချိန်ပိုင်းသင်တန်းများဖွင့်လှစ်မည်။ (စာ-နယ်-ဇင်းတိုက် တစ်ခုမှသင်တန်းသား(၂)ဦးစီကို အခမဲ့သင်ယူခွင့်ပြုပါမည်။
၄။ အမှတ်စဉ်(၁)နှင့်(၂)ကို မေ(၂၅)ရက်နေ့တွင်စတင်ဖွင့်လှစ်မည်။ အမှတ်စဉ်(၃)ကိုမေ(၁၈)ရက် နေ့တွင် စတင်ဖွင့်လှစ် မည်။
၅။ ပညာအရည်အချင်းမိတ္တူ ၊ဓါတ်ပုံ(၂)ပုံနှင့်အတူ ဝင်ခွင့်ပုံစံများကို ဖြည့်စွက်လျှောက်ထားရပါ မည်။

ကျောင်းသားရေးရာဌာန MMB Campus-အမှတ်(၁၆၆) အထက်ပန်းဆိုးတန်းလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉၅၁၀၄၇၄၈

သတင်း၊ ဆောင်းပါး

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲ စာမူများ ဖိတ်ခေါ်ခြင်း

ရန်ကုန် မေ ၆

၂၀၁၃ခုနှစ် ဇူလိုင်လ ၃ရက်နေ့တွင်ကျရောက်သော မြန်မာ့အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဝတ္ထုတိုပြိုင်ပွဲကိုကျင်းပသွားမည်ဖြစ်သည်။

ဝတ္ထုတိုပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများ၏ ချစ်စဖွယ်ယဉ် ကျေးမှုဓလေ့စရိုက်များ၊ အမျိုးဂုဏ် ဇာတိဂုဏ်ထိန်းသိမ်းမြှင့်တင်မှုများ၊ နိုင်ငံနှင့်လူမျိုးအကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်မှုများ၊ တာဝန်ကျေပွန်မှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု စသော ဂုဏ်သိက္ခာအရည်အချင်းတို့ကို ဖော်ညွှန်းရေးသား၍ နှစ်သက်ရာခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်ပါသည်။ စာမူကို A4 စာမျက်နှာဖြင့် ကွန်ပျူတာလေးမျက်နှာ သို့မဟုတ် လက်နှိပ်စက် ငါးမျက်နှာ သို့မဟုတ် လက်ရေးဖြင့်ခြောက်မျက်နှာထက်မပိုဘဲ ရေးဖွဲ့နိုင်ပါသည်။

ပြိုင်ပွဲဝင်သူတစ်ဦးလျှင် ဝတ္ထုတိုတစ်ပုဒ်သာ ပါဝင်ယှဉ်ပြိုင်ရမည်။ စာမူများကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ တစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေးသား၍ မူရင်းနှင့် မိတ္တူတစ်စောင် တင်သွင်းရမည်။ ပြိုင်ပွဲဝင်သူသည် ပတ်စ်ပို့ ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ မိဘအမည်၊ နိုင်ငံသား မှတ်ပုံတင်အမှတ်၊ ပညာအရည်အချင်း၊အလုပ်အကိုင်၊နေရပ်လိပ်စာ၊ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်ဖော်ပြပြီး မိမိကိုယ်တိုင်ရေးသားထားကြောင်းနှင့် ပုံနှိပ်ဖော်ပြခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်များ ပါရှိရပါမည်။ ဝတ္ထုတိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊တတိယ ဆုသုံးဆုနှင့်အထူးဆုများ ရွေးချယ်သွားမည်ဖြစ်ပြီး ဆုများကို ၂၀၁၃ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့တွင် ထိုက်တန်စွာချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင် ဝတ္ထုတိုများကိုပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးအေးကြွယ် ညွှန်ကြားရေးမှူး (ထုတ်လုပ်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂သို့ ၂၀၁၃ခုနှစ် ဇွန် ၁၅ ရက် ညနေ၄နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ **(သတင်းစဉ်)**

လပွတ္တာမြို့၌ CDMA နှင့် ငွေဖြည့်ကတ်များ ရောင်းအားကောင်း

လပွတ္တာ မေ ၆

ငွေကျပ် ၁၅၀၀ တန်ဖိုးနည်း CDMA-800 MHz SIM Card များကို ဧပြီ ၂၄ ရက်မှစ၍ လပွတ္တာမြို့၌ မဲစနစ်ဖြင့် ရောင်းချပေးလျက်ရှိရာ လပွတ္တာမြို့ရှိ Mobile Phone ဆိုင်များ၌ CDMA-800 MHz Hand-Set မျိုးစုံ ရောင်းအားကောင်းလျက်ရှိသည်။ Hand-Set အမျိုးအစားအလိုက် ဈေးနှုန်းအမျိုးမျိုးရှိပြီး အနည်းဆုံး ငွေကျပ် ၂၅၀၀၀ မှ နှစ်သိန်းကျော်အထိ ရှိကြောင်း၊ CDMA-800 MHz SIM Card များ ထုတ်ပေးသည့်ရက်မှစ၍ ယနေ့အထိ Touch Screen အမျိုးအစားများမှာ ရောင်းအားကောင်းလျက်ရှိကြောင်း Mobile Phone အရောင်းဆိုင်များမှ သိရသည်။ ထို့အပြင် ကြိုတင်ငွေဖြည့်ကတ်များလည်း ရောင်းအားကောင်းလျက်ရှိကြောင်းသိရသည်။

(ခရိုင်ပြန်/ဆက်)

နိုင်ငံသားစိစစ်ရေးကတ်ပြား ပူတာအိုတွင်ပေးအပ်

မြစ်ကြီးနား မေ ၆

ကချင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းလွင်နှင့် ဝန်ထမ်းများသည် မိုးပွင့်အဆင့်(၅) စီမံချက် အကောင်အထည်ဖော်သည့်အနေဖြင့် ပူတာအိုမြို့ လေယာဉ်ကွင်းရပ်ကွက်ရှိ ရဝမ်ခရစ်ယာန် အသင်းတော်၌ ဧပြီ ၂၉ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယော်ဒီဒွေ၊ ပြည်နယ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းလွင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဦးကျော်တေဇ၊ ခရိုင်ကျန်းမာရေးမှူး ဒေါက်တာသိန်းဝင်း၊ ခရိုင်ဦးစီးဌာနမှူး ဦးကျော်နိုင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထူးနှင့် ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသော ကျောင်းသားလူငယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းလွင်က နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

လက်ခံယူ

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယော်ဒီဒွေက နိုင်ငံသားစိစစ်ရေးကတ်ပြား ၉၀ အားပေးအပ်ရာ ကျောင်းသား တစ်ဦးက လက်ခံယူခဲ့ကြောင်း သတင်းရရှိသည်။ **(ပြန်/ဆက်)**

သုံးခွ၌ ဆိုင်ကယ်ဖြင့် နွားကိုဝင်ရောက်တိုက်မိ၍ ဆိုင်ကယ်နောက်မှစီးသူသေဆုံး

သုံးခွ မေ ၆

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် ဧပြီ ၂၆ရက် နံနက်က ဆိုင်ကယ်ဖြင့် နွားကိုဝင်တိုက်မိပြီး တိမ်းမှောက်ကာ နောက်မှစီးလာသူ အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိ၍ သုံးခွဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးသွားသောဖြစ်ရပ်တစ်ခုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် နန်းခလဲကျေးရွာနေ မစန်းစန်းအေး (၃၇)နှစ်သည် ကျန်းမာရေးမကောင်းသဖြင့် တစ်ရွာတည်းနေ မောင်နှမဝမ်းကွဲတော်စပ်သူ ကိုရဲမင်းနိုင်(၃၅)နှစ်အား သန်လျင်ရှိ ဆေးခန်းသို့သွားပြရန်အတွက်လိုက်ပို့ရန် ခေါ်ဆောင်ခဲ့သည်။ သန်လျင်တွင် ဆေးခန်းပြပြီး၍ ကိုရဲမင်းနိုင်သည် ဆိုင်ကယ်ကိုမောင်းနှင်၍ နောက်မှ မစန်းစန်းအေး စီးနင်းလိုက်ပါလာစဉ် နံနက် ၁၀ နာရီတွင် သုံးခွမြို့နှင့်အနောက် ကျေးရွာအကြား၌ နွားကိုဆိုင်ကယ်ဖြင့်တိုက်မိကာ တိမ်းမှောက်သွားသဖြင့် နောက်မှစီးနင်းလာသူမစန်းစန်းအေးမှာဒဏ်ရာများရရှိသဖြင့် သုံးခွ ဆေးရုံသို့ပို့ပြီး ကုသစဉ် သေဆုံးသွားသဖြင့် ဆိုင်ကယ်အား မဆင်မခြင် မောင်းနှင်သူ ကိုရဲမင်းနိုင်အား သုံးခွရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
သရက်ချောင်းမြို့နယ်တရားရုံး
၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄နှင့်ဆက်နွှယ်သည့်
၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄

မသက်မူ (တရားနိုင်) နှင့် ဦးမြင့်စိုး(တရားရှုံး)

ဦးမြင့်စိုး၊ ချောင်းဝပြင်ကျေးရွာ၊ သရက်ချောင်းမြို့နယ်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၃ခုနှစ်၊ မေလ ၂၇ရက်(၁၃၇၅ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်သို့ လာရောက်စေ။

၂၀၁၃ခုနှစ်၊ မေလ ၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သီရိအောင်)
မြို့နယ်တရားသူကြီး
သရက်ချောင်းမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ဦးအိပ်ချ်ဘားနပ်နှင့် ဒေါ်မိမိကြီးတို့ ဂရန်အမည်ပေါက်သော ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ အကွက်အမှတ်(၁၇)၊ ပုဏ္ဏစုရပ်၊ ဦးပိုင်အမှတ်(၆၀)၊ မြေယာအမှတ်(၅၅)အနက်မှ ဦးပိုင်အမှတ်(၆၀-က)၊ မြေယာအမှတ်(၅၅-A)၊ မြေဧရိယာ ၀ဒသမ ၀၉၂၈ကေရှိ မြေနှင့်မြေပေါ်ရှိ အဆောက်အအုံ အကျိုးခံစားခွင့်များအားလုံးကို ပိုင်ရှင် ဦးအိပ်ချ်ဘားနပ်နှင့် ဒေါ်မိမိကြီးတို့ ကိုယ်တိုင်မှပြင်ဦးလွင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်း စာချုပ်အမှတ်(၁၇၉/၂၀၁၂)အရ သမီး ဒေါ်စုစုလှိုင်နှင့်ခင်ပွန်း ဦးအေးလွင်တို့အား အပြီးအပိုင် လက်ရောက်လွှဲပြောင်းပေးကမ်းထားပါသည်။ ဒေါ်စုစုလှိုင်နှင့် ဦးအေးလွင်တို့အမည်ဖြင့် ဂရန်ခွဲ၊ အမည်ပြောင်းရန် ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားပြီး ဂရန်ခွဲထုတ်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့အမည်များဖြင့် ဂရန်အမည်ပြောင်းခွဲထုတ်သည်ကို ကန့်ကွက်လိုသူများရှိပါကခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူများမရှိပါက ဂရန်အား ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးတိုင်အောင် ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအေးလွင် ၁၃/ကလန(နိုင်)၀၁၈၅၇၀
ဒေါ်စုစုလှိုင် ၉/မမန(နိုင်)၀၃၃၆၃၇
အိမ်အမှတ်(၁၆)၊ အောင်ဆန်းစလမ်း၊
ရွာသစ်ကလေး၊ (၁၇)ရပ်ကွက်၊ ရပ်ကွက်ကြီး(၁၇)၊ ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၄၀၂၅၄၇၀၆၈

ဒေါ်ရှောက်ဟဲ(ခ)ဒေါ်လီလီအောင်(ဘ)ဦးကျန်တာဂူ SUN DREAM ကုမ္ပဏီ သိစေရန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ သုမင်္ဂလာရပ်၊ အမှတ် (၃၉-B)နေ ဒေါ်နန်းလောင်ဝီခမ်းနှင့် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေးတိုက်တန်း၊ အမှတ် ၁၆၇ SUN DREAM ကုမ္ပဏီနေ ဒေါ်ရှောက်ဟဲ(ခ)ဒေါ်လီလီအောင်(ဘ)ဦးကျန်တာဂူတို့သည် ခင်မင်ရင်းနှီးသော မိတ်ဆွေများဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းလောင်ဝီခမ်းက ဒေါ်ရှောက်ဟဲ(ခ) ဒေါ်လီလီအောင်ထံသို့ စိန်ရွှေရတနာများ ရောင်းချပေးရန်ပေးအပ်ခဲ့ပါသည်။ ဒေါ်ရှောက်ဟဲ(ခ) ဒေါ်လီလီအောင်က စိန်ရွှေရတနာဖိုး ငွေကျပ်သိန်း၁၈၀၀ကို ဒေါ်နန်းလောင်ဝီခမ်းထံသို့ ပေးအပ်ရန်ရှိကြောင်း စာချုပ်တွင် လက်မှတ်ရေးထိုးလက်ဗွေနှိပ်ပေးခဲ့ပါသည်။ စာချုပ်ချုပ်ဆိုပြီးနောက် စိန်ဖိုးငွေကျပ်သိန်း ၁၈၀၀ကို ၅-၉-၂၀၁၂ရက်တွင် နောက်ဆုံးထား၍ ပေးအပ်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုသော်လည်း စိန်ရွှေရတနာဖိုးငွေကျပ် ၁၈၄သိန်းသာ ပေးသွင်းခဲ့ပါသည်။ စိန်ရွှေရတနာဖိုးငွေကျပ် ၁၆၁၆သိန်းကို ၂၀၁၃ခုနှစ် ဇန်နဝါရီ ၃၁ရက်တွင် နောက်ဆုံးပေးအပ်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုခဲ့ပါသည်။ ထိုသို့ ဝန်ခံကတိပြုသည့်အတိုင်း စိန်ရွှေရတနာဖိုးငွေများကို ပေးအပ်ခြင်းမရှိဘဲ အကြိမ်ကြိမ် ပျက်ကွက်နေပါသည်။

ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေ၏ စိန်ရွှေရတနာဖိုးငွေများကို ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ပေးအပ်စေရန် အကြောင်းကြားအပ်ပါသည်။ လူကြီးမင်းအနေဖြင့် လိုက်နာခြင်း တစ်စုံတစ်ရာမရှိပါက ဒေါ်နန်းလောင်ဝီခမ်းက ဥပဒေကြောင်းအရ တရားစွဲဆိုမည်ဖြစ်ကြောင်း အကြောင်းကြားသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်နန်းလောင်ဝီခမ်း(ဘ)ဦးစိုင်းခမ်းယုံး	**ဦးသန့်လွင်ဝင်း LL.B (YGN)**
၁၃/တယန(နိုင်)၀၀၁၉၅၅	**PGDE (MUFL)**
	တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၂၉/၀၂)
	အမှတ်၁၆(ခ)၊အကွက်၆၉၊ ၁၃လမ်း×၁၄လမ်းကြား၊
	၈၇လမ်း၊ ပြည်ကြီးရန်လုံရပ်၊ မန္တလေးမြို့၊
	ဖုန်း-၀၉-၅၁၅၉၁၇၉

မလှလှဝင်း TKA -၀၉၂၁၇၈နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ အနော်မာ ၁၅လမ်း အနောက်၊ အမှတ် ၆၇၈တွင် နေထိုင်သော ဦးရှောင်ရှုအာလာမ် MDW-၂၄၆၁၀၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးရှောင်ရှုအာလာမ်နှင့် ဒေါ်ရိုကေရာဘေဂေါင်တို့၏ အကြီးဆုံးသမီး မလှလှဝင်းသည် မိဘ၊ ညီအစ်ကို မောင်နှမများ၏ ဂုဏ်သိက္ခာကျဆင်းပြီး အရှက်ရစေမည့် လူမှုရေးကိစ္စရပ်များကို ပြုမူဆောင်ရွက်သွားပါသဖြင့် သွားနုတ္တသမီးအဖြစ် သတ်မှတ်၍ အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့် ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးနေလင်းအောင်-ဒေါ်ဇင်မိုးသူ
အထက်တန်းရှေ့နေများ
ဆောက်လုပ်ရေးရုံးရှေ့၊ စမ်းချောင်းတရားရုံးဘေး၊ ဗဟိုလမ်းနှင့် ဗားကရာလမ်းထောင့်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၇၄၆၇၉

၂၉-၄-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဦးမျိုးလွင် ၁၂/သဃက(နိုင်)၀၇၀၈၅၁၏ ကြေညာချက်နှင့်ပတ်သက်၍ ဦးအရှေ၊ ဒေါ်ရှုမေ၊ ဒေါ်ခင်မြင့်တို့မှ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

ဦးကားသည် ၁၇-၁၁-၁၉၇၁ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ ဦးကား ကွယ်လွန်ပြီးနောက် ၁၉၈၄ခုနှစ် ဧပြီ ၂၉ရက်တွင် မောင်နှမအားလုံး၏ သဘောတူညီချက်အရ အသိသက်သေများရှေ့တွင် ဖခင် (ဦးကား)ပိုင်မြေနှင့် ပတ်သက်၍ ဦးမျိုးလွင်အား အမွေခွဲဝေ ပေးပြီးဖြစ်ပါသည်။ ဤသို့အမွေခွဲဝေပေးလိုက်သော မြေပေါ်တွင်လည်း ဦးမျိုးလွင်သည် သဘောတူရယူ၍ လက်ရှိနေထိုင်လျက်ရှိပါသည်။ ဤဖြစ်ရပ်များကိုလည်း ဦးမျိုးလွင်ကိုယ်တိုင် သိရှိပြီးဖြစ်ပါသည်။

သို့ပါ၍ ဦးမျိုးလွင်သည် ကျန်ရှိသော အမွေပုံမြေကွက်များအားလုံးနှင့်ပတ်သက်၍ ပြောဆိုခွင့်၊ ကန့်ကွက်ခွင့်၊ တောင်းဆိုခွင့် အလျဉ်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျန်ညီအစ်ကိုမောင်နှမများ-
ဦးအရှေ ၁၂/သဃက(နိုင်)၀၇၀၀၀၃
ဒေါ်ရှုမေ ၁၂/သဃက(နိုင်)၀၇၁၄၃၄
ဒေါ်ခင်မြင့် ၁၂/သကတ(နိုင်)၀၉၆၉၇၁

အမည်မှန်

ကွမ်းခြံကုန်းမြို့နယ် တောကျောင်းကျေးရွာအုပ်စု ကမာကလွန်းကျေးရွာနေ ၁၂/ကခတ(နိုင်)၀၂၆၂၄၇ ကိုင်ဆောင်သူ ဦးတင်ကြည်လှိုင်၏ အမည်မှန်မှာ မှတ်ပုံတင်အရ ဦးကြည်လှိုင် ဖြစ်ပါကြောင်း။ **ဦးကြည်လှိုင်**

အမည်ပြောင်း

ဦးခွန်စံလွင်၏သမီး တောင်ကြီးမြို့၊ အထက (၄)၊ ဆဋ္ဌမတန်းမှ နန်းဖူးပွင့်မြတ်အား ယနေ့မှစ၍ နန်းဖူးပွင့်မြတ်စံဟု ပြောင်းလဲခေါ်ပါရန်။

နန်းဖူးပွင့်မြတ်စံ

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးမျိုးသူ ၉/မနတ(နိုင်)၀၈၇၄၄၈၏ သမီး၊ အထက (၁) တက္ကသိုလ်ဝင်တန်း၊ မင်္ဂလာဒုံမှ မထက်ထက်မျိုးနှင့် မဝေဝေလွင်သည် တစ်ဦးတည်းဖြစ်ပါသည်။

မထက်ထက်မျိုး(ခ)မဝေဝေလွင်

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၇၊ မြေကွက် အမှတ် ၈၄၇/က၊ (အလျားပေ ၆၀×အနံပေ ၂၀)ပမာဏရှိ နှစ် ၆၀ဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၈၄၇/က၊ သီရိဇေယျာလမ်း (၂၀)၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟု ခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အလုံးစုံတို့ကို တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စန်းလွင် ၁၂/ဥကတ(နိုင်)၀၈၉၆၄၇ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသည့် စာရွက်စာတမ်းအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်ပြည့် (စဉ်-၇၀၄၈)	**ဒေါ်တင်တင်မော် (စဉ်-၂၃၁၇၄)**
LL.B, D.B.L	**အထက်တန်းရှေ့နေ**
တရားလွှတ်တော်ရှေ့နေ	

တိုက် ၆/၈၊ အထက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၅၀၁၇၁၉၃၊ ၀၉-၇၃၀၈၇၂၄၉

ပြန်လည်ဖြေရှင်းကြေညာချက်

၉-၂-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြပါရှိသော နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်နေ မနှင်းအေးလှိုင် ၉/ပမန(နိုင်)၁၆၉၅၇၇၏ကြေညာချက်မှာ မှန်ကန်မှုမရှိကြောင်း ဖြေရှင်းအပ်ပါသည်။ ကျွန်ုပ်အမှုသည် မောင်ချမ်းငြိမ်းအောင် ၉/အမဇ(နိုင်)၀၂၀၇၃၄နှင့် မနှင်းအေးလှိုင်တို့သည် စိတ်သဘောထားခြင်းတိုက်ဆိုင်မှုမရှိတော့သည့်အတွက် ၁-၆-၂၀၁၁ရက်မှစ၍ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူပြတ်စဲခဲ့ကြပြီး ယနေ့အထိ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ပြောဆိုနေထိုင်ခြင်း လုံးဝမရှိတော့ပါ။ မနှင်းအေးလှိုင်သည် မောင်ချမ်းငြိမ်းအောင် လက်ရှိနေထိုင်သော ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၃၂ရပ်ကွက်နေအိမ်သို့လည်း ယနေ့အထိတစ်ကြိမ်မျှ လာရောက်နေထိုင်ခဲ့ဖူးခြင်းမရှိပါ။ မောင်ချမ်းငြိမ်းအောင်နှင့်မနှင်းအေးလှိုင်တို့သည် နေပြည်တော်တွင် ပေါင်းသင်းနေထိုင်ခဲ့သည့် အိမ်ထောင်သက်တမ်းအတွင်း လက်ထက်ပွားပစ္စည်းတစ်စုံတစ်ရာမျှလည်း ဖြစ်ထွန်းခဲ့ခြင်းမရှိကြောင်း မနှင်းအေးလှိုင်နှင့် အများသိစေရန် ပြန်လည်ဖြေရှင်း ကြေညာအပ်ပါသည်။

မောင်ချမ်းငြိမ်းအောင်၏လွှဲအပ်ချက်အရ-

ဒေါ်နေရည်လင်း
LL.B,D.I.L,D.B.L, Dip in Global English
အထက်တန်းရှေ့နေ(စဉ်-၂၈၇၉၁)
အမှတ်(၁၇၉/၁၈၁)၊ ဒုတိယထပ်၊
ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၃၉၇၃၉၇

ဗုဒ္ဓဂယာမြေမြတ်မဟာ၌ သာသနာရောင်ဝါထွန်းလင်းစေဖို့ သာသနိကအဆောက်အအုံ လှူကြစို့

ဗုဒ္ဓဂယာဒေသသည် ဗုဒ္ဓဘာသာဝင်များအတွက် ကမ္ဘာ့အမြင့်မြတ်ဆုံးမြေနေရာတော်မြတ်ဖြစ်သည်၊ ဘဒ္ဒကမ္ဘာ၏ရှေးဘုရားလေးဆူတို့ သည် ဤနေရာတော်မြတ်၌ပင်ပွင့်ထွန်းတော်မူခဲ့ပြီးနောင်ပွင့်မည့်အရိမေတ္တေယျဘုရားရှင်သည်လည်းဤနေရာတော်မြတ်၌ပင်ပွင့်ထွန်းတော်မူဦးမည်ဖြစ်ပါသည်။ ယခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ကိုးလ်ကတ္တားမြို့၊ဇောမိသုခပရဟိတ မြန်မာကျောင်းဆရာတော်ဒေါက်တာနန္ဒောဘာသ အရှင်မြတ်ဦးဆောင်၍ဤဗုဒ္ဓဂယာမြေမြတ်မဟာ၌ (၃၂၄၀၀) စတုရန်းပေရှိသောမြေကြီးကိုသာသနာ့ဝတ္ထုကမြေအဖြစ်အောင်မြင်စွာဝယ်ယူပြီးဖြစ်ပါသည်။မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများရောက်သာသနာ့ ဒါယကာ၊ဒါယိကာမများကဤဗုဒ္ဓဂယာမဟာဇောမိစေတီတော်ကြီးနှင့် အနီးကပ်ဆုံးမြေကွက်တစ်ခုအားမိမိတို့သဒ္ဓါတတ်စွမ်းသရွေ့စုပေါင်းပါဝင်လှူဒါန်းခဲ့ကြပြီးဖြစ်ပါသည်။ဤထူးခြားမွန်မြတ်လှသောသာသနိကဝတ္ထုကံမြေအလှူရေစက်ချပွဲအခမ်းအနားနှင့်မြေသန့်မင်္ဂလာအခမ်းအနားပွဲတော်ကို(၇-၁၂-၂၀၁၂)သောကြာနေ့တွင်အောင်မြင်စွာပြုလုပ်နိုင်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအခမ်းအနား၌ ပြည်တွင်းပြည်ပသာသနာပြု ကမ္ဘာကျော်ဓမ္မကထိက၊သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိချုပ်ဗုဒ္ဓဂယာမဟာဇောမိပရဟိတ မြန်မာကျောင်းတိုက်၏ဩဝါဒစရိယ ဆရာတော်ဒေါက်တာအရှင်ဉာဏိဿရမထေရ်မြတ်(သီတဂူဆရာတော်ဘုရားကြီး) မှရေစက်ချအနုမောဒနာတရားဟော ချီးကြားတော်မူခဲ့ပါသည်။ (၂၀၁၃) ခုနှစ်ဧပြီလတွင်ဝယ်ယူပြီးစီးပြီးဖြစ်သောအဆိုပါ သာသနာ့မြေကြီးပေါ်၌ ပထမဦးဆုံးသောဇောမိရုက္ခမူလ(၅) ထပ်ကျောင်းဆောင်တော်ကြီးကိုစတင်ဆောက်လုပ်ရန် မြေညီထပ်မှနေ၍ ငါးထပ်ထိစုစုပေါင်း (၁၃၅၀၀) စတုရန်းပေရှိမည်ဖြစ်ပါသည်။စေတနာရှင်များအနေဖြင့် တစ်စတုရန်းတစ်ပေလျှင် မြန်မာငွေ (၂၂၀၀၀) ကျပ်ဖြင့် အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ဆက်သွယ်လှူဒါန်း နိုင်ပါကြောင်းနိဗ္ဗာန် အကျိုးမျှော်၍ တိုက်တွန်း နိုးဆော်အပ်ပါသည်။

အလှူခံဌာနများ

၁။ ဆရာတော် ဒေါက်တာနန္ဒောဘာသ (M.A.,Ph.D)
VisitingProfessor(New Age International University.USA)
မဟာဇောမိပရဟိတမြန်မာကျောင်း (ဗုဒ္ဓဂယာ၌ ယခုဆောက်လုပ်ဆဲယာယီကျောင်း)၊ဗုဒ္ဓဂယာ၊ ဂယာမြို့၊ဗီဟာပြည်နယ်၊ အိန္ဒိယနိုင်ငံ၊ ဖုန်း-၀၀၉၁-၉၈၃၀၀၅၃၉၅၇
,Email-ndbatha@gmail.com, web-www.bmission.net; www.bmission.blogspot.com.

၂။ ဆရာတော်ဒေါက်တာနန္ဒောဘာသကိုယ်စားဆရာတော် ဦးဉာဏဝရာဘိဝံသ ပရိယတ္တိသာသနာဟိတရေဂုဏဝိသိဋ္ဌမဟာဂန္ထဝါစကပဏ္ဍိတသ.စ.သ.အ-မွေ့ာစရိယ၊ခါတ်မီး(ဓမ္မဝိစက)ကျောင်း၊ ဗိုလ်တထောင်ဘုရားကြီးတိုက်ဗိုလ်တထောင်ဘုရားဝင်း ရန်ကုန်၊ ဖုန်း- ၀၁-၂၉၁၈၆၅၊၀၉-၅၀၂၄၆၅၃၊

၃။ ဆရာတော်ဒေါက်တာနန္ဒောဘာသကိုယ်စားဆရာတော် ဦးနန္ဒဝံသ (ဓမ္မဝိစက) ခါတ်မီးကျောင်း။ ဖုန်း-၀၉-၄၉၂၈၀၉၀၆၊၀၉-၄၃၁၆၆၄၅၀၊

၄။ ဒေါ်သီတာ-မဇ္ဈိမဂုဏ်ဗုဒ္ဓဂယာဘုရားဖူးပို့ ဆောင်ရေးအဖွဲ့ (မင်္ဂလာတောင်ညွန့် မြို့နယ်)
ရန်ကုန်-ဖုန်း-၀၁-၂၉၆၄၆၊ ၀၁-၃၉၄၈၈၉၊ ၀၉၅၀၁၃၅၂၂။
မန္တလေး-ဖုန်း-၀၉-၄၂၀၁၀၉၄၊ ၀၉-၄၂၅၀၂၈၁၀၂။

၅။ ဒေါ်တင်တင်ကြည်-ခင်နန္ဒာအပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း
ရန်ကုန် ဖုန်း-၀၁-၆၅၅၅၂၀၊ ၀၉-၅၀၄၂၄၃၉၊
မန္တလေး ဖုန်း-၀၂-၇၅၄၂၇၊ ၀၉-၄၄၄၀၁၂၀၂၆၊

၆။ ဒေါ်ကြည်ကြည်မြင့်-ရွှေမဟာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့။
ရန်ကုန် ဖုန်း-၀၁-၅၁၈၀၉၆၊ ၀၉-၅၁၈၈၃၇၆၊
မန္တလေး ဖုန်း-၀၂-၇၃၆၇၇၊ ၀၉-၄၃၀၇၀၂၉၄၊

၇။ မေသူမောင်- ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့။ (ကမာရွတ်)
ဖုန်း-၀၉-၅၁၉၂၄၄၈၊၀၉-၇၃၂၄၁၆၈၇၊၀၉-၅၀၁၂၄၇၀၊

၈။ သမားတော် ဦးဘိုကြီး(အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ) ဒေါ်သန်းသန်း(သီရိသုဓမ္မသီဂီ)(ပြည်လုံးချမ်းသာဆေးတိုက်)
(ဗဟန်း) ဖုန်း-၀၉-၅၄၁၇၅၃၅၊ ၀၁-၅၄၉၀၄၃၊

၉။ ဦးအောင်သန်း(တာမွေ) ဖုန်း-၀၁-၅၅၇၆၄၉၊ ၀၉-၄၃၀၂၄၀၈၃၊

၁၀။ ဒေါ်ခင်ခင်ဦး (တာမွေ) ဖုန်း-၀၉-၅၀၈၂၄၈၉၊

၁၁။ ကိုရဲထွဋ်စိုး၊ဒေါ်မြမြစိုး (ရန်ကင်း) ဖုန်း-၀၉-၅၀၂၆၅၆၇၊

၁၂။ ဒေါ်မာမာချို (လှိုင်) ဖုန်း-၀၁-၅၂၁၀၄၈၊

၁၃။ ဦးတင်ဦး-ဒေါ်ခင်အေးမူ(ပန်းလှိုင်အိမ်ရာ-စမ်းချောင်း) ဖုန်း-၀၉-၈၆၃၄၁၆၇၊ ၀၉-၅၁၆၆၅၇၈၊

၁၄။ ဦးသန်းအောင်(အောင်ကားအလှနှင့်ကားအပိုပစ္စည်းဆိုင်)
(ကျွန်းတောလမ်း၊စမ်းချောင်း) ဖုန်း-၀၉-၅၀၂၀၂၆၄
(ဝင်းသီတာအောင် ကားအလှဆင်ပစ္စည်းနှင့် မော်တော်ယာဉ်အပိုပစ္စည်းဆိုင်(ဘုရင့်နောင်ဈေးကြီး၊ရန်ကုန်မြို့) ဖုန်း-၀၉-၇၃၁၀၇၄၆၆

၁၅။ ဦးတိုး (ပဲခူး) ဖုန်း-၀၉-၅၃၀၀၆၉၇၊

၁၆။ ဦးစိုးမြင့် (မန္တလေး) ဖုန်း-၀၂-၆၆၉၁၂၊

၁၇။ ဦးအောင်ကြည်လှိုင် (မန္တလေး) ဖုန်း-၀၉-၂၀၆၀၉၃၅၊

၁၈။ ကိုနေဇော်လင်း (မန္တလေး) ဖုန်း-၀၉-၆၅၀၄၄၃၅၊

၁၉။ ဒေါ်ကြည်မြ (မန္တလေး) ဖုန်း-၀၂-၆၁၆၈၆၊

၂၀။ ကိုနေဝင်းမောင် (မန္တလေး) ဖုန်း-၀၉-၆၄၆၃၁၀၄၊

၂၁။ ဒေါက်တာဝင်းအောင်(ဒု-ညွှန်ကြားရေးမှူး)(ငြိမ်း)(မန္တလေး) (နန်းတော် သက်နှင်းတိုက်) ဖုန်း-၀၉-၂၀၀၁၅၀၊ ၀၂-၇၈၇၇၃၊

၂၂။ ဒေါ်ခင်သန်းညွန့်(မိုးမခစတိုး) (မိတ္ထီလာ) ဖုန်း-၀၆၄-၃၅၀၈၃၊

၂၃။ ဒေါ်နွဲ့နွဲ့ဝင်း (မုံရွာ) ဖုန်း-၀၉-၅၁၉၈၀၇၅၊

၂၄။ ဒေါ်သန်းစိန် (ဦးငြိမ်းနှင့်သားများစက်နှင့်စက်ပစ္စည်းရောင်းဝယ်ရေး) (မုံရွာ) ဖုန်း-၀၇၁-၂၁၄၁၃၊

၂၅။ ကိုရှမောင် (မြင်းခြံ) ဖုန်း-၀၉-၂၂၁၆၂၂၀၊

၂၆။ ဒေါ်လှလေး (အောင်လံ) ဖုန်း-၀၉-၅၃၃၀၇၆၉၊

၂၇။ ဒေါ်မြင့်မြင့်ဆွေ (ပြည်) ဖုန်း-၀၅၃-၂၄၂၀၈၊

၂၈။ ဦးကျော်မြင့်-ဒေါ်ရီရီမြင့် (ပခုက္ကူ) ဖုန်း-၀၆၂-၂၁၂၄၃၊

၂၉။ ဦးကျော်မိုး-ဒေါ်သန်းသန်းဆွေ (ပခုက္ကူ) ဖုန်း-၀၉-၂၃၀၁၃၃၀၊

၃၀။ ဦးစံကုလား-ဒေါ်မိုးမိုး(ကျောက်ပန်းတောင်း) ဖုန်း-၀၆၁-၅၀၇၃၀၊

၃၁။ ကိုညီညီလွင်(ဗီတောက်ဝါ လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး) (ပြင်ဦးလွင်) ဖုန်း-၀၉-၂၀၄၅၅၀၁၊

၃၂။ ဒေါ်စိုးစိုးနိုင်(စာပန်းအိမ်)(ပြင်ဦးလွင်) ဖုန်း-၀၉-၄၇၁၂၉၅၉၇၊

၃၃။ ဦးဇော်ထွန်း-ဒေါ်မိုးမိုးနိုင်(နေပြည်တော်) ဖုန်း-၀၉-၄၃၀၃၇၂၉၃၊

၃၄။ ဒေါ်အေးမာလာလွင် (နေပြည်တော်) ဖုန်း-၀၉-၄၉၂၉၉၆၅၅၊

၃၅။ ဦးမောင်အိုက် (မုဆယ်) ဖုန်း-၀၉-၅၂၃၀၇၇၃၊

၃၆။ မနန်းထွေးခမ်း (မုဆယ်) ဖုန်း-၀၉-၄၀၃၇၁၂၆၇၅၀၈၂-၅၂၈၁၁

၃၇။ ဦးဝင်းလွင်(ရွှေသံလွင် ဧည့်ရိပ်မွန်)(ပုသိမ်) ဖုန်း-၀၄၂-၂၂၉၅၄၊

၃၈။ ဒေါ်မြထွေး (ပုသိမ်) ဖုန်း-၀၉-၄၉၇၁၆၆၀၈၊

၃၉။ မခင်သိန်းဌေး(ခ)မငယ်(စိန်ဆေးဆိုင်)(မော်လမြိုင်) ဖုန်း-၀၉-၈၇၀၁၆၈၂၊ ၀၅၇-၂၄၃၆၈၊ ၀၅၇-၂၆၁၆၆၊လိုင်းခွဲ ၁၁၅၁၊

၄၀။ ဦးဂျာနီး+ဒေါ်ဥမ္မာမောင်(ဂျာနီးဆေးဆိုင်)M.O.M(ကချင်ပြည်နယ်၊မိုးကောင်းမြို့နယ်) ဖုန်း-၀၉-၄၇၀၂၄၆၂၅၊၀၇၄-၄၀၅၂၂

၄၁။ ဦးစငွေသွင် အမှတ်(၇)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး(ဘားအံ) ဖုန်း-၀၉-၄၂၅၀၅၀၉၉၅

၄၂။ ဒေါ်စန်းစန်းမြင့်(သန့်စင်စတိုး) (အင်းစိန်) ဖုန်း-၀၁-၆၄၂၅၅၂၊

မြေအလှူရေစက်ချအနုမောဒနာတရားပွဲတွင်သီတဂူဆရာတော်ဘုရားကြီးဟောကြားတော်မူခဲ့သောသာသနာတော်တွင်ကောင်းမှုများဖြစ်ပေါ်လာရခြင်းအကြောင်းများ တရားတော်အခွေကို မဇ္ဈိမဂုဏ် ဗုဒ္ဓဂယာဘုရားဖူးပို့ ဆောင်ရေးအဖွဲ့ မှဓမ္မဒါနလှူဒါန်းမည်ဖြစ်ပါသောကြောင့်အလှူခံဌာနများတွင်ရယူပူဇော်နိုင်ပါသည်။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၅၄၆၉၉၊ ဟွန်ဒါဒရင်း(စ်) ND 125 M ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နွယ်ဦး ၁၀/ရမန(နိုင်)၁၅၅၄၁၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၂)၊ မြေကွက်အမှတ် ၁၂၁၇၊ အမည်ပေါက် ဒေါ်သက်သက်မူ ၁၂/ကတန(နိုင်)၀၄၅၉၉၇ ၏ မြေကွက်အား လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးကျော်ကျော်ခင် ၁၂/လမန(နိုင်)၀၀၁၉၆၆က မြေကွက်စလစ်မူရင်းနှင့်ငွေသွင်းချလန်မူရင်းတင်ပြ၍ မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာ တင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးပါရန် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကန်တော်မွန်အိမ်ရာစီမံကိန်း တိုက်အမှတ်(၄) အခန်းအမှတ် ၃၀၁ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးစံသိန်းထံမှ ဦးအော်လွင်ထွန်းအေးက တရားဝင်စာချုပ်စာတမ်းဖြင့် ဝယ်ယူပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မလိခအိမ်ရာရှိ တိုက်အမှတ် ၂၂ အခန်းအမှတ် ၂၂ ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်ထင်လင်းထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်အေးအေးသိန်း TGKN-၀၃၇၆၂၁က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်းကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)ရှိ တက္ကသိုလ်များတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	လုပ်ငန်းအမည်
၁	မြိတ်တက္ကသိုလ်၊ ပါမောက္ခနေအိမ်သုံးလုံး၊ (၅၀'၉''×၃၅')တစ်ထပ် RCC တည်ဆောက်ခြင်း
၂	မြိတ်တက္ကသိုလ်၊ ရှစ်ခန်းတွဲ(နှစ်ထပ်) RCC ဝန်ထမ်းနေအိမ်တစ်လုံး (၁၀၀'×၃၅') တည်ဆောက်ခြင်း
၃	ထားဝယ်တက္ကသိုလ်၊ နှစ်ခန်းတွဲနေအိမ်အမှတ်(၄၊၅)၊ (၄၀'×၃၂')တစ်ထပ် RCC နှစ်လုံး တည်ဆောက်ခြင်း
၄	ထားဝယ်တက္ကသိုလ်၊ ရွှေဝယ်သီရိလမ်းမကြီးအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် ရေပိုက်ကတ္တရာလောင်းခြင်း (၂၉၄၀')
၅	ထားဝယ်တက္ကသိုလ်၊ ရှစ်ခန်းတွဲနှစ်ထပ် RCC ဆရာ ဆရာမများ အိမ်ရာ(၈၀'×၂၅'×၂၂') တည်ဆောက်ခြင်း (ရေ၊ မီးအပါအဝင်)
၆	ထားဝယ်တက္ကသိုလ်၊ မိုးလုံလေလုံအားကစားရုံ (၁၂၅'×၁၁၇'×၃၅')အကြီးစား မွမ်းမံ ပြင်ဆင်ခြင်း
၇	ပဲခူးတက္ကသိုလ်၊ မိုးလုံလေလုံအားကစားခန်းမ(၁၂၀'×၉၀'×၂၉')တစ်လုံးတည်ဆောက်ခြင်း
၈	ပဲခူးတက္ကသိုလ်၊ ကျောင်းသား ကျောင်းသူနားနေခန်း(၄၄'×၄၄') RCC တည်ဆောက်ခြင်း နှစ်လုံး
၉	ပဲခူးတက္ကသိုလ်၊ လေးခန်းတွဲ(၂၀'×၁၂')သန့်စင်ခန်းနှစ်လုံး တည်ဆောက်ခြင်း
၁၀	ပဲခူးတက္ကသိုလ်၊ ရှင်စောပုဆောင်(၁) နှစ်ထပ် RCC စာသင်ဆောင်(၁၁၂'×၃၅')ပြုပြင်ခြင်း
၁၁	ပဲခူးတက္ကသိုလ်၊ ရှင်စောပုဆောင်(၂) တစ်ထပ်စာသင်ဆောင်(၈၅'×၃၂')ပြုပြင်ခြင်း
၁၂	ပဲခူးတက္ကသိုလ်၊ ရှင်စောပုဆောင်(၃) တစ်ထပ်စာသင်ဆောင်(၈၅'×၃၂')ပြုပြင်ခြင်း
၁၃	ပဲခူးတက္ကသိုလ်၊ Chain Link ခြံစည်းရိုးကာရံခြင်း (၃၅၅၃')
၁၄	ပဲခူးတက္ကသိုလ်၊ စာကြည့်တိုက်ဆက်လက်ဆောက်လုပ်ခြင်း သုံးထပ် RCC (၃၀၀'×၄၀')
၁၅	တောင်ငူတက္ကသိုလ်၊ ပင်မဆောင်(၂၅၆'×၂၄၆')သုံးထပ် RCC တစ်လုံးတည်ဆောက်ခြင်း
၁၆	တောင်ငူတက္ကသိုလ်၊ မိုးလုံလေလုံအားကစားရုံ(၁၂၀'×၉၀'×၂၉')တစ်လုံး ရေ၊ မီးအပါအဝင်
၁၇	ပြည်တက္ကသိုလ်၊ ခြောက်ခန်းတွဲအိမ်ရာ၊ အုတ်တိုက်၊ တစ်ထပ်နှစ်လုံး (၃၀'×၆၀') တည်ဆောက်ခြင်း
၁၈	ပြည်တက္ကသိုလ်၊ မိုးလုံလေလုံအားကစားရုံ(၁၂၀'×၉၀'×၂၉')တစ်လုံး ရေ၊ မီးအပါအဝင်
၁၉	မော်လမြိုင်တက္ကသိုလ်၊ စားသောက်ဆိုင်အဆောက်အအုံ (၁၁၀'၆''×၅၀')တစ်လုံးတည်ဆောက်ခြင်း
၂၀	ရန်ကုန်တက္ကသိုလ်၊ သိပ္ပံဆောင်နှစ်ထပ်အကြီးစားပြုပြင်မွမ်းမံခြင်း (၂၂၁၀'×၄၂')ရေမီး အပါအဝင်
၂၁	ရန်ကုန်တက္ကသိုလ်၊ ဝိဇ္ဇာဆောင်နှစ်ထပ်အကြီးစားပြုပြင်မွမ်းမံခြင်း(၂၂၁၀'×၄၂')ရေ၊ မီး အပါအဝင်
၂၂	ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ မိုးလုံလေလုံအားကစားရုံ (၉၀'×၁၂၀'×၂၉')တစ်လုံး
၂၃	ရန်ကုန်ပညာရေးတက္ကသိုလ်၊ ဘက်စုံသုံး (Multimedia Learning Hub Building) နှစ်ထပ်ဆောင် RCC (၁၀၀'×၁၂၀')ဆောက်လုပ်ခြင်း (ရေ၊မီး အပါအဝင်)
၂၄	ရန်ကုန်ပညာရေးတက္ကသိုလ်၊ ဂိတ်(၁)အဝင်လမ်း (၁၉၅'×၂၆')၊ပင်မဆောင်ရှေ့လမ်း (၁၁၆၆'×၂၄')၊ အလယ်လမ်း(၈၅၀'×၂၃')၊ သုတေသနလမ်း (၆၅၄'×၁၆')နိုင်လွန်ကတ္တရာလမ်းခင်းခြင်း
၂၅	ဒဂုံတက္ကသိုလ်၊ အခန်း(၄၀)ပါ လေးထပ်စာကြည့်တိုက် E Shape သံကူကွန်ကရစ်တစ်လုံး ဆောက်လုပ်ခြင်း (၂၀၀'×၁၀၀')
၂၆	ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ Thecentre of excellence in Myanmar Language for Foreigner အဆောက်အအုံ RCC လေးထပ်တည်ဆောက်ခြင်း (ရေ၊ မီး အပါအဝင်)
၂၇	ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ လေးခန်းတွဲဝန်ထမ်းအိမ်ရာတစ်လုံး (၁၀၀'×၃၀') အုတ်တိုက် တည်ဆောက်ခြင်း (ရေ၊ မီးအပါအဝင်)
၂၈	ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ မိုးလုံလေလုံအားကစားရုံ(၁၂၀'×၉၀'×၂၉')တစ်လုံး ရေ၊ မီးအပါအဝင်
၂၉	ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ(၈၈'×၃၀')နှစ်လုံးတည်ဆောက်ခြင်း
၃၀	ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ခြောက်ခန်းတွဲဝန်ထမ်းအိမ်ရာတစ်လုံးတည်ဆောက်ခြင်း(အုတ်တိုက်)
၃၁	ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ သုံးထပ်စာသင်ဆောင်တစ်လုံး တည်ဆောက်ခြင်း (၁၈၈'×၄၈')
၃၂	ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မိုးလုံလေလုံအားကစားရုံ (၁၇၂'×၁၂၀') တစ်လုံး တည်ဆောက်ခြင်း
